# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957


**ကောင်းမှုကိုပြုလုပ်ဆည်းပူး**

အနည်းငယ်သောကောင်းမှုသည် ငါ့အား အကျိုးရောက်လိမ့်မည်မဟုတ်ဟု မထီမဲ့မြင် မအောက်မေ့ရာ။ မိုးရေပေါက်သည် ကျဖန်များလတ်သော် ရေအိုးသည် ပြည့်ဘိသကဲ့သို့ ပညာရှိသည် အနည်းငယ်၊ အနည်းငယ်မျှသော ကောင်းမှုကို ပြုလုပ်ဆည်းပူးဖန်များလတ်သော် ကောင်းမှုဖြင့်ပြည့်၏။

ပါပဝဂ်(ဓမ္မပဒ-၁၂၂)


၁၃၇၉ ခုနှစ် နယုန်လပြည့်ကျော် ၅ ရက် ဗုဒ္ဓဟူးနေ့။ Wednesday, 14 June 2017 (၈၉၅၅)




# နိုင်ငံတော်သမ္မတ ဦးထင်ကျော် ဩစတြီးယားသံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇွန် ၁၃**

တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် ဗန်ကောက်မြို့အခြေစိုက် ဩစတြီးယားနိုင်ငံသံရုံးမှ မြန်မာနိုင်ငံဆိုင်ရာ ဩစတြီးယားနိုင်ငံ သံအမတ်ကြီး H.E. Mr. Enno Drofenik အား နိုင်ငံတော်သမ္မတ ဦးထင်ကျော်သည် ယနေ့ ညနေ ၃ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။**(ဓါတ်ပုံ)**

အဆိုပါ တွေ့ဆုံပွဲသို့ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်တင်၊ နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးကျော်ဇေယျ၊ နိုင်ငံတော်သမ္မတရုံး ညွှန်ကြားရေးမှူးချုပ် ဦးခင်လတ်၊ မြန်မာနိုင်ငံဆိုင်ရာ ဩစတြီးယားနိုင်ငံ ဂုဏ်ထူးဆောင်ကောင်စစ်ဝန် ဦးအောင်သန်းဌေးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

# အမျိုးသားပြန်လည်သင့်မြတ်ရေးနဲ့ ငြိမ်းချမ်းရေးကို အကောင်အထည်ဖော်ရင်း စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကိုပါ ဆောင်ရွက်လျက်ရှိ

## နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဆွီဒင်လွှတ်တော်၌ မိန့်ခွန်းပြောကြား

**စတော့ဟုမ်း ဇွန် ၁၃**

ဆွီဒင်နိုင်ငံ စတော့ဟုမ်းမြို့၌ ရောက်ရှိနေသည့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ဇွန် ၁၃ ရက် နံနက်ပိုင်းတွင် ဆွီဒင်လွှတ်တော်၌ လွှတ်တော်ကိုယ်စားလှယ်များအား မိန့်ခွန်းပြောကြားခဲ့သည်။

ဒေသစံတော်ချိန် နံနက် ၁၀ နာရီတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ဆွီဒင်လွှတ်တော်သို့ရောက်ရှိရာ လွှတ်တော်ဥက္ကဋ္ဌ မစ္စတာ အော်ရိဘန် အာလင်းနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်အား ဆွီဒင်လွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်၌ မိန့်ခွန်းပြောကြားရန် ဖိတ်ခေါ်သည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က မိန့်ခွန်းပြောကြားရာတွင် ၂၀၁၆ ခုနှစ် မတ်လမှာ ကျွန်မတို့အစိုးရအနေနဲ့ နိုင်ငံတော်တာဝန်ယူပြီး နောက်ပိုင်း အမျိုးသားပြန်လည်သင့်မြတ်ရေးနဲ့ ငြိမ်းချမ်းရေးကို အကောင်အထည်ဖော်နေရင်းနဲ့ စဉ်ဆက်မပြတ် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကိုပါ ဆောင်ရွက်လျက်ရှိပါတယ်။ ဒီမိုကရေစီ မရင့်ကျက်သေးတဲ့အပြင် လူမျိုးပေါင်းစုံနေထိုင်တဲ့ မြန်မာနိုင်ငံအတွင်း လုပ်ဆောင်ရတဲ့ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဟာ ရှုပ်ထွေးပြီး စိန်ခေါ်မှုများစွာနဲ့ ပြည့်နှက်နေပါတယ်။

အမြစ်တွယ်ခဲ့ပြီဖြစ်တဲ့ ပဋိပက္ခတွေကိုဖြေရှင်းရာမှာ အပြန်အလှန်ယုံကြည်မှုနဲ့ လေးစားမှုကို မဖြစ်မနေတည်ဆောက်ရမှာဖြစ်ပါတယ်။ ကျွန်မတို့အစိုးရရည်မှန်းချက်က ပြည်သူတွေအားလုံးလုံခြုံမှု၊ လွတ်လပ်မှုနဲ့ ဖွံ့ဖြိုးတိုးတက်မှုကို အာမခံချက်ပေးနိုင်မယ့် တည်ငြိမ်တဲ့ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကို ဖော်ဆောင်ဖို့ပဲဖြစ်ပါတယ်။

**စာမျက်နှာ ၃ ကော်လံ ၁ သို့** ❐



ဆွီဒင်လွှတ်တော်၌ လွှတ်တော်ကိုယ်စားလှယ်များကို နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မိန့်ခွန်းပြောကြားစဉ်။




ပြည်တွင်းရေးရာ

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ဆွီဒင်နိုင်ငံဝန်ကြီးချုပ် မစ္စတာစတီဖန်လိုဗန်တို့ တွေ့ဆုံဆွေးနွေး

**စတော့ဟုမ်း ဇွန် ၁၃**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ဆွီဒင်နိုင်ငံဝန်ကြီးချုပ် မစ္စတာစတီဖန်လိုဗန်တို့သည် ဇွန် ၁၂ ရက် ဒေသစံတော်ချိန် မွန်းလွဲ ၁ နာရီတွင် စတော့ဟုမ်းမြို့ရှိ ဆွီဒင်နိုင်ငံဝန်ကြီးချုပ်ရုံး၌ တွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံရာတွင် နှစ်နိုင်ငံဆက်ဆံရေး တိုးမြှင့်ရေး၊ အသွင်ကူးပြောင်းဆဲကာလတွင် မြန်မာနိုင်ငံ၏ စိန်ခေါ်မှုများကို ကျော်လွှားနိုင်ရန်အတွက် ဆွီဒင်နိုင်ငံမှ ဆက်လက် ကူညီပံ့ပိုးပေးရေး၊ မြန်မာနိုင်ငံ၏ အမျိုးသား ပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၊ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး၊ ဆွီဒင်နိုင်ငံမှ ချမှတ်အကောင်အထည်ဖော်မည့် မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေး မဟာဗျူဟာမူဘောင်သစ်အောက်တွင် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ရေး၊ စိုက်ပျိုးရေးကဏ္ဍတွင် အဆင့်မြင့်နည်းပညာများ ဖလှယ်ရေးနှင့် ဈေးကွက်ဖန်တီးပေးရေး၊ ကုန်သွယ်ရေး၊ ပညာရေးနှင့် သယ်ယူပို့ဆောင်ရေးကဏ္ဍများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်ရေးတို့ကို အလေးထား ဆွေးနွေးကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ဆွီဒင်နိုင်ငံဝန်ကြီးချုပ်တို့သည် သတင်းမီဒီယာများနှင့်တွေ့ဆုံ၍ နှစ်နိုင်ငံ တွေ့ဆုံဆွေးနွေးမှုရလဒ်များကို ရှင်းလင်းပြောကြားကြပြီး သတင်းမီဒီယာများ၏ သိရှိလိုသည်များကို ပြန်လည်ရှင်းလင်း ဖြေကြားခဲ့သည်။

ဒေသစံတော်ချိန် ညနေ ၄ နာရီ ၄၅ မိနစ်တွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ဆွီဒင်နိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီး Mrs. Isabella Lovin တို့သည် ဆွီဒင်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန၌ တွေ့ဆုံ၍ မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေး မဟာဗျူဟာ မူဘောင်အောက်တွင် ပူးပေါင်းဆောင်ရွက်နိုင်မည့် နယ်ပယ်များနှင့် သတင်းမီဒီယာ ပိုမိုလွတ်လပ်ရေးတို့ကို ဆွေးနွေးကြသည်။

ဆက်လက်၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ဆွီဒင်နိုင်ငံ ကုန်သွယ်ရေး ဒုတိယဝန်ကြီး Mr.Oscar Stenstrom နှင့် ဆွီဒင်စီးပွားရေးကုမ္ပဏီများဖြစ်ကြသည့် H&M, Ericsson, Scania တို့မှ ကိုယ်စားလှယ်များအား တွေ့ဆုံ၍ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ရေးနှင့်စပ်လျဉ်း၍ ဆွေးနွေးသည်။



**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် Olof Palme International Prize 2015 ဆုလက်ခံရယူစဉ်။** (သတင်းစဉ်)

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ဥရောပသမဂ္ဂရေးရာနှင့် ကုန်သွယ်ရေးဝန်ကြီး Mrs. Ann Linde နှင့် တွေ့ဆုံ၍ အလုပ်သမား အခွင့်အရေး၊ အလုပ်ရှင်၊ အလုပ်သမားဆက်ဆံရေး၊ စိုက်ပျိုးရေးထုတ်ကုန်များ ဈေးကွက်ရရှိရေးနှင့် အများပြည်သူသယ်ယူပို့ဆောင်ရေးစနစ်များတွင် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးကိစ္စရပ်များကို ဆွေးနွေးသည်။

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် Olof Palme International Prize 2015 ဆုချီးမြှင့်ပွဲသို့ တက်ရောက်၍ ဆုလက်ခံရယူသည်။

အခမ်းအနားတွင် ဆွီဒင်နိုင်ငံ ဥရောပသမဂ္ဂရေးရာနှင့် ကုန်သွယ်ရေးဝန်ကြီးက ဂုဏ်ပြုစကားပြောကြားပြီး Olof Palme International Prize အဖွဲ့ဥက္ကဋ္ဌ Mr.Pierre Schori က ဆုချီးမြှင့်ရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်အား Olof Palme International Prize အဖွဲ့ဥက္ကဋ္ဌက ဆုချီးမြှင့်ပေးအပ်ပြီး နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ကျေးဇူးတင်စကား ပြောကြားသည်။

ညပိုင်းတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် မြန်မာကိုယ်စားလှယ်အဖွဲ့အား ဆွီဒင်နိုင်ငံ ဥရောပသမဂ္ဂရေးရာနှင့် ကုန်သွယ်ရေးဝန်ကြီးက ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ဆွီဒင်နိုင်ငံရောက် မြန်မာနိုင်ငံသားများနှင့် ဒေသစံတော်ချိန် မွန်းလွဲ ၂ နာရီခွဲက ခေတ္တတည်းခိုသည့် ဂရမ်းဟိုတယ်၌တွေ့ဆုံ၍ မြန်မာနိုင်ငံ၏ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေမှုများကို အကျယ်တဝင့် ရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသူများ၏ သိရှိလိုသည်များကို ပြန်လည်ရှင်းလင်းဖြေကြားသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် တွေ့ဆုံပွဲသို့ တက်ရောက်လာကြသည့် မြန်မာနိုင်ငံသားများနှင့် မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။ **(သတင်းစဉ်)**



**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ဆွီဒင်နိုင်ငံဝန်ကြီးချုပ်တို့ သတင်းမီဒီယာများအား ရှင်းလင်းဖြေကြားစဉ်။** (သတင်းစဉ်)

**❒ ရှေ့ဖုံးမှ**

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံ (ပထမအစည်းအဝေး)ကို ၂၀၁၆ ခုနှစ် ဩဂုတ်လမှာ ကျင်းပခဲ့ပြီး လွန်ခဲ့တဲ့သီတင်းသုံးပတ်အတွင်းက ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံ (ဒုတိယအစည်းအဝေး) ကိုအောင်မြင်စွာ ကျင်းပနိုင်ခဲ့ပါတယ်။

ဒုတိယအစည်းအဝေးမှာ နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေး၊ သဘာဝပတ်ဝန်းကျင်နဲ့ မြေယာမူဝါဒများ ပါဝင်တဲ့ ပြည်ထောင်စုငြိမ်းချမ်းရေးသဘောတူညီချက်တစ်ရပ်ကို လက်မှတ်ရေးထိုးနိုင်ခဲ့ပါတယ်။ ဒါဟာ ငြိမ်းချမ်းရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနဲ့ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုတစ်ရပ် ပေါ်ထွန်းရေးအတွက် သိသာထင်ရှားတဲ့ ခြေလှမ်းတစ်ရပ်ပဲဖြစ်ပါတယ်။ ထို့အတူပဲ လုပ်ဆောင်စရာများစွာ ကျန်နေသေးသလို ဆယ်စုနှစ်ချီကြာခဲ့တဲ့ ပဋိပက္ခကိုအဆုံးသတ်ရာမှာ အခက်အခဲများစွာ ရှိမှာကိုလည်း ကျွန်မတို့အသိအမှတ်ပြုရမှာ ဖြစ်ပါတယ်။

ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၊ ပြည်သူများစည်းလုံးညီညွတ်ရေးနဲ့ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ချက်ရဲ့ သဘောသဘာဝက ဘက်စုံထောင့်စုံ ဆောင်ရွက်ရတဲ့ လုပ်ငန်းဖြစ်ပါတယ်။ နိုင်ငံရေး၊ စီးပွားရေးနဲ့ လူမှုရေးဒုက္ခသုက္ခတွေ ပြည့်နေတဲ့ နိုင်ငံတစ်နိုင်ငံရဲ့ အရေး ဖော်ဆောင်ရာမှာ သတိကြီးစွာဆောင်ရွက်ရတာဖြစ်တဲ့အတွက် လုံလောက်တဲ့အချိန်နဲ့နေရာလိုအပ်တာမို့ ကျွန်မတို့အနေနဲ့ အမြန်ဆုံးလမ်းကို တွေ့ရှိချင်ပါတယ်။

ရခိုင်ပြည်နယ်အတွင်း ငြိမ်းချမ်းရေးနဲ့ သဟဇာတဖြစ်ရေးဖော်ဆောင်ခြင်းဟာ ကျွန်မတို့ရဲ့ စိန်ခေါ်မှုများထဲက တစ်ခုဖြစ်ပါတယ်။ သည်းခံမှုနဲ့ ချစ်ကြည်ရင်းနှီးမှုကို တည်ဆောက်ရင်း စစ်မှန်တဲ့ ဒီမိုကရေစီစနစ်ကသာ အာမခံချက်ပေးနိုင်တဲ့ အခွင့်အရေးများ အပြည့်အဝကာကွယ်ဖို့နဲ့ ယင်းဒေသအတွင်း တင်းမာမှုများ လျော့ကျစေမယ့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးကို မလွဲမသွေ ဆောင်ရွက်ရမှာဖြစ်ပါတယ်။

ကျွန်မတို့အနေနဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေးနဲ့ စည်းလုံးညီညွတ်ရေးကို မရရှိနိုင်သေးသရွေ့ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်တဲ့ လူ့အဖွဲ့အစည်းတစ်ရပ် မထူထောင်နိုင်ပါဘူး။ ငြိမ်းချမ်းရေးနဲ့ တည်ငြိမ်ရေးကသာ ပြည်သူတွေရဲ့ စွမ်းဆောင်ရည်ကို ဖြည့်စွမ်းပေးနိုင်မှာ ဖြစ်ပါတယ်။ ဒီမိုကရေစီနဲ့ ငြိမ်းချမ်းရေးကြိုးပမ်းမှုဟာ ဆုံးခန်းမတိုင်သေးပါဘူး။ မလွယ်မှန်းသိပေမယ့် ဒါဟာပြည်သူတွေအတွက် မရှိမဖြစ်လုပ်ဆောင်ရမယ့် လုပ်ဆောင်ချက်တစ်ရပ်ဖြစ်ပါတယ်။ မတူညီတဲ့လူမျိုးစုတွေကြား စည်းလုံးညီညွတ်မှုဖော်ဆောင်ရင်း ထိုခရီးလမ်းအပေါ် ဆက်လျှောက်နေဆဲဖြစ်ပါတယ်။

ဒီမိုကရေစီဖော်ဆောင်တဲ့နှစ်များအတွင်း **“မြန်မာနိုင်ငံမှာ ဒီမိုကရေစီဘယ်တော့ရမှာလဲ”** လို့ မကြာခဏအမေးခံခဲ့ရပါတယ်။ ကျွန်မရဲ့အဖြေကတော့ **“ဒီမိုကရေစီရရှိဖို့ ရှင်တို့ဘယ်လောက်ကြိုးစားခဲ့သလဲဆိုတာ ကိုယ့်ကိုယ်ကိုယ်ပြန်မေးပါ။ ရှင်တို့ပိုကြိုးစားလေ။ ဒီမိုကရေစီရဖို့ ပိုမြန်လေ”** လို့ ကျွန်မပြန်ဖြေခဲ့ပါတယ်။ အခုလည်းပဲ **“ငြိမ်းချမ်းရေးဘယ်တော့ရမလဲ”**လို့ ကျွန်မကိုမေးလာကြတဲ့အခါ **“ငြိမ်းချမ်းရေးရရှိဖို့ ရှင်တို့ဘယ်လောက်ကြိုးပမ်းခဲ့သလဲဆိုတာ ကိုယ့်ကိုယ်ကိုယ်ပြန်မေးကြည့်ပါ။ ကိုယ့်ဟာကိုယ်အဖြေရလာပါလိမ့်မယ်”**လို့ ကျွန်မပြန်ဖြေခဲ့ပါတယ်။

အချို့သောသူတွေမေးလေ့ရှိတာက **“ငြိမ်းချမ်းရေးနဲ့ သဟဇာတဖြစ်ရေးမှာ ကျွန်တော်တို့ ဘာလုပ်ဆောင်ပေးနိုင်မလဲ”**ဆိုတဲ့ မေးခွန်းပါ။ အဲဒီမေးခွန်းမေးတဲ့သူတွေကို ကျွန်မအလွန်ကျေးဇူးတင်ပါတယ်။ ကျွန်မတို့အစိုးရလက်ထက်မှာ ငြိမ်းချမ်းရေးဖော်ဆောင်နိုင်မယ်လို့ သူတို့ယုံကြည်တာဟာ ကျွန်မတို့အတွက် အားတစ်ရပ်ပါပဲ။ စည်းစည်းလုံးလုံးနဲ့ လက်တွဲလုပ်ဆောင်မယ်ဆိုရင် ကျွန်မတို့ရဲ့ ရည်မှန်းချက်ကို အမှန်တကယ် အကောင်အထည်ဖော်နိုင်လိမ့်မယ်လို့ ကျွန်မပြောချင်ပါတယ်ဟု ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်အား ဆွီဒင်လွှတ်တော် ဥက္ကဋ္ဌက ဂုဏ်ပြုနေ့လယ်စာ စားပွဲဖြင့် တည့်ခင်းဧည့်ခံသည်။

နံနက်ပိုင်းက နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် စတော့ဟုမ်းမြို့ရှိ နိုဘယ်လ်ပြတိုက်သို့ သွားရောက်ကြည့်ရှုလေ့လာပြီး ၁၉၉၁ ခုနှစ်တွင် နိုဘယ်လ်ဆုရရှိခဲ့ကြောင်း အသိအမှတ်ပြုမှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးခဲ့သည်။ **(သတင်းစဉ်)**



# သမ္မတ ဒေါ်နယ်ထရန့် ဦးဆောင်သော အစိုးရအဖွဲ့ စုံညီအစည်းအဝေးကျင်းပ

**ဝါရှင်တန် ဇွန် ၁၃**

အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်သည် သူ၏ အစိုးရအဖွဲ့ဝင်အားလုံးနှင့် ပထမဆုံးအကြိမ် စုံညီအစည်းအဝေးတစ်ရပ် ခေါ်ယူကျင်းပခဲ့ကြောင်း ယနေ့ သတင်းများအရ သိရသည်။

အစည်းအဝေးပွဲတွင် သမ္မတ ဒေါ်နယ်ထရန့်က သူ၏ ရာထူးတာဝန်များ စတင်ထမ်းရွက်သည့်အချိန်မှစပြီး ယခုအချိန် ငါးလကြာကာလအတွင်း ၎င်း၏ အစိုးရအဖွဲ့ လုပ်ဆောင်ခဲ့သော နိုင်ငံအကျိုးပြုလုပ်ငန်းများနှင့်ပတ်သက်ပြီး ရှင်းလင်းပြောကြားခဲ့သည်။

နိုင်ငံအကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ရာတွင် အတိုက်အခံပါတီဖြစ်သည့် ဒီမိုကရက်များကြောင့် ၎င်း၏ အစိုးရအဖွဲ့ ဖွဲ့စည်းခြင်းအပေါ် ဆီးနိတ်လွှတ်တော်၏ အတည်ပြုခြင်း နှောင့်နှေးကြန့်ကြာခဲ့ရသည်ဟု အလေးပေးပြောကြားကာ ဒီမိုကရက်ပါတီကို ပြစ်တင်ခဲ့သည်။

သူ၏လက်ထက်တွင် နိုင်ငံအတွင်း အလုပ်အကိုင်များပေါများလာခြင်းနှင့် အကြမ်းဖက်မှု လုပ်ရပ်များကို ပြင်းထန်စွာ ချေမှုန်းနိုင်ခြင်းတို့အတွက် သမ္မတ ဒေါ်နယ်ထရန့်က ဂုဏ်ယူကြောင်း ဆိုသည်။ မည်သည့်အစိုးရလက်ထက်တွင်မျှ လုပ်ဆောင်ခဲ့ဖူးခြင်းမရှိသည့် လုပ်ရပ်တစ်ခုအဖြစ် ၎င်း၏ အစိုးရအဖွဲ့ဝင် ၂၀ ကျော်၏ လုပ်ဆောင်ချက်များကို မျက်ခြည်မပြတ် စောင့်ကြည့်ပေးပါရန် သမ္မတထရန့်က မီဒီယာများကို တိုက်တွန်း ပြောကြားခဲ့သည်။

အမေရိကန်၏ ကုန်သွယ်ရေးကဏ္ဍတွင် ဘဏ္ဍာရေးလိုငွေပြမှုကို အချိန်မီ ပြန်လည်ဖြည့်တင်းပေးခဲ့သည့်အတွက် စီးပွားရေးဝန်ကြီး ဝီဘာရိုစ်က သမ္မတ ထရန့်အား ကျေးဇူးတင်စကား ပြောကြားခဲ့သည်။

အမေရိကန်ပြည်သူ အများအပြားက သမ္မတ ဒေါ်နယ်ထရန့်၏ ခေါင်းဆောင်မှု အရည်အချင်းပြည့်ဝမှုအပေါ် ချီးကျူးထောမနာပြုခဲ့ကြသည်။

ဇွန် ၁၂ ရက်တွင် ကျင်းပသည့် အမေရိကန်သမ္မတ ဒေါ်နယ်ထရန့် ဦးဆောင်သည့် အစိုးရအဖွဲ့ဝင်များ အစည်းအဝေးကို သမ္မတ ရွေးကောက်ပွဲ မဲဆွယ်စည်းရုံးရေးကာလအတွင်း ရုရှားနိုင်ငံ ပါဝင်ပတ်သက်မှု ရှိ မရှိကို စုံစမ်းစစ်ဆေးနေစဉ်အတွင်းသာမက အိမ်ဖြူတော်တွင် အစိုးရအဖွဲ့ဝင်အချင်းချင်း စိတ်ဝမ်းကွဲပြားမှုများ ရှိနေစဉ်ကာလအတွင်း ကျင်းပခဲ့ခြင်းဖြစ်သည်။

**အင်န်အိတ်ချ်ကေ။**

# ဆော်ဒီအာရေဗျက နိုင်ငံတွင်းရှိ စစ်သွေးကြွများအား ထောက်ပံ့နေဟု အီရန်နိုင်ငံခြားရေးဝန်ကြီး ပြောကြား

**အော်စလို ဇွန် ၁၃**

အီရန်နိုင်ငံ တီဟီရန်မြို့၌ဖြစ်ပွားခဲ့သော တိုက်ခိုက်မှုများကို ၎င်းတို့လုပ်ဆောင်ခဲ့ကြောင်း သဘောထားတင်းမာသည့် ဆွန်နီစစ်သွေးကြွအိုင်အက်စ်အဖွဲ့က ကြေညာခဲ့ပြီး ရက်အတန်ကြာတွင် အီရန်နိုင်ငံတွင်းရှိ စစ်သွေးကြွများအား ဆော်ဒီအာရေဗျနိုင်ငံက ထောက်ပံ့မှုများ ပြုလုပ်နေကြောင်း အီရန်နိုင်ငံခြားရေးဝန်ကြီး မိုဟာမက် ဂျာဗက်ဇရစ်ဖ်က ဇွန် ၁၃ ရက်တွင် စွပ်စွဲပြောကြားသည်။

အိမ်နီးချင်းနိုင်ငံများဖြစ်ကြသည့် အီရန်နှင့် ဆော်ဒီအာရေဗျ နှစ်နိုင်ငံအကြားတွင် လွန်ခဲ့သည့် နှစ်အတွင်းက တင်းမာမှုများ မြင့်မားလာခဲ့သည်။

လွန်ခဲ့သည့် ရက်သတ္တပတ်အတွင်းက ဆော်ဒီအာရေဗျနိုင်ငံသည် အခြားအာရပ်နိုင်ငံ အစိုးရများနှင့်အတူ ကာတာနိုင်ငံနှင့် ဆက်ဆံမှုများ ဖြတ်တောက်ခဲ့သည်။ ယင်းသို့ ကာတာနှင့် ဆက်ဆံမှုများ ဖြတ်တောက်ခြင်းမှာ အီရန်က ကာတာနိုင်ငံအားထောက်ပံ့မှုများ ပေးနေသည့်အကြောင်းတစ်ချက်လည်း အဓိက ပါဝင်သည်။

တီဟီရန်မြို့တွင် အသေခံပုံးဖောက်ခွဲမှုနှင့် ပစ်ခတ်တိုက်ခိုက်မှုများကြောင့် လူ ၁၇ ဦး သေဆုံးခဲ့သည့်ဖြစ်ရပ် ဖြစ်ပွားပြီး နှစ်ရက်အကြာတွင် ဆော်ဒီအာရေဗျနိုင်ငံက အိုင်အက်စ်အဖွဲ့အပါအဝင် အစ္စလာမ်စစ်သွေးကြွ လက်နက်ကိုင်များကို ငွေကြေးထောက်ပံ့နေကြောင်း အီရန်ကထပ်မံစွပ်စွဲ ပြောကြားပြီး ယင်းစွပ်စွဲချက်ကို ဆော်ဒီအာရေဗျနိုင်ငံက ငြင်းပယ်ခဲ့သည်။

အီရန်နိုင်ငံအရှေ့ပိုင်းဒေသ ဘလူချီစတန်ပြည်နယ်ရှိ အကြမ်းဖက်အုပ်စုများနှင့် ပိုမိုချိတ်ဆက်လုပ်ရှားရန် ဆော်ဒီအား လုပ်ဆောင်နေသည်ဟု မိမိတို့ ထောက်လှမ်း သိရှိထားကြောင်း အီရန်နိုင်ငံခြားရေးဝန်ကြီးက နော်ဝေနိုင်ငံ အော်စလိုမြို့တွင် ကျင်းပသည့် ငြိမ်းချမ်းရေးညီလာခံပြင်ပ၌ ပြုလုပ်သော သတင်းစာရှင်းလင်းပွဲ၌ ပြောကြားသည်။

ဘလူချီစတန်ပြည်နယ်သည် အီရန်နိုင်ငံတွင် လူနည်းစု ဆွန်နီမွတ်ဆလင်များ နေထိုင်ရာဒေသဖြစ်သည်။

**ဆင်ဟွာ။**



# ပြုံယမ်းအပေါ် အမေရိကန်၏စစ်ရေးတုံ့ပြန်ချက် ပြင်းထန်သော စစ်ပွဲဖြစ်ပွားရန် ဦးတည်နေ

**ဝါရှင်တန် ဇွန် ၁၃**

မြောက်ကိုရီးယားနိုင်ငံအပေါ် ထားရှိသည့် အမေရိကန်နိုင်ငံ၏စစ်ရေးတုံ့ပြန်ချက်သည် ပြင်းထန်သောစစ်ပွဲဖြစ်ပွားရန် ဦးတည်နေပြီဖြစ်ကြောင်း အမေရိကန်ကာကွယ်ရေးဝန်ကြီး ဂျိမ်မတ်တစ်စ်က သတိပေးပြောကြားခဲ့ကြောင်း အင်န်အိတ်ချ်ကေသတင်းတစ်ရပ်အရ သိရသည်။ အမေရိကန်နိုင်ငံ၏ အဓိက အနီးကပ်အန္တရာယ်ပေးနိုင်ဆုံးသော နိုင်ငံသည် မြောက်ကိုရီးယားနိုင်ငံပင်ဖြစ်ကြောင်း ဝန်ကြီး မတ်တစ်စ်က အိမ်ဖြူတော်၏ကာကွယ်ရေးနှင့် လက်နက်ထောက်ပံ့ရေးကော်မတီသို့ တင်သွင်းသည့် အစီရင်ခံစာ၌ ဖော်ပြထားသည်။

ပြုံယမ်းအနေဖြင့် အမေရိကန်နိုင်ငံအား နျူကလီးယားဒုံးကျည်များဖြင့် ပစ်ခတ်တိုက်ခိုက်မှုမရှိသေးသော်လည်း အမေရိကန်အနေဖြင့် ကြိုတင်ကာကွယ်မှုများ လုပ်ဆောင်ရမည်ဖြစ်ကြောင်း ဝန်ကြီး မတ်တစ်စ်ကဆိုသည်။

နှစ်နိုင်ငံသံတမန်ဆက်ဆံရေးသည် အပြုသဘောမဆောင်ဘဲ အပျက်အစီးသို့ဦးတည်မည်ဆိုပါက နှစ်နိုင်ငံအကြား ပြင်းထန်သောစစ်ပွဲတစ်ရပ်ဖြစ်ပွားနိုင်ဖွယ်ရှိကြောင်း ဝန်ကြီး၏ အစီရင်ခံစာတွင် ရေးသားထားသည်။ သမ္မတ ဒေါ်နယ်ထရန့် အနေဖြင့် မြောက်ကိုရီးယားနိုင်ငံအပေါ် စစ်ရေးအရ မည်သို့မျှ အမိန့်ထုတ်ပြန်ခြင်းမရှိသေးသော်လည်း ကာကွယ်ရေးဝန်ကြီး မတ်တစ်စ်က နှစ်နိုင်ငံသံတမန်ဆက်ဆံရေးဖြေရှင်းချက်အတွက် အကြိမ်ပေါင်းများစွာ အလေးပေးပြောကြားခဲ့ပြီးဖြစ်သည်။

**အင်န်အိတ်ချ်ကေ။**

# ဘင်္ဂလားဒေ့ရှ်တွင် မိုးသည်းထန်၊ မြေပြိုမှုများဖြစ်ပွား၍ လူ ၄၅ ဦး သေဆုံး

ဒါကာ ဇွန် ၁၃

**ဘင်္ဂလားဒေ့ရှ်နိုင်ငံ အရှေ့တောင်ပိုင်းရှိ ခရိုင်သုံးခုတွင် ဇွန် ၁၃ ရက် အစောပိုင်းက မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မြေပြိုမှုများဖြစ်ပွားခဲ့သည်။ မြေပြိုမှုများ၌ သေဆုံးရသူများထဲတွင် ဘင်္ဂလားဒေ့ရှ် ကြည်းတပ်မှ ဗိုလ်မှူးတစ်ဦးအပါအဝင် စစ်သည်ခြောက်ဦးပါဝင်ပြီး မြေပြိုမှုကြောင့် ရွှံ့နွံများအောက်တွင်ပိမိကာ သေဆုံးသူများစွာရှိကြောင်း စိုးရိမ်နေရသည်ဟု တာဝန်ရှိသူများက ပြောကြားသည်။**

ဘင်္ဂလားဒေ့ရှ်နိုင်ငံ အရှေ့တောင်ပိုင်းရှိ စစ်တကောင်း၊ ဘန်ဒါဘန်နှင့် ရန်ဂါမာတီခရိုင်တို့တွင် ဇွန် ၁၃ ရက်က မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ကြီးမားသော မြေပြိုမှုများ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ရှာဖွေ ကယ်ဆယ်ရေးသမားများက လတ်တလောအချိန်တွင် မြေပြိုမှုကြောင့် သေဆုံးရသူ ၃၀ တို့၏ ရုပ်အလောင်းများကို ဆွဲထုတ်ခဲ့ရကြောင်း ရန်ဂါမာတီခရိုင်မှ တာဝန်ရှိသူတစ်ဦးက ဆင်ဟွာသို့ ပြောကြားသည်။ ယင်းခရိုင်သည် မြို့တော် ဒါကာနှင့် ၃၉၁ ကီလိုမီတာအကွာတွင် တည်ရှိသည်။

**မိုးရေချိန်စံချိန်တင်**

ရန်ဂါမာတီခရိုင်တွင် ယနေ့နံနက် ၉ နာရီအထိ ၂၄ နာရီအတွင်း ရွာသွန်းခဲ့သော မိုးရေချိန်မှာ ၃၀ စင်တီမီတာအထိ စံချိန်တင်ရွာသွန်းခဲ့ခြင်း ဖြစ်သည်။

အလားတူပင် မြို့တော် ဒါကာနှင့် ၃၁၆ ကီလိုမီတာအကွာတွင် တည်ရှိသည့် ဘန်ဒါဘန်ခရိုင်တွင် မိုးသည်းထန်စွာရွာသွန်းပြီး မြေပြိုမှုများ ဖြစ်ပွားခဲ့ခြင်းကြောင့် လူ ၁၅ ဦး သေဆုံးရသည်။ သေဆုံးသူများထဲမှ လူခြောက်ဦး၏ ရုပ်အလောင်းများကို လတ်တလော ရှာဖွေတွေ့ရှိရကြောင်း ယင်းခရိုင်မှ ရဲအဖွဲ့ကြီးကြပ်ရေးမှူး ဆန်ဂျစ်ကူမာရွိုင်းက ဆင်ဟွာသို့ ပြောကြားသည်။

**ကိုးဦးသေဆုံး**

စစ်တကောင်းခရိုင်တွင်လည်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မြေပြိုမှုဖြစ်ပွားရာ လူကိုးဦးသေဆုံးကြောင်း သတင်းများအရ သိရသည်။

ဇွန်လမှ စက်တင်ဘာလအတွင်း ကျရောက်သည့် မုတ်သုံရာသီအတွင်း၌ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ တောင်ကုန်းတောင်တန်း ထူထပ်သောဒေသများ၌ မြေပြိုမှုများ ဖြစ်ပွားလေ့ရှိသည်။ ၂၀၀၇ ခုနှစ်က နိုင်ငံတောင်ပိုင်း စစ်တကောင်းခရိုင်တွင် ဖြစ်ပွားခဲ့သော ကြီးမားသောမြေပြိုမှုများကြောင့် လူ ၁၂၃ ဦး သေဆုံးခဲ့ရသည်။

**ဆင်ဟွာ။**



# မသန်စွမ်းသူများ၏အခွင့်အရေးကို ဥပဒေ၊ နည်းဥပဒေနှင့်အညီ အပြည့်အဝ ဆောင်ရွက်ပေးမည်

**နေပြည်တော် ဇွန် ၁၃**
ဒုတိယအကြိမ်ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင်ကျင်းပရာ မေးခွန်း(၆)ခု မေးမြန်းဖြေကြားခြင်း၊ အစီရင်ခံစာ(၁)ခုနှင့် ဥပဒေကြမ်း(၁)ခု တင်သွင်းခြင်းနှင့် အဆို(၁)ခု ဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ကြသည်။

အစည်းအဝေးတွင် ကျောက်တန်းမဲဆန္ဒနယ်မှ ဒေါ်အေးမြမြမျိုး၏ **မသန်စွမ်းသူများ အလုပ်အကိုင်ရရှိစေနိုင်မည့် အခွင့်အလမ်းအတွက် အဟန့်အတားဖြစ်နေသော ဒီမိုကရေစီနည်းမကျသည့် အမိန့်ညွှန်ကြားစာများကို ပြန်လည်ရုပ်သိမ်းရန် အစီအစဉ် ရှိ၊ မရှိ၊ မသန်စွမ်းပြည်သူများ အလုပ်အကိုင်ရရှိနိုင်ရန် မည်သို့စီစဉ်ဆောင်ရွက်ထားသည်၊ မသန်စွမ်းသူများအား အလုပ်ခန့်ထားပေးသည့် ကုမ္ပဏီများကို အခွန်လျှော့ပေါ့ ထမ်းဆောင်စေခြင်းအတွက် အစီအစဉ် ရှိ မရှိ၊ ကုမ္ပဏီကြီးများတွင် မသန်စွမ်းအလုပ်သမားများ အနည်းဆုံး မည်ရွေ့မည်မျှ ခန့်ထားပေးရန် သတ်မှတ်ပေးနိုင်ခြင်း ရှိ မရှိ တို့ကို သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက ဝန်ကြီးဌာနအနေဖြင့် မသန်စွမ်းသူများ အလုပ်အကိုင်ရရှိရေးအတွက် အဟန့်အတားဖြစ်စေသည့် ဒီမိုကရေစီနည်းမကျသည့် အမိန့်ညွှန်ကြားစာများ ထုတ်ပြန်ထားခြင်းမရှိပါကြောင်း။

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနအနေဖြင့် ဝန်ကြီးဌာန၏ လုပ်ငန်းသဘောသဘာဝအရ ကာယဖြင့်လုပ်ရသော လုပ်ငန်းများပါဝင်သဖြင့် ကိုယ်လက်အင်္ဂါ ကျန်းမာသန်စွမ်းရမည်ဟုပါရှိကြောင်း၊ ပညာရေးဝန်ကြီးဌာနအနေဖြင့် မသန်စွမ်းသူများ အလုပ်အကိုင်ရရှိစေနိုင်မည့် အခွင့်အလမ်းအတွက် အဟန့်အတားဖြစ်စေသည့် ဒီမိုကရေစီနည်းမကျသည့် အမိန့်ညွှန်ကြားစာများကို ပြန်လည်စိစစ်ပြီး ရုပ်သိမ်းရန်လိုပါက ရုပ်သိမ်းရန်နှင့် ပြင်ဆင်ဖြေလျှော့ရန်လိုပါက ဖြေလျှော့ရန် စီစဉ်ဆောင်ရွက်သွားမည်ဟု သိရပါကြောင်း။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေဖြင့် ဝန်ကြီးဌာနလက်အောက်ရှိ ဦးစီးဌာနများတွင် မသန်စွမ်းသူ(၆၄)ဦးကို ၎င်းတို့နှင့် သင့်တော်သော ရာထူးနေရာများတွင် ခန့်အပ်ထားပါကြောင်း၊ ထို့ပြင် အခြားဌာန၊ အဖွဲ့အစည်းများ၊ ပုဂ္ဂလိကလုပ်ငန်းများတွင်လည်း မသန်စွမ်းသူများအား အလုပ်ခန့်ထားနိုင်ရေးအတွက် ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိပြီး ဦးစီးဌာနလက်အောက်ရှိ မသန်စွမ်းမှုအလိုက် ဖွင့်လှစ်ထားရှိသော သင်တန်းကျောင်းများတွင် အသက်မွေးဝမ်းကျောင်းသင်တန်းများ သင်ကြားပေးလျက်ရှိပါကြောင်း။

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် မသန်စွမ်းသူများမှ အလုပ် လျှောက်ထားလာပါက လုပ်ငန်းသဘာဝအပေါ် မူတည်၍ နိုင်ငံ့ဝန်ထမ်း နည်းဥပဒေ လုပ်ထုံးလုပ်နည်းများအရ စိစစ်ရွေးချယ်ခန့်ထားပေးလျက်ရှိပါကြောင်း၊ ဝန်ကြီးဌာနများလက်အောက်ရှိ ဦးစီးဌာနများ၏လုပ်ငန်းများတွင် လုပ်ငန်းသဘောသဘာဝပေါ် မူတည်၍ မသန်စွမ်းပြည်သူများ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ လွှဲပြောင်းပေးအပ်သော ပင်စင်စားမသန်စွမ်းတပ်မတော်သားများကို ၎င်းတို့၏ စွမ်းဆောင်ရည်အလိုက် ဝန်ထမ်းစည်းမျဉ်းနှင့်အညီ ခန့်အပ်တာဝန်ပေးလျက်ရှိပါကြောင်း၊ အခွန်သက်သာခွင့်များကိုလည်း **စာမျက်နှာ ၆ သို့ ✱**



ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်

# ခွင့်ပြုချက် မရှိဘဲ ငါး၊ ပုစွန် မွေးမြူရေးကန် ဆောင်ရွက်ထားရှိမှုများနှင့် မွေးမြူခွင့်လိုင်စင်လျှောက်ထားခြင်းမရှိဘဲ ငါး၊ ပုစွန်မွေးမြူရေး ဆောင်ရွက်နေသူများအား ဥပဒေနှင့်အညီ အရေးယူရန် စီမံထားရှိ

**နေပြည်တော် ဇွန် ၁၃**
ခွင့်ပြုမိန့်ကျပြီးသော်လည်း ငါး၊ ပုစွန်မွေးမြူခြင်းကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်းမရှိသော ဧရိယာများ၊ ခွင့်ပြုချက်မရှိဘဲ ငါး၊ ပုစွန်မွေးမြူရေးကန် ဆောင်ရွက်ထားရှိမှုများနှင့် မွေးမြူခွင့်လိုင်စင် လျှောက်ထားခြင်းမရှိဘဲ ငါး၊ ပုစွန်မွေးမြူရေး ဆောင်ရွက်နေသူများအား ဥပဒေနှင့်အညီ အရေးယူရန် စီမံထားရှိပါကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က ပြောကြားသည်။

ယနေ့ကျင်းပသည့် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့တွင် ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဒေါ်အိအိပြုံး၏ **ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင်အတွင်းရှိ မအူပင်မြို့နယ်နှင့် ညောင်တုန်းမြို့နယ်များတွင် ခွင့်ပြုချက်မရရှိဘဲ ငါး၊ ပုစွန်ကန်များ တူးထားခြင်းအား လယ်ယာမြေဥပဒေပုဒ်မ ၁၉ အရ အရေးယူဆောင်ရွက်ပေးရန်နှင့် နိုင်ငံတော်သို့အခွန်များ မှန်ကန်စွာရရှိနိုင်ရေး မေးခွန်း**နှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီးဦးလှကျော်က အထက်ပါအတိုင်း ပြန်လည်ရှင်းလင်းဖြေကြားခဲ့ခြင်းဖြစ်သည်။

ဆက်လက်၍ ဒုတိယဝန်ကြီးက ခွင့်ပြုချက်မရှိဘဲ ငါး၊ ပုစွန်ကန် ဆောင်ရွက်လျက်ရှိသည့် ဧရိယာများကို လယ်ယာမြေ ဥပဒေပုဒ်မ(၁၉)အရ လည်းကောင်း၊ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေပုဒ်မ (၂၁)အရလည်းကောင်း အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ မအူပင်မြို့နယ်တွင် ၂၀၁၅ခုနှစ် ဧပြီလ၊ မေလနှင့် ဇွန်လများတွင်လည်းကောင်း၊ ညောင်တုန်းမြို့နယ်တွင် ၂၀၁၆ခုနှစ် ဧပြီလ၊ မေလ၊ ဇွန်လ၊ ဇူလိုင်လ၊ ဒီဇင်ဘာလနှင့် ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလများတွင်လည်းကောင်း ကာယကံရှင်များသို့ အသိပေးအကြောင်းကြားစာများ ပေးပို့ထားပြီးဖြစ်ပါကြောင်း။

လယ်ယာမြေများတွင် ငါး၊ ပုစွန်မွေးမြူရေးကန်ဆောင်ရွက်ရန်အတွက် လျှောက်ထားမှုများအပေါ် သက်ဆိုင်ရာ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အဆင့်ဆင့်မှ စိစစ်ရာတွင် ငါး၊ ပုစွန်ကန်အဖြစ် ဆောင်ရွက်ရန်သင့်လျော်သည့် ဧရိယာများသာဖြစ်စေရေးအတွက် သတ်မှတ်ချက်များနှင့်အညီ စိစစ်ပါကြောင်း၊ ပတ်ဝန်းကျင် လယ်ယာမြေပိုင်ဆိုင်သူများ၏ သဘောတူညီမှု ရှိမရှိကိုလည်း စိစစ်ဆောင်ရွက်ပါကြောင်း၊ ယင်းသို့ စိစစ်ဆောင်ရွက်ခဲ့သော်လည်း ပတ်ဝန်းကျင်ရှိ စပါးစိုက်တောင်သူများ၏ ကုန်ထုတ်လမ်းအတွက် အခက်အခဲတစ်စုံတစ်ရာ ပေါ်ပေါက်လာပါက သက်ဆိုင်ရာ မြို့နယ်လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့အနေဖြင့် ကွင်းဆင်းစစ်ဆေးပြီး နှစ်ဦးနှစ်ဖက် အဆင်ပြေစေရေးအတွက် ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း ဖြေကြားသည်။



အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း

ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးရှေးရယ်ရှုမောင်၏ **ကယားပြည်နယ်အတွင်းရှိ အဓိက ရေလှောင်တမံကြီးဖြစ်သည့် မိုးဗြဲရေလှောင်တမံနှင့် ငွေတောင်ရေလှောင်တမံ(၂)ခုမှ ဆည်/ကန်/ချောင်း/ရေတံခါး/တာတမံနှင့် လယ်ယာကုန်ထုတ်လမ်း၊ တံတားများကို အဆင့်တိုးမြှင့် ပြန်လည်ပြုပြင်ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးလှကျော်က မိုးဗြဲရေသောက်စနစ်တွင် ရေပေးမြောင်းနှင့် ရေပေးအဆောက်အအုံများ ရေရှည်တည်တံ့စေရေးအတွက် နှစ်စဉ်ခွဲဝေရရှိသည့် ရန်ပုံငွေအပေါ် မူတည်၍ ပုံမှန်ပြုပြင် ထိန်းသိမ်းလျက်ရှိပါကြောင်း၊ ယင်းသို့ ပုံမှန်ပြုပြင်ထိန်းသိမ်းလျက်ရှိသော်လည်း မိုးဗြဲဆည်ရေသောက်စနစ်မှာ နှစ်ကာလကြာမြင့်လာသည်နှင့်အမျှ ရေပေးမြောင်းများ တိမ်ကောပြီး မြောင်းပေါင်များ နိမ့်ကျခြင်း၊ ရေပေးအဆောက်အအုံများ ထိခိုက်ပျက်စီးခြင်းတို့ ဖြစ်ပေါ်လျက်ရှိသောကြောင့် ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အထိ ပြည်ထောင်စု သာမန်အသုံးစရိတ် ရန်ပုံငွေခေါင်းစဉ်အောက်မှ ရရှိရန်ပုံငွေဖြင့် လက်ဝဲနှင့် လက်ယာမြောင်းမကြီး အလျား ၂၃ ဒသမ ၅၂ မိုင်၊ လက်တံမြောင်း ၄ခု၊ မိုင်နာမြောင်း ၄၂ ခုတို့အား ပြုပြင်ခဲ့ပြီး မိုင်နာမြောင်း အခု ၄၀ တွင် မြောင်းထိပ်ရေတံခါးများ တပ်ဆင်ခဲ့ပါကြောင်း၊ ထို့ပြင် လက်ဝဲနှင့် လက်ယာမြောင်းမကြီးပေါ်ရှိ တံတား ၁၉ ခု ပြုပြင်ခြင်း၊ ဆည်ရေသောက်စနစ်အတွင်း ကုန်ထုတ်လမ်း ၇ ဒသမ ၄၇ မိုင်ကို ကျောက်ချောလမ်းခင်းခြင်း၊ လက်ဝဲမြောင်းမကြီး ရေသောက်စနစ်အတွင်းမှ ရေဆိုးနုတ်မြောင်း ၃ ခု တူးဖော်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့ပါကြောင်း။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် လက်ယာမြောင်းမကြီး အလျား သုည ဒသမ ၅၇ မိုင်အား တာပေါင်မြှင့်ပြုပြင်ခြင်း၊ လက်ယာမြောင်းမကြီး ရေသောက်စနစ်တွင် မြောင်းထိပ်ရေတံခါး ၅ ခုတပ်ဆင်ခြင်းနှင့် ရေထိန်းရေမြှင့် အဆောက်အအုံ ၁ ခုပြုပြင်ခြင်း၊ လက်ဝဲမြောင်းမကြီး ရေသောက်စနစ်အတွင်းရှိ မိုင်နာမြောင်း ၅ ခုပြုပြင်ခြင်း၊ လက်ဝဲမြောင်းမကြီးနှင့် လက်တံမြောင်းများတွင် အလျား ၃ ဒသမ ၂ မိုင်အား ကွန်ကရစ်လိုင်နင်စီခြင်း၊ လက်ဝဲမြောင်းမကြီးပေါ်ရှိ ကွန်ကရစ်တံတား ၂ခု တိုးချဲ့ပြုပြင်ခြင်း၊ ရေဆိုးနုတ်မြောင်း ၁ ခု တူးဖော်ခြင်း စသည့် လုပ်ငန်းများကို ဆောင်ရွက်နိုင်ရေးအတွက် ပြည်ထောင်စု သာမန်အသုံးစရိတ် ရန်ပုံငွေခေါင်းစဉ်အောက်တွင် ထည့်သွင်းလျာထားပြီး ဖြစ်ပါကြောင်း၊ မိုးဗြဲဆည်ရေသောက်စနစ်မှ နှစ်စဉ်မိုးစပါး ဧက ၁၃၀၀၀ ခန့်အား စိုက်ပျိုးရေပေးဝေပြီး ကျန်ရှိသိုလှောင်ရေဖြင့် နွေစပါး ၃၅၀၀ ဧကခန့်ကို နွေစပါးစိုက်ပျိုးရေ ပေးဝေလျက်ရှိပါကြောင်း။

ငွေတောင်ရေလှောင်တမံနှင့် ဆည်ရေသောက်စနစ်တည်ဆောက်ခြင်းလုပ်ငန်းများကို ၁၉၆၂ ခုနှစ်တွင် စတင်ဆောင်ရွက်ခဲ့ပြီး ၁၉၆၅ ခုနှစ်တွင် ပြီးစီးခဲ့ပြီး ဆည်ရေသောက်စိစစ်ဧရိယာ ၅၈၇၇ ဧကခန့်အား စိုက်ပျိုးရေပေးဝေနိုင်ရေး စီမံဆောင်ရွက်ခဲ့ပါကြောင်း၊ ငွေတောင်ဆည်ရေသောက်စနစ်တွင် မြောင်းမကြီး အလျား ၈ ဒသမ ၈၆ မိုင်၊ လက်တံမြောင်းအလျား ၆ ဒသမ ၆၂ မိုင်၊ မိုင်နာမြောင်း ၄၂ ခုနှင့် တူးမြောင်းအဆောက်အအုံ ၄၂ ခုကို ထည့်သွင်းတည်ဆောက်ထားပြီး ဆည်ရေသောက်စနစ် ၅၈၇၇ ဧကခန့်အား စိုက်ပျိုးရေပေးဝေနိုင်ရေးအတွက် ရေလှောင်တမံ၊ ရေပေးမြောင်းနှင့် ရေပေးအဆောက်အအုံများ ပုံမှန်ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း။

ငွေတောင်ဆည်ရေသောက်စနစ်အနေဖြင့် တည်ဆောက်ပြီးစီးခဲ့သည့် နှစ်ကာလကြာမြင့်ပြီဖြစ်၍ ပြုပြင်ခြင်းလုပ်ငန်းများကို ပြည်ထောင်စုသာမန်ရန်ပုံငွေခေါင်းစဉ်အောက်တွင် ရရှိရန်ပုံငွေဖြင့် ဆောင်ရွက်ပေးခဲ့ပါကြောင်း၊ ၂၀၁၇-၂၀၁၈ ခုနှစ်တွင် မြောင်းမကြီးသဲနုန်းတူးဖော်ပြုပြင်ခြင်း ၁ ဒသမ ၈၉ မိုင်နှင့် မြောင်းမကြီးကွန်ကရစ်လိုင်နင်စီခြင်း သုည ဒသမ ၉၅ မိုင် စသည့် လုပ်ငန်းများကို ပြည်ထောင်စု သာမန်အသုံးစရိတ်ရန်ပုံငွေ ခေါင်းစဉ်အောက်တွင် ဆောင်ရွက်မည့်လုပ်ငန်းစာရင်းတွင် ထည့်သွင်းလျာထားပြီး ဖြစ်ပါကြောင်း၊ လက်ရှိအခြေအနေအရ ငွေတောင်ဆည်ရေသောက်စနစ်မှ နှစ်စဉ်မိုးစပါး ဧက ၄၀၀၀ ခန့်ကို စိုက်ပျိုးရေပေးဝေပြီး ကျန်ရှိသိုလှောင်ရေဖြင့် နွေစပါး ဧက ၁၆၀၀ ခန့် စိုက်ပျိုးရေပေးဝေလျက်ရှိပါကြောင်း။

ကယားပြည်နယ်အတွင်းရှိ မိုးဗြဲနှင့် ငွေတောင်ဆည်ရေသောက်စနစ်များသည် သက်တမ်းကြာမြင့်လာ၍ ပြန်လည်ပြုပြင်ရန် လိုအပ်သည့်လုပ်ငန်းများကို ရန်ပုံငွေရရှိမှုအပေါ် မူတည်ပြီး ဦးစားပေးပြုပြင်ဆောင်ရွက်ရမည့် လုပ်ငန်းများဖြစ်သည့်အလျောက် ယခုနှစ်တွင် အားလုံးစီမံဆောင်ရွက်ထားပြီးဖြစ်ပါကြောင်း၊ အဆိုပါကိစ္စအတွက် ပြည်ထောင်စု၏ သာမန်ရန်ပုံငွေစာရင်းအလိုက် ကျပ်သိန်းပေါင်း ၂၀၀၀ ကိုစတင်ခွဲဝေချထားပြီး အကောင်အထည်ဖော်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ထို့နောက် ရခိုင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးကျော်သန်း၊ ရခိုင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၄)မှ ဦးကျော်ကျော်၊ ချင်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးလားလ်မင်းထန်နှင့် ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဒေါက်တာဝင်းမြင့်ချစ်တို့၏ လမ်း၊ တံတား၊ တာတမံများ တည်ဆောက်ပေးရန် အစီအစဉ် ရှိ/ မရှိ မေးခွန်းတို့နှင့် စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်နှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းတို့က ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

ယနေ့အစည်းအဝေးတွင် အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော ပြည်တွင်းရေကြောင်းပို့ဆောင်ရေးဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းကို အသိပေးခြင်းနှင့် ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်းတို့ကို ဆောင်ရွက်ကြသည်။

**အောင်ရဲသွင်၊ အေးအေးသန့်(သတင်းစဉ်)**



# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် CALD ဥက္ကဋ္ဌနှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇွန် ၁၃**
ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်သည် ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့အခြေစိုက် The Council of Asian Liberals and Democrats (CALD) ဥက္ကဋ္ဌ Mr. Abhisit Vejjajiva နှင့် အဖွဲ့အား ယနေ့ ညနေ ၃ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။ **(အပေါ်ပုံ)**

တွေ့ဆုံစဉ် ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်နှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

# အမျိုးသားလွှတ်တော် ကော်မတီများနှင့် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ တွေ့ဆုံဆွေးနွေးပွဲကျင်းပ

**နေပြည်တော် ဇွန် ၁၃**
အမျိုးသားလွှတ်တော် လွှတ်တော် အခွင့်အရေးကော်မတီနှင့် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ကတိကဝတ်၊ အာမခံချက်များနှင့် လွှတ်တော် အခွင့်အရေးကော်မတီ၊ လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေး ကော်မတီတို့ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများ ရှင်းလင်းဆွေးနွေးပွဲကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော်ရေးရာဆောင်အမှတ်(၂၀)၌ ကျင်းပသည်။ **(အောက်ပုံ)**

ဆွေးနွေးပွဲတွင် အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ လွှတ်တော်အခွင့်အရေး ကော်မတီဥက္ကဋ္ဌ ဦးအေးသာအောင်၊ အတွင်းရေးမှူး၊ ကော်မတီဝင်များနှင့် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ရေးရာကော်မတီများမှ လွှတ်တော်ကိုယ်စားလှယ်များက လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ဆွေးနွေးကြသည်။

အလားတူ အမျိုးသားလွှတ်တော် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့်တာဝန်ခံချက်များ စိစစ်ရေး ကော်မတီဥက္ကဋ္ဌ ဦးသိမ်းဆွေ၊ အတွင်းရေးမှူးနှင့် ကော်မတီဝင်များသည် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ရေးရာကော်မတီများမှ လွှတ်တော်ကိုယ်စားလှယ်များနှင့် ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော်ရေးရာဆောင်အမှတ်(၂၀)၌ တွေ့ဆုံပြီး လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ဆွေးနွေးကြသည်။ **(သတင်းစဉ်)**



**✱ စာမျက်နှာ ၅ မှ**
မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီကိုဖွဲ့စည်းပြီးပါက ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း။

မသန်စွမ်းသူများ အခွင့်အရေးဆိုင်ရာ နည်းဥပဒေ မကြာခင်ထွက်ရှိမည်ဖြစ်ပါကြောင်း၊ ဥပဒေနှင့် နည်းဥပဒေ ပေါ်ပေါက်ပြီးပါက မသန်စွမ်းသူများ၏အခွင့်အရေးဆိုင်ရာ အမျိုးသားကော်မတီကို ဖွဲ့စည်းရမည်ဖြစ်ပါကြောင်း၊ ယင်းကော်မတီဖွဲ့စည်းပြီးပါက မသန်စွမ်းသူများ၏အခွင့်အရေးကို ဥပဒေ၊ နည်းဥပဒေနှင့်အညီ အပြည့်အဝဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ချောက် မဲဆန္ဒနယ်မှ ဦးဘိုကြီး၏ **ဘတ်ဂျက်လုပ်ငန်းစဉ်တွင် အားလုံးပါဝင်ခွင့်ရစေမည့် ပြုပြင်ပြောင်းလဲမှုများ (Participatory Reforms in the Budget Process) ကို ဆောင်ရွက်နေသည့် အခြေအနေနှင့် အရှိန်အဟုန်မြှင့်ဆောင်ရွက်ရန် အစီအစဉ် ရှိ မရှိ သိရှိလိုကြောင်း**မေးခွန်းနှင့်စပ်လျဉ်း၍ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ကမ္ဘာ့နိုင်ငံအများစုတွင် ကျင့်သုံးနေကြသော မူဝါဒကိုအခြေခံသည့် ဘတ်ဂျက်ရေးဆွဲခြင်း (Policy based Budgeting)စနစ်ကို ကျင့်သုံး၍ နှစ်လတ်ဘဏ္ဍာရေးမူဘောင် (Medium Term Fiscal Framework)ကို စနစ်တကျတည်ဆောက်ရေးဆွဲလျက်ရှိပါကြောင်း။

ဘတ်ဂျက်လိုငွေကို ဂျီဒီပီ၏ ၅ ရာခိုင်နှုန်းထက် မကျော်လွန်စေရန် ထိန်းသိမ်းလျက် ပြည်ပအကူအညီရငွေနှင့် ပြည်ပချေးငွေမပါသည့် သာမန်အသုံးစရိတ်ဘောင်နှင့် ငွေလုံးငွေရင်းအသုံးစရိတ်ဘောင်များကို ပြည်ထောင်စုဝန်ကြီးဌာနအလိုက် ကြိုတင်သတ်မှတ်ပေးပြီး အဆိုပါဘောင်များအတွင်းမှ ရေးဆွဲတင်ပြစေပါကြောင်း။

ဖွံ့ဖြိုးရေးစီမံကိန်းများအား ပွင့်လင်းမြင်သာပြီး လူထုပါဝင်မှုတိုးမြှင့်ပေးရန်နှင့် ဒေသခံပြည်သူများက တင်ပြဆွေးနွေးပူးပေါင်းပါဝင်ဆောင်ရွက်နိုင်မည့် အချက်အလက်များကို ပြည်သူတို့သိရှိနားလည်စေရန်အတွက် တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်စီမံကိန်းရေးဆွဲအကောင်အထည်ဖော်ရေးကော်မတီများကို ဖွဲ့စည်းထားရှိပြီး ဖြစ်ပါကြောင်း။

ထို့ပြင် မြို့နယ်များရှိ မြို့နယ်ဖွံ့ဖြိုးမှုအထောက်အကူပြုကော်မတီ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီများတွင်လည်း ဒေသခံမြို့မိမြို့ဖများကို ဥက္ကဋ္ဌအဖြစ် တာဝန်ပေးအပ်၍ ဖွဲ့စည်းထားသည့်အတွက် စီမံကိန်းရေးဆွဲရာတွင် မိမိတို့ဒေသ၏လိုအပ်ချက်များ၊ လိုလားချက်များကို ယခုအခါထုတ်ဖော်ဆောင်ရွက်နိုင်ပြီဖြစ်ပါကြောင်း၊ စီမံကိန်းရေးဆွဲသည့်အခါ ဒေသခံပြည်သူများ ပါဝင်ဆွေးနွေးဆောင်ရွက်နိုင်စေရန် တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်စီမံကိန်းရေးဆွဲအကောင်အထည်ဖော်ရေး ကော်မတီများကို ဖွဲ့စည်းဆောင်ရွက်စေလျက် ၎င်းတို့၏လုပ်ငန်းတာဝန်များကို သတ်မှတ်ပေးထားပြီးဖြစ်ပါကြောင်း၊ နယ်မြေဒေသအလိုက် လွှတ်တော်ကိုယ်စားလှယ်များကိုလည်း စီမံကိန်းကော်မတီအစည်းအဝေးများတွင် ဖိတ်ကြားပြီး ဆောင်ရွက်ကြရန် ညွှန်ကြားထားရှိပါကြောင်း။

စီမံကိန်းနှင့်ဘဏ္ဍာရေး ဝန်ကြီးဌာနအနေဖြင့် ဘတ်ဂျက်ပွင့်လင်းမြင်သာမှုကို အလေးထားလျက် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်မှစတင်၍ နှစ်စဉ်နိုင်ငံသားများအတွက် ဘတ်ဂျက်(Citizen's Budget)စာစောင်ကို ထုတ်ဝေနိုင်ခဲ့ပါကြောင်း၊ Open Budget Survey- OBS) ဆန်းစစ်ချက်ရလဒ် ၂၀၁၂ ခုနှစ်တွင် မြန်မာနိုင်ငံ၏ရလဒ်မှာ သုညဖြစ်ခဲ့ပြီး ၂၀၁၅ ခုနှစ်တွင် (၂)မှတ် ရရှိနိုင်ခဲ့ပါကြောင်း၊ ၂၀၁၇ ခုနှစ်အတွက် စစ်တမ်းကောက်ယူမှုအဖြေထွက်ရှိလာလျှင် မြန်မာနိုင်ငံ၏ဘတ်ဂျက်ပွင့်လင်းမြင်သာမှုရမှတ် တိုးတက်လာမည်ဟု ယုံကြည်ပါကြောင်း ဖြေကြားသည်။

ထို့ပြင် သရက်မဲဆန္ဒနယ်မှ ဦးကံမြင့်၊ ရန်ကင်းမဲဆန္ဒနယ်မှ ဒေါ်ဇင်မာအောင်၊ ဖရူဆိုမဲဆန္ဒနယ်မှ ဦးပဲ့ဒူနှင့် ဇမ္ဗူသီရိမဲဆန္ဒနယ်မှ ဦးဖြိုးဇေယျာသော်(ခ)ဦးဇေယျာသော်တို့၏ ငွေရေးကြေးရေးနှင့်ပတ်သက်သော အစီရင်ခံစာများအား ပြည်သူများသို့ အသိပေးထုတ်ပြန်ရေး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ရုံးခွဲများ မြို့နယ်ပေါင်း (၃၃၀)လုံးတွင် ဖွင့်လှစ်ပေးရေး၊ (၁၀) နှစ်နှင့်အထက် ဝန်ထမ်းများ ပင်စင်လစာခံစားခွင့်ပေးရေး၊ ငွေစက္ကူအတုများနှင့်စပ်လျဉ်း၍ ဖြေရှင်းဆောင်ရွက်နေမှုဆိုင်ရာ မေးခွန်းများနှင့်စပ်လျဉ်း၍လည်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဒေါက်တာဝင်းမြတ်အေး မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌဦးစိုးမင်း၊ ဒေါ်ခင်စောဦး၊ ပြည်ထောင်စု ရာထူးဝန်အဖွဲ့ အဖွဲ့ဝင် ဦးစောဗယ်လင်တိုင်းတို့က ပြန်လည်ဖြေကြားခဲ့ကြသည်။

ထို့နောက် လှိုင်းဘွဲ့မဲဆန္ဒနယ်မှ ဦးခင်ချို တင်သွင်းထားသည့် **နိုင်ငံ၏အလုပ်လက်မဲ့ပြဿနာများ တဖြည်းဖြည်းလျော့နည်းကျဆင်းလာရေး နိုင်ငံတော်အစိုးရမှ စနစ်တကျ စီမံချက်ချ အကောင်အထည်ဖော်ဆောင်ရွက်ရေး တိုက်တွန်းကြောင်း** အဆိုနှင့်စပ်လျဉ်း၍ နွားထိုးကြီး မဲဆန္ဒနယ်မှ ဦးနိုင်ထူးအောင်၊ သထုံမဲဆန္ဒနယ်မှ ဒေါ်မာမာခိုင်နှင့် ပေါက်ခေါင်းမဲဆန္ဒနယ်မှ ဒေါ်နီနီဒွန်းတို့က ဆွေးနွေးကြသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ ဆက်လက်ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်းတို့ကို ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ၁၄ ရက်မြောက်နေ့တွင် ဆောင်ရွက်ရန်လျာထားသည်။

ယနေ့အစည်းအဝေးတွင် ပြည်သူ့လွှတ်တော် နိုင်ငံသားများ၏ မူလအခွင့်အရေးဆိုင်ရာကော်မတီ၏ နှစ်ပတ်လည် အစီရင်ခံစာ တင်ပြခြင်းနှင့် ခရစ်ယာန်ထိမ်းမြားခြင်းဆိုင်ရာအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း တင်သွင်းခြင်းနှင့် အစီရင်ခံစာ ဖတ်ကြားခြင်းတို့ကိုလည်း ဆောင်ရွက်ခဲ့ကြသည်။ **ကျော်သူထက်(သတင်းစဉ်)**

# ကူမင်း နိုင်ငံတကာချစ်ကြည်ရေးမြို့တော်များ ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေးပွဲ ကျင်းပ



**ကူမင်း ဇွန် ၁၃**
ကူမင်း နိုင်ငံတကာချစ်ကြည်ရေး မြို့တော်များ ပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှု အလုပ်ရုံ ဆွေးနွေးပွဲကို ယနေ့နံနက် ဒေသစံတော်ချိန် ၉ နာရီတွင် ကူမင်းမြို့ ယူနန်အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းစင်တာ၌ ကျင်းပရာ ကူမင်းမြို့တော်ဝန် Mr.Li Zhigong က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ယင်းနောက် ကူမင်းမြို့တော် ဒုတိယအုပ်ချုပ်ရေးမှူး Mr.Wang Xiliang က အမှာစကားပြောကြားရာတွင် ကူမင်းမြို့နှင့် နိုင်ငံတကာချစ်ကြည်ရေးမြို့တော်များ အပြန်အလှန် အကျိုးဖြစ်ထွန်းစေရန်အတွက်လည်းကောင်း၊ ခရီးသွားအခြေပြုလုပ်ငန်းများ တိုးတက်အောင်မြင်ရေး အတွက်လည်းကောင်း၊ ချစ်ကြည်ရေးနှင့် ယဉ်ကျေးမှုဖလှယ်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရန်အတွက်လည်းကောင်း၊ မြို့တော်များပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အလုပ်ရုံဆွေးနွေးပွဲကို ဆောင်ရွက်ခြင်း ဖြစ်ကြောင်း၊ မဟာမိတ်မြို့တော်များ ဖွဲ့စည်းထားခြင်းကြောင့် ပြီးခဲ့သည့် ၂၀၁၆ ခုနှစ်တွင်ကူမင်းမြို့တွင် ခရီးသွားလေးသန်းကျော် ဝင်ရောက်ခဲ့ပါကြောင်း၊ ထို့အပြင် ကူမင်းမြို့သည် တောင်အာရှ၊ အရှေ့တောင်အာရှ နိုင်ငံများ၏ ဝင်ပေါက်မြို့ဖြစ်သည်နှင့် အညီ အဆိုပါနိုင်ငံများနှင့် ပိုမိုရင်းနှီး ပူးပေါင်း ဆောင်ရွက်လျက်ရှိပါကြောင်း။

ထို့အပြင် တရုတ်နိုင်ငံ ယူနန်ပြည်နယ် ကူမင်းမြို့နှင့် တောင်အာရှ ခုနစ်နိုင်ငံ၊ အရှေ့တောင်အာရှ ၁၀ နိုင်ငံ၊ မဲခေါင်ဒေသ ခြောက်နိုင်ငံတို့နှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်ရေး၊ နယ်စပ်ကုန်သွယ်ရေး၊ အင်တာနက်ကွန်ရက် တိုးတက်အသုံးပြုရေး၊ တရုတ်-အာဆီယံ စီးပွားရေးအတူတကွ ပူးပေါင်းဆောင်ရွက်ရေး၊ ချစ်ကြည်ရေးနှင့် ညီအစ်မမြို့တော်များအဖြစ် ပူးပေါင်းဆောင်ရွက်ကြရန် ပြောကြားသည်။

ထို့နောက် ထိုင်းနိုင်ငံ ချင်းမိုင်မြို့တော်ဝန် Mr.Tussanai Buranupakorn၊ လာအိုနိုင်ငံ ဗီယင်ကျန်းမြို့တော် ကော်မတီဝင် Mr.Khounsy Bounthieng၊ မလေးရှား ကောင်ချန်ဒုတိယမြို့တော်ဝန် Mr.Hilmy Bin Othman၊ နီပေါနိုင်ငံ ပေါ်ခဟာ့မိုတော် ကောင်စီဥက္ကဋ္ဌ Mr.Bishwo Shankar Palikhe၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဝင် ဦးသန်းတို့က မဟာမိတ်ညီအစ်မမြို့တော်များ ဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များကို ဆွေးနွေးပြောကြားကြသည်။

ယင်းနောက် ကူမင်းမြို့တော်ဝန် Mr.Hong Weizhi က ကူမင်းမြို့ ဖွံ့ဖြိုးတိုးတက်မှုနှင့် ကတိပြုထားသည့် ညီအစ်မမြို့တော်များ ဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များကို ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ အလုပ်ရုံဆွေးနွေးပွဲကို ကျင်းပရာ တက်ရောက်လာကြသည့် တောင်/အရှေ့တောင်အာရှနိုင်ငံများမှ မြို့တော်ဝန်များ၊ ဒုတိယမြို့တော်ဝန်များ၊ မြို့တော်ကော်မတီဝင်များက ဆွေးနွေးကြသည်။ **သန်းဦး(လေးမျက်နှာ)**

# နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးကဏ္ဍဆိုင်ရာ ညီလာခံ(၂၀၁၇) ကျင်းပ

**နေပြည်တော် ဇွန် ၁၃**

နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးကဏ္ဍများကို အာဆီယံနိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှု ပိုမိုမြှင့်တင်နိုင်စေရန်နှင့် အပြန်အလှန်သဘောတူညီမှုများ ပိုမိုရရှိစေရန် ရည်ရွယ်ကျင်းပသည့် ဒေသတွင်း နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးကဏ္ဍဆိုင်ရာ ညီလာခံ-၂၀၁၇ (Regional TVET Conference-2017) ကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၂ ၌ ကျင်းပသည်။

ညီလာခံတွင် နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။

ထို့နောက် BMZ Germany, Regional Director Ms. Gisela Hammerschmidt နှင့် ADB Philippines, Human and Social Development Division, Southeast Asia Department Director Ms. Ayako Inagaki တို့က အမှာစကားပြောကြားပြီး ASEAN Secretariat, Deputy Secretary-General Mr. Vongthep Arthakaivalvatee က ပေးပို့သည့် Video Clip ကို ပြသသည်။

ညီလာခံသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး၊ ဦးခင်မောင်ချို၊ ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်း၊ လွှတ်တော်ကိုယ်စားလှယ်များ၊ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးကဏ္ဍဆိုင်ရာ နိုင်ငံတကာကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အဆိုပါညီလာခံတွင် အာဆီယံဒေသတွင်း နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးကဏ္ဍဆိုင်ရာ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုများ၊ ဒေသတွင်း အသိပညာနီးနှော၊ဖလှယ်နိုင်မှုများ၊ လုပ်သားဈေးကွက်လိုအပ်မှုနှင့် ကျွမ်းကျင်မှုများ၊ စီးပွားရေးတိုးတက်စေမည့် နည်းပညာအသစ်ဖန်တီးရာတွင် လိုအပ်သည့် အဆင့်မြင့်နည်းပညာဆိုင်ရာ ကျွမ်းကျင်မှုများ၊ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးကဏ္ဍကို ဦးတည်စေမည့် နည်းပညာများနှင့် ဖန်တီးဆောင်ရွက်မှုများ၊ လုပ်ငန်းရှင်များ ရေရှည်ပူးပေါင်းဆောင်ရွက်နိုင်မှု၊ ပုဂ္ဂလိကနှင့် ပူးပေါင်းဆောင်ရွက်ရာတွင် အစိုးရမှ ချမှတ်ရမည့် မူဝါဒ၊ နည်းဥပဒေများနှင့် စီမံအုပ်ချုပ်မှုများ၊ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးကဏ္ဍဆိုင်ရာသင်တန်းသားများ မွေးထုတ်ခြင်း၊ စံသတ်မှတ်ချက်များ အဆင့်မီတိုးတက်အောင် ဆောင်ရွက်ခြင်း၊ စစ်ဆေးအကဲဖြတ်မှုများ တိုးတက်ရန် ဆောင်ရွက်ခြင်းနှင့် လုပ်ငန်းရှင်များနှင့် ပုဂ္ဂလိကအခန်းကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုအားကောင်းရေးဆိုင်ရာများ၊ သက်မွေးပညာကျောင်းများနှင့် ကုမ္ပဏီများ ပူးပေါင်းဆောင်ရွက်မှုများနှင့် ကျွမ်းကျင်မှုတည်ဆောက်ရေး လိုအပ်ချက်များကို ဆွေးနွေးကြမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါညီလာခံကို ၂၀၁၂ ခုနှစ်တွင် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ၌လည်းကောင်း၊ ၂၀၁၄ ခုနှစ်တွင် အင်ဒိုနီးရှားသမ္မတနိုင်ငံ၌လည်းကောင်း၊ ၂၀၁၅ ခုနှစ်တွင် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၌လည်းကောင်း ကျင်းပခဲ့ပြီးဖြစ်သည်။

ယခုကျင်းပသည့် နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးကဏ္ဍဆိုင်ရာညီလာခံ (၂၀၁၇)ကို ပညာရေးဝန်ကြီးဌာန၊ ဂျာမနီနိုင်ငံ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနနှင့် အာရှဖွံ့ဖြိုးရေးဘဏ်တို့က **"အာဆီယံဒေသတွင်း စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုအတွက် နည်းပညာ၊ သက်မွေးပညာရေးနှင့် လေ့ကျင့်ရေးကဏ္ဍနှင့်ဆက်နွှယ်သည့် ဦးစားပေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး"** ခေါင်းစဉ်ဖြင့် ပူးပေါင်းကျင်းပခဲ့ခြင်းဖြစ်ကြောင်း သိရသည်။



အဆိုပါညီလာခံကျင်းပခြင်းဖြင့် အာဆီယံနိုင်ငံများ၏ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးကဏ္ဍများမှ အဆင့်မြင့်အရာရှိများအကြား အတွေ့အကြုံ အသိအမြင်များ အပြန်အလှန် ဖလှယ်နိုင်မည်ဖြစ်ပြီး ဆက်လက်ပူးပေါင်းဆောင်ရွက်နိုင်မှု ကွန်ရက်များ ပိုမိုခိုင်မာလာစေခြင်း၊ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဆိုင်ရာသင်တန်းများ ပို့ချရာတွင် အပြန်အလှန် အချိတ်အဆက်မိမိ တစ်နိုင်ငံနှင့် တစ်နိုင်ငံ လိုက်လျောညီထွေစွာ ဆောင်ရွက်လာနိုင်စေခြင်းနှင့် ညီလာခံဆွေးနွေးချက်များနှင့် အတွေ့အကြုံများကို အခြေခံ၍ သက်ဆိုင်ရာနိုင်ငံများအလိုက် နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးကဏ္ဍ ပြုပြင်ပြောင်းလဲမှု မြှင့်တင်ရေးဆောင်ရွက်ရာတွင် အထောက်အကူဖြစ်စေခြင်း စသည့် အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်ကြောင်းလည်း သိရသည်။

နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးကဏ္ဍဆိုင်ရာညီလာခံ-၂၀၁၇ ကို နေပြည်တော်၌ ဇွန် ၁၄ ရက်အထိ ကျင်းပမည်ဖြစ်ပြီး ဇွန် ၁၅ ရက်တွင် အဆိုပါညီလာခံကိုယ်စားလှယ်များ ရန်ကုန်မြို့သို့ လေ့လာရေးခရီး သွားရောက်လည်ပတ်ကြမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# TVET ဥပဒေထွက်ရှိရန် လွှတ်တော်တွင် အတည်ပြုပြဋ္ဌာန်းနိုင်ရေး ကြိုးပမ်းဆောင်ရွက်နေ

**နေပြည်တော် ဇွန် ၁၃**

ယနေ့ ဒစ်ဂျစ်တယ်ခေတ်တွင် လုပ်သားဈေးကွက် လိုအပ်ချက်ပြောင်းလဲလာမှု၊ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးကဏ္ဍတွင် ပုဂ္ဂလိကလုပ်ငန်းရှင်များ ပါဝင်ဆောင်ရွက်ခြင်း၏ အရေးပါမှု၊ (၂၁) ရာစုတွင် နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးကဏ္ဍတွင် ဆောင်ရွက်နေသူများ၏ အရည်အသွေးမြှင့်တင်ရေးဆိုင်ရာ အခြေအနေများနှင့် စပ်လျဉ်း၍ ဒေသတွင်း နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးကဏ္ဍဆိုင်ရာညီလာခံ (Regional TVET Conference) ကို ဇွန် ၁၃ ရက်တွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်း ဗဟိုဌာန(၂)၌ ကျင်းပသည်။

ညီလာခံသို့ အာဆီယံနိုင်ငံများမှ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးကဏ္ဍနှင့် သက်ဆိုင်သော အဆင့်မြင့်အရာရှိကြီးများ အပါအဝင် နိုင်ငံပေါင်း ၂၄ နိုင်ငံမှ ကျွမ်းကျင်ပညာရှင်များနှင့် ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ရာ တက်ရောက်သူတချို့ကို မေးမြန်းဖြစ်ခဲ့သည်။



ဒေါ်ရင်ရင်အေး



ဦးကိုကိုလွင်



ခရစ္စတိုဖာစပိုရ်



Jeanette(GIZ)



ဒေါက်တာအေးမြင့်

**ဒေါ်ရင်ရင်အေး**
**(Chief Relation Officer၊ အသက်မွေးမှုအတတ်ပညာသင်တန်းကျောင်း)**

မနှစ်က Technical and Vocational Education and Training (TVET) Forum ဆိုပြီး ကျင်းပခဲ့တဲ့အချိန်မှာ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က တက္ကသိုလ်ပညာရေးဟာ အရေးကြီးတယ်။ ဒါပေမယ့် သက်မွေးပညာနဲ့ နည်းပညာသင်တန်းများဟာလည်း ဒုတိယအဆင့်မဟုတ်ပါဘူးလို့ သူ့ရဲ့ မိန့်ခွန်းမှာ ပြောကြားခဲ့ဖူးပါတယ်။ မြန်မာနိုင်ငံမှာ စီးပွားရေးလုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်လာမယ်ဆိုရင် လူငယ်တွေအတွက် အလုပ်အကိုင်အခွင့်အလမ်းတွေလည်း ပိုရလာမယ်။ ဖွံ့ဖြိုးတိုးတက်လာတဲ့၊ ရင်းနှီးမြှုပ်နှံလာတဲ့ လုပ်ငန်းတွေပေါ်မှာ မူတည်ပြီး ကျွမ်းကျင်မှုအမျိုးမျိုး လိုအပ်လာမယ်။ အဲဒီလိုအပ်တာတွေကို စာတွေ့လက်တွေ့ သင်ကြားပေးနိုင်တာကတော့ သက်မွေးပညာနဲ့ နည်းပညာသင်တန်းများဖြစ်ပါတယ်။ အဲဒါတွေ ဖွံ့ဖြိုးတိုးတက်လာခြင်းဟာ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ရေရှည်ခိုင်မြဲလာခြင်းနဲ့ အမြဲတမ်းဆက်စပ်နေပါတယ်။ အခုဆိုရင် မြန်မာနိုင်ငံမှာ စီးပွားရေးလုပ်ငန်းများကလည်း အခွင့်အလမ်းတွေ ပိုမိုပွင့်လာတယ်။ နိုင်ငံတကာနဲ့လည်း ပိုမိုဆက်ဆံလာတယ်။ လက်တွေ့လုပ်ငန်းတွေ ဆောင်ရွက်နိုင်ခြင်းမရှိဘဲ၊ လက်တွေ့သင်ကြားနိုင်မယ့် အခွင့်အလမ်းတွေ မရှိဘဲ ကျွမ်းကျင်မှုက တက်မလာပါဘူး။ တိုင်းပြည်ရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာတာနဲ့အမျှ ကျွမ်းကျင်မှုတွေ လိုလာမယ်။ စီးပွားရေးလုပ်ငန်းတွေရဲ့လိုအပ်ချက်အပေါ် မူတည်ပြီးတော့ TVET ကို ပိုပြီးစည်းရုံးဆောင်ရွက်သွားမယ်။ သက်ဆိုင်ရာလုပ်ငန်းတွေမှာ လူငယ်တွေ အလုပ်အကိုင် အခွင့်အလမ်းတွေ ရရှိပြီး လုပ်ကိုင်ဆောင်ရွက်နိုင်မယ်ဆိုရင် ကျွမ်းကျင်မှုလည်း တိုးတက်လာမှာပါ။


အာဆီယံဒေသတွင်းမှာတော့ စီးပွားရေးလုပ်ငန်းတွေ၊ အလုပ်အကိုင်အခွင့်အလမ်းတွေ အများကြီးရှိတဲ့နိုင်ငံတွေလည်းရှိတယ်။ ဒီနိုင်ငံက လူတွေ Skill Development ရှိတာလည်း လုပ်ကိုင်ဆောင်ရွက်နေရင်းက လေ့ကျင့်သင်ကြားနေလို့ပါ။ မြန်မာနိုင်ငံမှာလည်း ပါဝင်ပတ်သက်နေကြတဲ့ပုဂ္ဂိုလ်တွေက အားလုံးစိတ်ပါဝင်စားပြီး ပူးပေါင်းဆောင်ရွက်ကြမယ်ဆိုရင်၊ ဒေသတွင်းက နိုင်ငံတွေနဲ့ အပြန်အလှန် ဆွေးနွေးကြမယ်၊ ဆောင်ရွက်ကြမယ်ဆိုရင် ဆက်ပြီးတော့ အကောင်အထည်ဖော်နိုင်မယ်ဆိုရင်တော့ ရေရှည်ဖွံ့ဖြိုးတိုးတက်တဲ့ TVET ဟာ မြန်မာနိုင်ငံအတွက်လည်း အများကြီးနဲ့အမြန်ဆုံး ဖြစ်လာမှာပါ။

**ဦးကိုကိုလွင်(အမြဲတမ်းအတွင်းဝန်၊ စက်မှုဝန်ကြီးဌာန)**

ကျွန်တော်တို့စက်ရုံတွေမှာဆိုရင် ကျွမ်းကျင်လုပ်သား လိုအပ်ချက်က အလွန်များပါတယ်။ အခုပညာရေးဝန်ကြီးဌာနကနေပြီး Vocational Training ကို ဦးဆောင်ပြီးတော့ စက်မှုဝန်ကြီးဌာန၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ အခြားဝန်ကြီးဌာနတွေဖြစ်တဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အပါအဝင် TVET မှာ ပါဝင်ပတ်သက်နေတဲ့ ဝန်ကြီးဌာနတွေ၊ UMFCCI တို့လို အဖွဲ့အစည်းတွေပါတယ်။ အားလုံးပါဝင်ပြီးတော့ တိုးတက်မှုရှိဖို့ TVET ကို အကောင်အထည် ဖော်မယ်ဆိုရင်တော့ မြန်မာနိုင်ငံရဲ့ ကျွမ်းကျင်လုပ်သားဈေးကွက်လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်မှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ဝန်ကြီးဌာနအနေနဲ့ TVET နဲ့ ပတ်သက်ပြီးတော့ ဆယ်တန်းအဆင့် တက္ကသိုလ်ပညာကို ဆက်ပြီးမသင်ကြားနိုင်ဘူးဆိုတဲ့ ကလေးတွေကို အဓိကထားပါတယ်။ အသက်(၁၇) နှစ်ကနေ (၂၅)နှစ်အတွင်း ကလေးတွေကို တစ်နှစ်သင်တန်း လေ့ကျင့်ပေးပြီး အလုပ်အကိုင် ရှာဖွေပေးပြီးတော့ အလုပ်ခွင်ထဲကို ကျွမ်းကျင်လုပ်သားအဖြစ်နဲ့ ပို့ပေးတဲ့သင်တန်းတွေဖြစ်ပါတယ်။ အရင်တုန်းကတော့ အစိုးရစက်ရုံ၊ အလုပ်ရုံတွေအတွက်ပဲ ရည်ရွယ်ခဲ့ပေမယ့် အခုနောက်ပိုင်းတော့ ပုဂ္ဂလိကကဏ္ဍတွေကို လွတ်လွတ်လပ်လပ် သွားနိုင်အောင် ကြိုက်တဲ့ကုမ္ပဏီ၊ အလုပ်ရုံတွေမှာ လုပ်ကိုင်နိုင်အောင် ချိတ်ဆက်ပေးပါတယ်။ အဓိကကတော့ ကလေးတွေကို စက်မှုအတတ်ပညာ သင်ပေးတယ်။ အလုပ်အကိုင်ရအောင်ရှာပေးတယ်။ ဆက်ပြီး ပညာသင်ကြားချင်လို့ရှိရင်လည်း ဆောင်ရွက်ပေးလျက်ရှိပါတယ်။ စက်မှုဝန်ကြီးဌာနအောက်မှာတော့ စက်မှုသင်တန်းကျောင်း ခြောက်ကျောင်းရှိပါတယ်။ သက်မွေးပညာနဲ့ပတ်သက်တဲ့ ဝန်ကြီးဌာနကတော့ ၁၂ ခုလောက်ရှိပါတယ်။

စာမျက်နှာ ၉ သို့

# တပ်မတော်သယ်ယူပို့ဆောင်ရေးလေယာဉ် ပျောက်ဆုံးရာတွင် ပါဝင်ခဲ့သူများအတွက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌဦးဝင်းမြင့် အလှူငွေများပေးအပ်လှူဒါန်း



**နေပြည်တော် ဇွန် ၁၃**
တပ်မတော်သယ်ယူပို့ဆောင်ရေး လေယာဉ် Y-8 ပျက်ကျရာတွင် ပါဝင်သွားသော အရာရှိ/စစ်သည်များ၊ မိသားစုဝင်များနှင့် လေယာဉ်အမှုထမ်းများအတွက် အလှူငွေပေးအပ်လှူဒါန်းခြင်းအခမ်းအနားကို ယနေ့နံနက် ၉ နာရီ ၁၅ မိနစ်တွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဧည့်ခန်းမဆောင်၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်က လှူဒါန်းငွေကျပ် ၁၂၂၀၀၀၀၀ ကို ပေးအပ်လှူဒါန်းရာ တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးချုပ်မောင်မောင်က လက်ခံရယူသည်။

အဆိုပါ အခမ်းအနားသို့ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်၊ ပြည်သူ့လွှတ်တော်ကော်မတီဥက္ကဋ္ဌများ၊ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

■

# ဒုတိယကြိမ်မြောက် တရုတ်-အာဆီယံ တရားမျှတမှုဆိုင်ရာဖိုရမ်ကျင်းပ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး တက်ရောက်




**နေပြည်တော် ဇွန် ၁၃**
တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးကျွမ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နန်နင်းမြို့တွင် ဇွန် ၇ ရက်နှင့် ၈ ရက်တို့တွင် ကျင်းပသည့် "ဒုတိယကြိမ်မြောက် တရုတ်-အာဆီယံ တရားမျှတမှုဆိုင်ရာဖိုရမ်"သို့ ပြည်ထောင်စု တရားသူကြီးချုပ် ဦးထွန်းထွန်းဦး တက်ရောက်ခဲ့သည်။

ယင်းဖိုရမ်သို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြည်သူ့တရားရုံးချုပ်နှင့် ပြည်နယ် တရားလွှတ်တော်များ၊ အာဆီယံနိုင်ငံများနှင့် တောင်အာရှနိုင်ငံများမှ တရားသူကြီးချုပ်များ၊ တရားရေးဥက္ကဋ္ဌများ၊ ဒုတိယတရားသူကြီးချုပ်များ၊ တရားသူကြီးများနှင့် ကိုယ်စားလှယ်အဖွဲ့များ တက်ရောက်ကြသည်။

ပြည်ထောင်စု တရားသူကြီးချုပ် ဦးထွန်းထွန်းဦးသည် ဖိုရမ်ဖွင့်ပွဲတွင် အာဆီယံနိုင်ငံများ၏ကိုယ်စား အမှာစကားပြောကြားခဲ့သည်။ အဆိုပါဖိုရမ်၌ အင်တာနက်ခေတ်တွင် တရားစီရင်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု၊ ပင်လယ်ရေကြောင်း ပိုးလမ်းမကြီး ဖြစ်ထွန်းလာမှုနှင့် နိုင်ငံဖြတ်ကျော် အငြင်းပွားမှုများအား ဖြေရှင်းခြင်းစသည့် ခေါင်းစဉ်များအောက်တွင် သတ်မှတ်ထားသည့် ခေါင်းစဉ်ခွဲငယ်များဖြင့် ဖိုရမ်သို့တက်ရောက်လာကြသူများက ဆွေးနွေးကြပြီးနောက် "နန်နင်းကြေညာချက် (Nanning Statement)"ကို သဘောတူထုတ်ပြန်ခဲ့သည်။

ပြည်ထောင်စု တရားသူကြီးချုပ်သည် ဖိုရမ်သို့ တက်ရောက်စဉ်အတွင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြည်သူ့တရားရုံးချုပ်ဥက္ကဋ္ဌ တရားသူကြီးချုပ် H.E. Mr. ZHOU Qiang နှင့် သီးခြားတွေ့ဆုံ၍ နှစ်နိုင်ငံတရားစီရင်ရေးကဏ္ဍများအကြား ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ဆောင်ရွက်ရေး ဆွေးနွေးခဲ့သည်။

နန်နင်းကြေညာချက်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြည်သူ့တရားရုံးချုပ်နှင့် ဖိုရမ်သို့တက်ရောက်သည့် နိုင်ငံများ၏ တရားစီရင်ရေးကဏ္ဍများအကြား အပြန်အလှန်သွားလာ လည်ပတ်မှုများ ဆောင်ရွက်ရေး၊ သတင်းအချက်အလက်များ ဖလှယ်ရေး၊ တရားစီရင်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး၊ သတင်းအချက်အလက်နည်းပညာ အသုံးပြုမှုများဖြင့် တရားရုံးလုပ်ငန်းများ ပိုမိုပွင့်လင်းမြင်သာမှုရှိရေးနှင့် ထိရောက်လျင်မြန်စွာ ဆောင်ရွက်လာနိုင်ရေး၊ နိုင်ငံများတွင် လက်ခံကျင့်သုံးလျက်ရှိသည့် ကူးသန်းရောင်းဝယ်ရေးဆိုင်ရာ ဥပဒေများကို နှိုင်းယှဉ်လေ့လာရေး၊ အငြင်းပွားမှုများကို အခြားနည်းဖြင့် ဖြေရှင်းသည့် လုပ်ငန်းစဉ်များ သတ်မှတ်နိုင်ရေးအတွက် စဉ်းစားနိုင်စေရေး၊ နိုင်ငံတစ်နိုင်ငံက ချမှတ်သည့် တရားမနှင့် ကူးသန်းရောင်းဝယ်ရေးဆိုင်ရာ စီရင်ဆုံးဖြတ်ချက်များကို အပြန်အလှန်အသိအမှတ်ပြု လိုက်နာဆောင်ရွက်နိုင်စေရန် အဆင်ပြေစေနိုင်မည့် နည်းလမ်းများကို ရှာဖွေနိုင်ရေး၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြည်သူ့တရားရုံးချုပ်က ဖွင့်လှစ်မည့် တရုတ်-အာဆီယံ တရားသူကြီးများအတွက် လေ့ကျင့်သင်ကြားပေးမှု သင်တန်းများတွင် အာဆီယံနိုင်ငံများကပံ့ပိုးကူညီပေးရေး စသည့်အချက်များ ပါဝင်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# နယ်ခြားစောင့်ရဲကွပ်ကဲမှုဌာန ရဲတပ်ဖွဲ့ဝင်မိသားစုများနှင့် ကျီးကန်းပြင်မြောက်နှင့်တောင်ရွာ ဒေသခံများအတွက် ဆန်နှင့် အာဟာရများ ထောက်ပံ့လှူဒါန်း

**မောင်တော ဇွန် ၁၃**
မိုရာဆိုင်ကလုန်းမုန်တိုင်းဒဏ်သင့်ခဲ့သည့် မောင်တောမြို့နယ် ကျီးကန်းပြင် အမှတ်(၁)နယ်ခြားစောင့် ရဲကွပ်ကဲမှုဌာနမှ ရဲတပ်ဖွဲ့ဝင် မိသားစုများနှင့် ကျီးကန်းပြင်မြောက်ရွာနှင့်တောင်ရွာဒေသခံများအတွက် ရွှေလက်များပရဟိတအဖွဲ့နှင့် ရက္ခိုတစွမ်းအားပရဟိတလူငယ်များအဖွဲ့အပါအဝင် ပရဟိတအဖွဲ့ငါးဖွဲ့ပူးပေါင်းကာ ဆန်နှင့်အာဟာရများ ထောက်ပံ့လှူဒါန်းပွဲအခမ်းအနားကို ဇွန် ၉ ရက်က အမှတ်(၁)နယ်ခြားစောင့် ရဲကွပ်ကဲမှုဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ရွှေလက်များပရဟိတအဖွဲ့နှင့် ရက္ခိုတစွမ်းအားပရဟိတလူငယ်များအဖွဲ့အပါအဝင် ပရဟိတအဖွဲ့ငါးဖွဲ့ကိုယ်စား ဦးဝင်းမောင်မောင်က ကျီးကန်းပြင် အမှတ်(၁)နယ်ခြားစောင့် ရဲကွပ်ကဲမှုဌာနမှ ဒုတိယကွပ်ကဲရေးမှူး ရဲမှူးကြီးညဏ်မြင့်ကျော်အား ထောက်ပံ့ရေးပစ္စည်းများ ပေးအပ်လှူဒါန်းပြီး ရဲမှူးချုပ်သူရစန်းလွင်က ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

"မုန်တိုင်းဒဏ်သင့်ခဲ့တဲ့ ရဲတပ်ဖွဲ့ဝင်မိသားစုတွေနဲ့ ကျီးကန်းပြင်မြောက်ရွာနဲ့ တောင်ရွာဒေသခံတွေအတွက် ဆန်အိတ် ၅၀ နဲ့ အာဟာရပစ္စည်းတွေ လှူဒါန်းခဲ့ပါတယ်။ ပရဟိတအဖွဲ့ငါးဖွဲ့ စုပေါင်းပြီး တတ်နိုင်သလောက် ဒုက္ခရောက်နေတဲ့ သွေးချင်းညီအစ်ကိုမောင်နှမတွေအတွက် လာလှူဒါန်းတာပါ"ဟု ဦးဝင်းမောင်မောင်က ပြောသည်။

ရွှေလက်များပရဟိတအဖွဲ့နှင့် ရက္ခိုတစွမ်းအားပရဟိတ လူငယ်များအဖွဲ့ အပါအဝင် ပရဟိတအဖွဲ့ငါးဖွဲ့က မောင်တောမြို့နယ် အမှတ်(၁)နယ်ခြားစောင့် ရဲကွပ်ကဲမှုဌာနအနီး မုန်တိုင်းဒဏ်ကြောင့် ပျက်စီးခဲ့သည့် ဇေယျာသီရိ တပ်ဦးစေတီတော် ပန်းလည်တိုင်ကိုလည်း ပြန်လည်ပြုပြင်ရန်အတွက် လှူဒါန်းခဲ့ကြောင်း သိရသည်။

ထို့အတူ မိုရာဆိုင်ကလုန်းမုန်တိုင်းဒဏ်သင့်ခဲ့သည့် ရခိုင်ပြည်နယ် မြို့နယ်များမှ ဒေသခံပြည်သူများအတွက်လည်း ရွှေလက်များပရဟိတအဖွဲ့နှင့် ရက္ခိုတစွမ်းအားပရဟိတလူငယ်များအဖွဲ့အပါအဝင် ပရဟိတအဖွဲ့ငါးဖွဲ့ပူးပေါင်းကာ ရခိုင်ပြည်နယ်အစိုးရသို့ ဆန်အိတ် ၅၀ ဆက်လက် လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ပရဟိတအဖွဲ့များသည် ရခိုင်ပြည်နယ် သဘာဝဘေးဒုက္ခခံစားရသည့်နေရာများသို့ လှူဒါန်းမှုများပြုလုပ်ခဲ့ရာ ငါးကြိမ်လှူဒါန်းခဲ့ပြီး ငွေကျပ်သိန်း ၈၀၀ ခန့် လှူဒါန်းပြီးဖြစ်ကြောင်း သိရသည်။

**သတင်း-မင်းသစ် (MNA)၊ ဓာတ်ပုံ-ရဲထွန်း**



# တပ်မတော်သယ်ယူပို့ဆောင်ရေးလေယာဉ် ပျောက်ဆုံးရာတွင် ပါဝင်ခဲ့သူများအတွက် ထောက်ပံ့ငွေပေးအပ်



**နေပြည်တော် ဇွန် ၁၃**
ပျက်ကျသွားသော တပ်မတော်ပို့ဆောင်ရေး Y-8 လေယာဉ်တွင် ပါဝင်သွားခဲ့သည့် အရာရှိ/စစ်သည်၊ မိသားစုများနှင့် လေယာဉ်အမှုထမ်းများအတွက် ထောက်ပံ့ငွေကျပ် ၁၂၂ သိန်းကို ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်က ယနေ့မွန်းလွဲပိုင်းတွင် ကာကွယ်ရေးဝန်ကြီးဌာန ဝန်ကြီးရုံးသို့ လာရောက်ပေးအပ်လှူဒါန်းရာ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်းက လက်ခံရယူသည်။

အလားတူ အဆိုပါ လေယာဉ်တွင် ပါဝင်သွားသူများအတွက် ထောက်ပံ့ငွေကျပ် ၁၀ သိန်းကို ဒုတိယဗိုလ်ချုပ်ကြီး ဝေလွင်(ငြိမ်း)၊ ဒေါ်ဆွေဆွေဦး မိသားစုတို့က ကာကွယ်ရေးဝန်ကြီးဌာနဝန်ကြီးရုံးသို့ ပေးအပ်လှူဒါန်းကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

❒ စာမျက်နှာ ၇ မှ

**ခရစ္စတိုဖာစပိုရ်**
**(ပညာရေးနှင့် လူမှုရေးဆိုင်ရာကျွမ်းကျင်ပညာရှင်၊ အာရှဖွံ့ဖြိုးရေးဘဏ်)**

၂၀၁၂ ခုနှစ်ကတည်းက အာရှဖွံ့ဖြိုးရေးဘဏ်အနေနဲ့ မြန်မာပြည်ရဲ့ပညာရေးကဏ္ဍကို အထောက်အကူပေးပါတယ်။ ပညာရေးဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာနအပါအဝင် အခြားသက်ဆိုင်ရာဝန်ကြီးဌာနတွေ၊ သက်ဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်းတွေနဲ့အတူ TVET အတွက် ပူးပေါင်းဆောင်ရွက်ပါတယ်။ ပညာရေးဝန်ကြီးဌာနက လုပ်နေတဲ့ CESR ကိုလည်း အထောက်အပံ့ပေးပါတယ်။ CESR ကိုလုပ်ခြင်းအားဖြင့် မိတ်ဖက်အဖွဲ့အစည်းတွေအတွက်လည်း ပညာရေးကဏ္ဍမှာ၊ စက်မှုသက်မွေးကဏ္ဍမှာ ဘယ်လိုစိန်ခေါ်မှုတွေရှိတယ်ဆိုတာတွေ ပိုပြီးသိလာစေတယ်။ အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း (NESP) ငါးနှစ်စီမံကိန်းကိုလည်း CESR က အထောက်အကူပြုတယ်။ အာရှဖွံ့ဖြိုးရေးဘဏ်က TVET စနစ်ကို လုပ်တယ်။ အလယ်တန်းတွေ၊ အထက်တန်းတွေနဲ့ ပတ်သက်တာတွေကိုလည်း အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်းအရ အထောက်အပံ့ပေးနေသလို ပြီးခဲ့တဲ့နှစ်ကလည်း အာရှဖွံ့ဖြိုးရေးဘဏ်အနေနဲ့ Equiping You for Employment အတွက် အမေရိကန်ဒေါ်လာ ၈၉ ဒသမ ၅ သန်းအကူအညီပေးခဲ့ပါသေးတယ်။ သင်ရိုးညွှန်းတမ်းပြန်လည်ပြင်ဆင်ရေးဆွဲခြင်းနှင့် သင်ကြားရေးပိုင်းတိုးတက်ရေး စတဲ့ကဏ္ဍတွေအတွက်လည်း အထောက်အကူပေးနေပါတယ်။ အဲဒါဟာ အရင်ကလို အလွတ်ကျက်တာမျိုးတွေ မဟုတ်တော့ဘဲ (၂၁)ရာစုမှာ လိုအပ်တဲ့ တွေးခေါ်နိုင်တဲ့စွမ်းရည်၊ ပြဿနာဖြေရှင်းနိုင်မယ့်စွမ်းရည်၊ ဆက်သွယ်ဆက်ဆံရေးစွမ်းရည်တွေ ရှိလာအောင်လို့ပါ။ Equiping You for Employment ဟာ TVET အတွက်ရော ပညာရေးအတွက်ပါ အထောက်အကူပေးပါတယ်။ အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်းအတွက် ကာလတိုသင်တန်းပေးမှုတွေမှာလည်း အာရှဖွံ့ဖြိုးရေးဘဏ်အနေနဲ့ ကူညီပေးနေပါတယ်။

**Jeanette(GIZ)**

GIZ Project အနေဖြင့် သက်မွေးပညာရပ်ကို ပြုပြင်ပြောင်းလဲတဲ့နေရာမှာ အဓိကနေရာက ပါဝင်ဆောင်ရွက်လျက်ရှိပါတယ်။ ကျွန်မတို့ အဓိကပူးပေါင်းဆောင်ရွက်နေတာကတော့ ပညာရေးဝန်ကြီးဌာန၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာနတို့နဲ့ဖြစ်ပါတယ်။ TVET ပြုပြင်ပြောင်းလဲရေးမှာ ပုဂ္ဂလိကအခန်းကဏ္ဍက အလွန်အရေးပါပါတယ်။ ဒါကြောင့် ပုဂ္ဂလိကကဏ္ဍတွင် TVET ပြုပြင်ပြောင်းလဲရေးမှာ UMFCCI နဲ့ အဓိကပူးပေါင်းဆောင်ရွက်နေပါတယ်။ ပုဂ္ဂလိကကဏ္ဍနဲ့ ပူးပေါင်းဆောင်ရွက်တဲ့အချိန်မှာ စီးပွားရေးပညာရှင်တွေ၊ စီးပွားရေးလုပ်ငန်းရှင်တွေ၊ ပြီးတော့ TVET နဲ့ အဓိကပါဝင်ပတ်သက်တဲ့ အဖွဲ့အစည်းတွေနဲ့ ပူးပေါင်းဆောင်ရွက်နေပါတယ်။

အဓိကရည်ရွယ်ချက်ကတော့ ဝန်ကြီးဌာန၊ ပုဂ္ဂလိကနဲ့ ကျောင်းတွေမှာ လူ့စွမ်းအားအရင်းအမြစ်တွေ ဖွံ့ဖြိုးလာဖို့ ကူညီဆောင်ရွက်ပေးနေပါတယ်။ လေ့ကျင့်သင်ကြားမှုအနေနဲ့ စီမံခန့်ခွဲမှုနဲ့ပတ်သက်တဲ့ကိစ္စရပ်တွေ၊ အဖွဲ့အစည်းတွေ အားကောင်းလာအောင်၊ ဖွံ့ဖြိုးလာအောင် ဘယ်လိုလုပ်ရမလဲဆိုတဲ့ ဘာသာရပ်တွေ၊ သက်မွေးပညာနဲ့ ပတ်သက်တဲ့ နည်းပညာကျောင်းတွေမှာရှိတဲ့ ဆရာ ဆရာမတွေကို လေ့ကျင့်သင်ကြားပေးနေပါတယ်။ ဆရာ ဆရာမတွေကတစ်ဆင့် မြန်မာနိုင်ငံတစ်နိုင်ငံလုံးရှိ သက်မွေးပညာကျောင်းမှာရှိတဲ့ ကျောင်းသား ကျောင်းသူတွေကို ပြန်လည်သင်ကြားပေးဖို့ ရည်ရွယ်ခြင်းဖြစ်ပါတယ်။ ပထမအဆင့်အနေနဲ့ ဆရာ ဆရာမတွေကို သင်ကြားပေးဖို့ အဓိကရည်ရွယ်ပါတယ်။ GIZ Project အနေဖြင့် ရန်ကုန်၊ မန္တလေးနဲ့ ရှမ်းပြည်နယ်မှာ ရုံးစိုက်ပြီးတော့ လုပ်ငန်းတွေကို အဓိကလုပ်ဆောင်နေပါတယ်။

**ဒေါက်တာအေးမြင့်(ညွှန်ကြားရေးမှူးချုပ်၊ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန)**

TVET ရဲ့ ရည်ရွယ်ချက်ကတော့ နည်းပညာ၊ သက်မွေးပညာနဲ့ လေ့ကျင့်ရေးကျောင်းတွေကနေ မွေးထုတ်ပေးလိုက်တဲ့ ကျောင်းသား ကျောင်းသူက ကျောင်းပြီးတာနဲ့ လုပ်ငန်းခွင်ဝင်နိုင်ဖို့၊ လုပ်ငန်းခွင်မှာ အသုံးတည့်ဖို့ ရည်ရွယ်ထားပါတယ်။ အဲဒီရည်ရွယ်ချက်အောင်မြင်အောင် ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းတွေရဲ့ အကူအညီကို ရယူပြီး အားလုံးပူးပေါင်းဆောင်ရွက်နေပါတယ်။ TVET ဥပဒေထွက်ရှိဖို့ မူကြမ်းကိုလည်း ရေးဆွဲပြီးဖြစ်ပါတယ်။ မကြာခင်မှာ လွှတ်တော်တွင် အတည်ပြုပြဋ္ဌာန်းနိုင်ရေး ကြိုးပမ်းဆောင်ရွက်နေပါတယ်။ အဲဒီကိစ္စပြီးရင် အလုပ်သမားဝန်ကြီးဌာနရှိတဲ့ လုပ်သားကျွမ်းကျင်မှု စံသတ်မှတ်ရေးအဖွဲ့နဲ့ ချိတ်ဆက်ပြီး ဆက်လက်လုပ်ဆောင်သွားမှာပါ။

TVET နဲ့ပတ်သက်လို့ ရန်ကုန်မြို့မှာဆိုရင် ကာလတိုအပ်ချုပ်သင်တန်းကို ADB, GIZ နဲ့ ပူးပေါင်းပြီး လေးငါးကြိမ်လုပ်ပြီးသွားပါပြီ။ ပုသိမ်မှာလည်း လုပ်နေပါပြီ။ အထည်ချုပ်လုပ်ငန်းရှင်တွေကလည်း UMFCCI နဲ့ ပူးပေါင်းဆောင်ရွက်ပြီး သင်တန်းတွေဖွင့်လှစ်သင်ကြားနေပါတယ်။ ADB နဲ့ပူးပေါင်းပြီး အုတ်စီလုပ်ငန်း၊ ဝရိန်သင်တန်း၊ သံချည်သံကွေးသင်တန်းတွေ ပို့ချသင်ကြားပေးနေပါတယ်။ သက်မွေးပညာနဲ့ပတ်သက်တဲ့ ကျောင်းတွေမှာ တက်ရောက်သင်ကြားတဲ့ ကျောင်းသား ကျောင်းသူတွေကို နိုင်ငံတော်ကနေ တစ်လကို ထောက်ပံ့ကြေး သုံးသောင်းပေးပါတယ်။ အစိုးရအနေနဲ့ သက်မွေးပညာကျောင်းတွေဖြစ်တဲ့ GTI ဆိုရင် သုံးနှစ်၊ စက်မှုကဏ္ဍဆိုရင် နှစ်နှစ် ထောက်ပံ့ပေးတဲ့အတွက်ကြောင့် မိဘတွေအနေနဲ့ သားသမီးတွေအတွက် ပညာသင်စရိတ် သက်သာစေမှာ ဖြစ်ပါတယ်။

အာဆီယံနိုင်ငံများတွင် စီးပွားရေးကဏ္ဍ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာမှုများနှင့် ၂၀၁၅ ခုနှစ်မှစတင်၍ အာဆီယံစီးပွားရေးအသိုက်အဝန်း (ASEAN Economic Community) စတင်လာသည်နှင့်အမျှ ကျွမ်းကျင်လုပ်သားများ အာဆီယံနိုင်ငံများအကြား ပြောင်းရွှေ့လုပ်ကိုင်လာနိုင်သည့် အခွင့်အလမ်းများလည်း ပိုမိုမြင့်တက်လာခြင်းကြောင့် ကျွမ်းကျင်ပညာရှင်များ လေ့ကျင့်သင်ကြားပေးနိုင်သည့် နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးကဏ္ဍသည်လည်း အရေးပါသော အခန်းကဏ္ဍတစ်ခုအနေဖြင့် ပါဝင်လာခဲ့သည်။

**(နိုင်လင်းကြည်၊ ကိုမင်း)**



✪ လူ ၁၂၂ ဦးမှ

ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ဝန်ထမ်းများနှင့် နယ်မြေခံတပ်မိသားစုများက စီစဉ်ဆောင်ရွက်ပေးသည့် ထမင်း၊ ဟင်းနှင့် စားသောက်ဖွယ်ရာများအား တာဝန်ရှိသူများက လိုက်လံဝေငှပေးသည်။

ယနေ့တွင် မောင်းမကန်-မရင်းကြီး ကမ်းခြေတစ်လျှောက် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ဆောင်နေသည့် မြေပြင်တပ်များက အမျိုးသားရုပ်အလောင်း နှစ်လောင်းနှင့် ကျား/မ မခွဲခြားနိုင်သည့် ရုပ်အလောင်းတစ်လောင်း စုစုပေါင်း ရုပ်အလောင်း သုံးလောင်းအား ရှာဖွေတွေ့ရှိခဲ့သဖြင့် ယခုအချိန်အထိ စုစုပေါင်း ရုပ်အလောင်း ၈၆ လောင်း ရှာဖွေတွေ့ရှိခဲ့ပြီဖြစ်ကြောင်း သိရသည်။

ပင်လယ်ပြင်အတွင်း ဆယ်ယူရရှိခဲ့သည့် ရုပ်အလောင်းများအား ထားဝယ်မြို့ရှိ တပ်မတော်ဆေးရုံသို့ပို့ဆောင်ပြီး လိုအပ်သည့် ဆေးဘက်ဆိုင်ရာစစ်ဆေးမှုများ၊ ကျန်ရစ်သူမိသားစုများက ကြည့်ရှုစစ်ဆေးမှုများ လုပ်ဆောင်လျက်ရှိရာ ယခုအချိန်အထိ အမျိုးသားရုပ်အလောင်း ၂၄ လောင်း၊ အမျိုးသမီးရုပ်အလောင်း ၂၀ နှင့် ကလေးရုပ်အလောင်း လေးလောင်း စုစုပေါင်း ရုပ်အလောင်း ၄၈ လောင်းအား ရုပ်အမည်ခွဲခြားမှု ပြုလုပ်နိုင်ခဲ့ပြီး ဗုဒ္ဓဘာသာထုံးတမ်းစဉ်လာများ၊ တပ်မတော် လုပ်ထုံးလုပ်နည်းများနှင့်အညီ ကောင်းမွန်စွာ သဂြိုဟ်ပေးခဲ့ပြီးဖြစ်ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးမှ သတင်းရရှိသည်။

**(သတင်းစဉ်)**

## ပုဏ္ဏားကျွန်းမြို့နယ် ယိုးတရုတ်ကျေးရွာ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေး၊ ပစ္စည်းများလှူဒါန်း

**အမ်း ဇွန် ၁၃**

ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းမြို့နယ် ယိုးတရုတ်ကျေးရွာတွင် ဇွန် ၁၂ ရက်က လေဆင်နှာမောင်းတိုက်ခတ်မှု ဒဏ်ခံရသည့် ဒေသခံပြည်သူများအား ယနေ့နံနက်ပိုင်းက အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောက်ရှောက်မှု လုပ်ငန်းများ၊ စစ်တွေတပ်နယ် တပ်ရင်း/တပ်ဖွဲ့များမှ စားသောက်ဖွယ်ရာများနှင့် ပစ္စည်းများလှူဒါန်းခြင်း၊ နယ်မြေခံ တပ်မတော်သားများမှ လေဆင်နှာမောင်းတိုက်ခတ်မှုကြောင့် ဖြစ်ပေါ်ခဲ့သည့် အပျက်အစီးများ ဖယ်ရှားရှင်းလင်းခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရှိရသည်။



ထိုသို့ဆောင်ရွက်ရာတွင် သွေးတိုးရောဂါ၊ သွေးအားနည်းရောဂါ၊ သွားနှင့် ခံတွင်းရောဂါ၊ ဦးနှောက်နှင့် အာရုံကြောဆိုင်ရာရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါနှင့် အထွေထွေရောဂါ ဝေဒနာရှင်ဒေသခံပြည်သူ စုစုပေါင်း ၁၄၈ ဦးတို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးခဲ့ပြီး လေဆင်နှာမောင်းတိုက်ခတ်မှုကြောင့် အိုး၊ အိမ်ဆုံးရှုံးခဲ့သော ဒေသခံပြည်သူများအား နယ်မြေခံတပ်မတော်သားများက အဝတ်အထည်နှင့် စားသောက်ဖွယ်ရာများ လှူဒါန်းပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## မေလအတွင်း ပြည်ပသို့တရားဝင် အလုပ်သွားရောက်လုပ်ကိုင်သူ ၁၃၀၀၀ ကျော်နှင့် ပြည်တွင်းအလုပ်နေရာ ၁၂၀၀၀ ကျော် ခန့်ထားနိုင်ခဲ့

**နေပြည်တော် ဇွန် ၁၃**

နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် အလုပ်လုပ်ကိုင်နိုင်သူတစ်ဦးချင်းဝင်ငွေ တိုးပွားစေရေးအတွက် ရည်ရွယ်၍ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိစေရေးအတွက် ပြည်ပသို့ တရားဝင်စေလွှတ်ခြင်းနှင့် ပြည်တွင်းအလုပ်အကိုင်များ ရှာဖွေပေးခြင်းတို့ကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာတွင် ၂၀၁၇ ခုနှစ်အတွင်း ပြည်တွင်းအလုပ်အကိုင်ရရှိရေးကို ဦးစားပေးဆောင်ရွက်ပေးခဲ့ပြီး သင့်တော်ကောင်းမွန်သည့် အလုပ်အကိုင်များရရှိစေရေးနှင့် အလုပ်ရှင်များအတွက်လည်း အလုပ်သမား လုံလောက်စွာခန့်အပ်ထားရှိရန် အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံးများတွင် Labour Exchange Management System ဖြင့် Online မှ ဆောင်ရွက်ပေးခြင်းတို့ကို လုပ်ဆောင်လျက်ရှိရာ ၂၀၁၇ ခုနှစ် မေလအတွင်း ပြည်တွင်းအလုပ်အကိုင် အစိုးရနှင့် ပုဂ္ဂလိကနှစ်ရပ်ပေါင်း ၁၂၅၇၃ ဦးနှင့် ပြည်ပအလုပ်အကိုင် ၁၃၇၆၈ ဦးကို အလုပ်ရှာဖွေပေးနိုင်ခဲ့သည်။

အစိုးရနှင့် ပုဂ္ဂလိကနှစ်ရပ်ပေါင်း ပြည်တွင်းအလုပ်အကိုင်ရရှိမှု၌ ပြည်ထောင်စုနယ်မြေတွင် ၁၅၄ နေရာ၊ ရန်ကုန်တိုင်းဒေသကြီးတွင် ၈၀၀၇ နေရာ၊ ဧရာဝတီတိုင်းဒေသကြီးတွင် ၁၁၁ နေရာ၊ ပဲခူးတိုင်းဒေသကြီးတွင် ၁၈၆၄ နေရာ၊ မန္တလေးတိုင်းဒေသကြီးတွင် ၈၃၉ နေရာ၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် ၂၉၈ နေရာ၊ မကွေးတိုင်းဒေသကြီးတွင် ၄၃၄ နေရာ၊ တနင်္သာရီတိုင်းဒေသကြီးတွင် ၂၁၂ နေရာ၊ ကချင်ပြည်နယ်တွင် ၅၂ နေရာ၊ ကယားပြည်နယ်တွင် ၂၅ နေရာ၊ ကရင်ပြည်နယ်တွင် ၁၁၁ နေရာ၊ ချင်းပြည်နယ်တွင် ၁၇ နေရာ၊ မွန်ပြည်နယ်တွင် ၁၈၆ နေရာ၊ ရခိုင်ပြည်နယ်တွင် ၈၄ နေရာနှင့် ရှမ်းပြည်နယ်တွင် ၁၇၉ နေရာ စုစုပေါင်း ၁၂၅၇၃ နေရာအား အလုပ်ရှာဖွေပေးနိုင်ခဲ့ပြီး နိုင်ငံအလိုက် ပြည်ပအလုပ်အကိုင်ရရှိမှုမှာ မလေးရှားနိုင်ငံသို့ ၂၂၁ ဦး၊ စင်ကာပူနိုင်ငံသို့ ခြောက်ဦး၊ ကိုရီးယားနိုင်ငံသို့ ၃၃၂ ဦး၊ ထိုင်းနိုင်ငံသို့ ၁၂၈၇၇ ဦး၊ ဂျပန်နိုင်ငံသို့ ၂၉၆ ဦး၊ ယူအေအီးသို့ ၁၉ ဦး၊ ကာတာနိုင်ငံသို့ ၁၇ ဦး စုစုပေါင်း ၁၃၇၆၈ ဦး စေလွှတ်နိုင်ခဲ့ခြင်းဖြစ်သည်။ **(နိုင်လင်းကြည်)**

❂ မြန်မာအသင်းမှ

၂၉ မိနစ်တွင် မြန်မာအသင်း ဒုတိယဂိုးရခဲ့ပြီး အောင်သူ ဖန်တီးပေးသောဘောလုံးကို တိုက်စစ်မှူး ကျော်ကိုကိုက ကန်သွင်းယူခဲ့ခြင်းဖြစ်သည်။

ဒုတိယပိုင်းတွင် မြန်မာအသင်းက ကျော်ကိုကိုအစား မင်းမင်းသူ၊ ရန်နိုင်ဦးအစား မျိုးကိုထွန်းတို့ကို ထည့်သွင်းကစားခဲ့သည်။ ဒုတိယပိုင်းအစတွင် အောင်သူနှင့် မင်းမင်းသူတို့ အပိုင်အခွင့်အရေးများ အသုံးမချနိုင်ခဲ့သော်လည်း မိနစ် ၆၀ နောက်ပိုင်းတွင် ဂိုးများထပ်ရခဲ့သည်။ ၆၁ မိနစ်တွင် စည်သူအောင်က မြန်မာအသင်းအတွက် တတိယဂိုးသွင်းယူခဲ့ပြီး ၇၃ မိနစ်တွင် တင်ဝင်းအောင်၏ ဖန်တီးပေးမှုမှတစ်ဆင့် မင်းမင်းသူက စတုတ္ထဂိုး သွင်းယူခဲ့သည်။

မြန်မာအသင်းသည် နှစ်ပွဲကစားအပြီးတွင် တစ်ပွဲနိုင်၊ တစ်ပွဲရှုံး သုံးမှတ်ရထားပြီး မကာအိုအသင်းမှာ နှစ်ပွဲစလုံး ရှုံးနိမ့်ထားသည်။

**သတင်း-ရှိုင်းထက်ဇော်၊ ဓာတ်ပုံ-MFF**

# ရန်ကုန် သတင်းမြင်ကွင်း

## ကျူးကျော်နေထိုင်သူများကို စနစ်တကျ ပြန်လည်နေရာချထားပေးနိုင်ရန် နိုင်ငံတကာအဖွဲ့ အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မည်

**ရန်ကုန် ဇွန် ၁၃**

ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာနယ်နိမိတ်အတွင်း ကျူးကျော်နေထိုင်သူများကို စနစ်တကျ ပြန်လည်နေရာချထားပေးနိုင်ရန် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့မှ သိရသည်။

"ကျူးကျော်တွေကို စနစ်တကျပြန်လည်နေရာချထားပေးဖို့အတွက် ကျွန်တော်တို့ အင်မတန်စိတ်ဝင်စားပါတယ်။ ဒါကြောင့် UN-Habitatနဲ့ ညှိနှိုင်းပြီး နိုင်ငံတကာအဖွဲ့အစည်းတွေပါဝင်ဆောင်ရွက်တဲ့ ကျူးကျော်များ ပြန်လည်နေရာချထားရေးကိစ္စကို ကျွန်တော်တို့ ကြိုးပမ်းသွားမှာဖြစ်ပါတယ်။ ကျူးကျော်နေရာပြန်လည်ချထားရေး အစီအစဉ်သစ်တစ်ရပ်အတွက် ဧရိယာတစ်ခုကို ရွေးချယ်သတ်မှတ်ဖို့ လေ့လာဆန်းစစ်မှုပြုနေပြီဖြစ်ပါတယ်။ စနစ်တကျနေရာချထားပေးဖို့ဖြစ်ပါတယ်။ ဒီအတွက် ကျူးကျော်စာရင်းကောက်ခံမှုတွေကိုလည်း ဆက်လက်ကောက်ခံသွားရဦးမှာဖြစ်ပါတယ်။ ကျူးကျော်တွေကို စာရင်းကောက်ခံတဲ့နေရာမှာလည်း အဆင့်အတန်းမီစွာနဲ့ စနစ်တကျကောက်ခံခဲ့ပါတယ်။ နေရာချထားပေးနိုင်ဖို့အတွက်ကိုလည်း ပြင်ဆင်ဆောင်ရွက်နေပြီ ဖြစ်ပါတယ်"ဟု ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း က ပြောသည်။

ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏ တစ်နှစ်တာကာလအတွင်း ဆောင်ရွက်ချက်များနှင့်ပတ်သက်၍ ဇွန် ၉ ရက် မွန်းလွဲပိုင်းက တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးတွင် ပြုလုပ်ခဲ့သည့် သတင်းစာရှင်းလင်းပွဲတွင် ဝန်ကြီးချုပ်က ယခုကဲ့သို့ ပြောကြားခဲ့ခြင်း ဖြစ်သည်။

ထို့အပြင် ရန်ကုန်တိုင်းဒေသကြီးသည် ခေတ်အဆက်ဆက် ကျူးကျော်ပြဿနာများနှင့် ကြုံတွေ့နေရကြောင်း၊ ကျူးကျော်နေထိုင်သည့် ကိစ္စရပ်များကို ဖြေရှင်းရန် စာရင်းများကောက်ယူရာတွင် လိမ်ညာမှုများမဖြစ်အောင် နည်းပညာဖြင့်ထိန်းချုပ်၍ ကောက်ယူလျက်ရှိကြောင်း၊ ကျူးကျော်စာရင်းကောက်ခံရာတွင် အခက်အခဲများစွာကြုံတွေ့ခဲ့ရသော်လည်း အဆိုပါအခက်အခဲများကို ရင်ဆိုင်ကျော်လွှားနိုင်မည်ဖြစ်ကြောင်း ၎င်းကဆိုသည်။

ရန်ကုန်တိုင်းဒေသကြီး အစိုးရအနေဖြင့် ကျူးကျော်စာရင်း ကောက်ယူခြင်းလုပ်ငန်းကို Pilot Project အဖြစ် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၌ ၂၀၁၆ ခုနှစ် စက်တင်ဘာလက စတင်ကောက်ယူခဲ့ပြီး ယခုအခါ သက်ဆိုင်ရာ မြို့နယ်များတွင် စာရင်းများ ဆက်လက်ကောက်ယူလျက်ရှိသည့်အပြင် အမှန်တကယ်ကျူးကျော်နေထိုင်သူများကို စိစစ်၍ ယာယီသက်သေခံကတ်ပြားများကို ထုတ်ပေးလျက်ရှိကြောင်း သိရသည်။

"ကျူးကျော်တွေနဲ့ပတ်သက်ပြီးတော့ ကျွန်တော်တို့ မျှော်မှန်းထားတာ သုံးသိန်းကျော်လောက် ဖြစ်ပါတယ်။ ဒါပေမယ့် လက်တွေ့မြေပြင်ပေါ်မှာ လေးသိန်းကျော်လောက်ရှိနေပါတယ်။ ဒီထဲမှာရှိနေတဲ့သူတွေ အားလုံးဟာ တကယ့်ကျူးကျော်ဟုတ်၊ မဟုတ်ဆိုတာကို သေချာစိစစ်သွားမှာဖြစ်ပါတယ်။ လိုအပ်လာမယ်ဆိုရင် သတင်းတပ်ဖွဲ့တွေကိုပေးပြီး စိစစ်သွားမှာဖြစ်ပါတယ်။ ကျူးကျော်မဟုတ်ဘဲနဲ့ အစိုးရကိုလိမ်လည်ပြီး ကျူးကျော်စာရင်းသွင်းနေတဲ့ အခြေအနေတွေကိုလည်း ဥပဒေနဲ့အညီ စိစစ်သွားမှာဖြစ်ပါတယ်"ဟု ဝန်ကြီးချုပ်ဦးဖြိုးမင်းသိန်းက ပြောသည်။

ဆက်လက်၍ "ရန်ကုန်မြို့အဝင်လမ်းမကြီးတွေရဲ့ ဘေးမှာ ကျူးကျော်တွေ တော်တော်များများ တိုးပွားလာတဲ့ အခြေအနေတွေ ရှိပါတယ်။ တချို့ကတော့ အစိုးရပိုင်မြေတွေကို လက်ညှိုးထိုးရောင်းစားပြီး ဒီနေရာတွေကနေ မြေတွေကို တစ်ချိန်ချိန်မှာ မြို့ဖြစ်ရင် မြို့ကွက်ဖြစ်သွားမှာပဲဆိုတဲ့ အခြေအနေမျိုးတွေကိုလည်း ကြားသိနေရပါတယ်။ ဒီအခြေအနေကတော့ ဘယ်တော့မှ မဖြစ်နိုင်ပါဘူးဆိုတာ ကျွန်တော်ပြောပါရစေ။ အစိုးရက ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းတွေနဲ့ဆောင်ရွက်ရမယ့် ကိစ္စတစ်ခုကို ကြားထဲက နိုင်ငံတော်မြေကွက်တွေကို လက်ညှိုးထိုးရောင်းစားနေတဲ့သူတွေအတွက်ကတော့ ဥပဒေနဲ့အညီ အရေးယူသွားမှာ ဖြစ်ပါတယ်။ မြို့တည်ဆောက်တယ်ဆိုတာ နိုင်ငံတော်ကသာ ဥပဒေ၊ နည်းဥပဒေနဲ့အညီ စနစ်တကျဆောင်ရွက်သွားရမှာဖြစ်ပါတယ်။ ဒီအတွက် အဲဒီလိုလုပ်ဆောင်နေမှုတွေကိုလည်း ကျွန်တော်တို့ဘက်က သတိပေးမှုတွေ၊ နောင်ပြုပြင်ပြောင်းလဲမှုတွေမှာ ဒီလိုအခြေအနေမျိုးတွေ မဖြစ်လာဖို့အတွက် စနစ်တကျကိုင်တွယ်သွားမှာပဲဖြစ်ပါတယ်" ဟု ပြောသည်။

ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် ကျူးကျော်ကိစ္စများကို ဖြေရှင်းနိုင်ရန်အတွက် အိမ်ရာဆောက်လုပ်မှုတွင် ရင်းနှီးမြှုပ်နှံရန် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအောက်ရှိ City Bank တွင် ရင်းနှီးငွေကျပ် ၆၄ ဘီလီယံထည့်ဝင်ထားကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ပြီးခဲ့သည့် တစ်နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့သည့် လုပ်ငန်းစဉ်များတွင် ကျူးကျော်နေထိုင်မှုများကို စနစ်တကျစစ်တမ်းကောက်ယူကာ ပြောင်းရွှေ့နေရာချထားပေးရေးနှင့် လိုအပ်သည်များကို ကဏ္ဍအလိုက်ဖြေရှင်းဆောင်ရွက်ပေးနိုင်ရေး အစီအစဉ်များပါဝင်လျက်ရှိရာ ကျူးကျော်မြေနေရာများ မြေပုံပြုစုခြင်းအနေဖြင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက ကုလသမဂ္ဂ မြို့ရွာနှင့် အိုးအိမ်ပြန်လည်ထူထောင်ရေးအစီအစဉ် (UN-Habitat) နှင့် ပူးပေါင်း၍ ၂၀၁၆ ခုနှစ် မေလမှ ဇွန်လအတွင်း ရန်ကုန်တိုင်းဒေသကြီးအတွင်း မြို့နယ် ၁၉ မြို့နယ်ရှိ နေရာ ၄၂၃ နေရာသို့ မြေပြင်ကွင်းဆင်း၍ ကျူးကျော်အိမ်ရာများရှိ လူမှုစီးပွားရေးအခြေအနေ စစ်တမ်းကောက်ယူခြင်း၊ မြေပုံမြေပြင် တိုက်ဆိုင်စိစစ်၍ မြေပုံပြုစုခြင်း ဆောင်ရွက်ခဲ့သဖြင့် ကျူးကျော်လာသည့် ကာလ၊ အဆိုပါနေရာများ၏ သဘာဝဘေးအန္တရာယ်ရှိမှု၊ အခြားပတ်ဝန်းကျင်ဂေဟစနစ်အပေါ် သက်ရောက်မှု၊ ဦးစားပေးရှင်းလင်းသင့်သည့် ကျူးကျော်များ စသည့် သတင်းအချက်အလက်များရရှိပြီး လူနေမှုအဆင့်မြင့်တင်ခြင်း၊ မြို့ပြပတ်ဝန်းကျင်ကောင်းနှင့် အခြေခံအဆောက်အအုံလိုအပ်ချက်များ ဖြည့်ဆည်းခြင်း၊ သဘာဝဘေးအန္တရာယ်ကာကွယ်တားဆီးခြင်း စသည်တို့ကို ထည့်သွင်းစဉ်းစား၍ မြို့ပြစီမံကိန်းများ ရေးဆွဲရာတွင် အထောက်အကူရရှိစေရန်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ကျူးကျော်နေထိုင်သူများကို စာရင်းကောက်ယူရာတွင် ခေတ်မီနည်းပညာများကို အသုံးပြုမည်ဖြစ်ကြောင်း၊ ကျူးကျော်များတွင် နေထိုင်သည့်သူများကို စနစ်တကျရှိသည့် ယာယီနေစရာများ စီစဉ်ပေးပြီး အလုပ်အကိုင်အခွင့်အလမ်းများကိုလည်း ဖန်တီးပေးသွားမည်ဖြစ်သော်လည်း မှတ်ပုံတင်ပြီးသောသူများကို အခြားနေရာများတွင် ကျူးကျော်အဖြစ် ထပ်မံတွေ့ရှိပါက အရေးယူသွားမည်ဖြစ်ကြောင်း၊ ကျူးကျော်တဲများကို အကြောင်းပြု၍ လုပ်စားနေသည့် လူများ၊ ဂိုဏ်းအဖွဲ့များကို တည်ဆဲဥပဒေအရ အရေးယူသွားမည်ဖြစ်ကြောင်း၊ ကျူးကျော်စာရင်းများကောက်ယူမည့် နယ်မြေများကို ဒေသန္တရအမိန့်ထုတ်ပြန်ကာ စာရင်းကောက်မည့် အဖွဲ့များ၏ လုံခြုံရေးအတွက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့မှ အနီးကပ်လုံခြုံရေးဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ မလိုက်နာသူများကိုလည်း ပုဒ်မ (၁၈၈) အရ အရေးယူမည်ဖြစ်ကြောင်းနှင့် အစိုးရပိုင်မြေ၊ စည်ပင်သာယာပိုင်မြေ၊ ပုဂ္ဂလိကပိုင်မြေများပေါ်တွင် ထပ်မံကျူးကျော်နေထိုင်သူများကို ၂၀၁၆ ခုနှစ် မေ ၂၅ ရက်မှ စတင်ကာ ကျူးကျော်အဖြစ် သတ်မှတ်မည် မဟုတ်ဘဲ တည်ဆဲဥပဒေအရ ထိထိရောက်ရောက် အရေးယူသွားမည်ဖြစ်ကြောင်း ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ၂၀၁၆ ခုနှစ် မေ ၂၅ ရက်တွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၌ ပြုလုပ်ခဲ့သည့် ကျူးကျော်စာရင်းကောက်ယူရေးဆိုင်ရာ ရှင်းလင်းပွဲတွင် ပြောကြားထားသည်။

၂၀၀၈ ခုနှစ် နာဂစ်မုန်တိုင်း တိုက်ခတ်ပြီးနောက်ပိုင်းတွင် အလုပ်အကိုင် အခွင့်အလမ်း ပေါများသည့် ရန်ကုန်မြို့သို့ ရွှေ့ပြောင်းနေထိုင်သူ ပိုမိုများပြားလာသည့်အတွက် ကျူးကျော်နေထိုင်သူ ဦးရေလည်း တိုးပွားလာကြောင်း သိရသည်။

**သတင်း-ဇော်ကြီး(ပဏ္ဍိတ)**
**ဓာတ်ပုံ-ဖေဇော်**



ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်အတွင်း ကျူးကျော်နေထိုင်သူများအား ယာယီသက်သေခံကတ်ပြားထုတ်ပေးနေသည်ကို တွေ့ရစဉ်။

## ရန်ကုန်တစ်ခွင် ဆေးလိပ်ငွေ့ကင်းစင်ရေး ကျောက်တံတားမြို့နယ်မှ စတင်ဆောင်ရွက်သွားမည်

**ရန်ကုန် ဇွန် ၁၃**

ရန်ကုန်မြို့တော်တစ်ခွင် ဆေးလိပ်ကင်းစင်နယ်မြေ များဖော်ထုတ်ရေး လုပ်ဆောင်ရာတွင် ကျောက်တံတားမြို့နယ်မှ စတင်ဆောင်ရွက်သွားမည်ဖြစ်ပြီး အမြန်ဆုံးလုပ်ဆောင်သွားမည်ဖြစ်ကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အစည်းအဝေးခန်းမ၌ပြုလုပ်သည့် ဆေးလိပ်ငွေ့ကင်းစင် ရေးနယ်မြေများထူထောင်ရေး အလုပ်ရုံဆွေးနွေးပွဲတွင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ကော်မတီဝင်(၅) ဒေါ်သန်းမြင့်အောင်က မီဒီယာများနှင့်တွေ့ဆုံစဉ် ပြောကြားခဲ့သည်။

"အကောင်အထည်ဖော်ဖို့က ပြည်သူ့ကျန်းမာရေးဖောင်ဒေးရှင်းရယ်၊ ကျန်းမာရေးနဲ့ အားကစားဝန်ကြီးဌာနရယ်၊ မြို့နယ်အတွင်းမှာရှိတဲ့ လွှတ်တော် ကိုယ်စားလှယ်တွေ၊ ပြည်သူလူထုတွေနဲ့စတင်မှာ ဖြစ်တဲ့အတွက် အကုန်လုံးပေါင်းစပ် ညှိနှိုင်းပြီးတော့ အမြန်ဆုံးလုပ်ဆောင်သွားမှာပါ"ဟု ၎င်းက ပြောသည်။

အဆိုပါအစီအစဉ်ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်း၍ ကျောက်တံတားမြို့နယ်အတွင်းရှိ ပန်းခြံများ၊ ဈေးများ၊ ဟိုတယ်များ၊ လေအေးစက်တပ်ဈေးဝယ်စင်တာများ၊ အစိုးရရုံးဌာနများ၊ တန်ခိုးကြီးဘုရားများ၊ ဘာသာရေးအဆောက်အအုံများ၊ အစိုးရစာသင်ကျောင်းများ၊ ဆေးရုံများကို ဆေးလိပ်ကင်းစင်နယ်မြေများအဖြစ် ရှေးဦးစွာသတ်မှတ်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။

ထို့ပြင် အခြားသောမြို့နယ်များရှိ စာသင်ကျောင်းများ၊ အစိုးရရုံးများ၊ ဟိုတယ်များ၊ တက္ကသိုလ်များ၊ တန်ခိုးကြီးဘုရားများတွင်လည်း ဆေးလိပ်ငွေ့ ကင်းစင်နယ်မြေများအဖြစ် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။

"ကျောက်တံတားမှာ အရင်စလုပ်ပါမယ်။ ကျောက်တံတားမှာ စလုပ်တယ်ဆိုပေမယ့် တခြားနယ်မြေတွေမှာလည်း စိတ်ပါဝင်စားရင် ဝင်စားသလို အဲဒီနယ်မြေနဲ့ပတ်သက်တဲ့ ပြည်သူလူထုတွေ၊ ပရဟိတအဖွဲ့တွေ၊ လွှတ်တော် ကိုယ်စားလှယ်တွေ၊ ကျန်းမာရေးဖောင်ဒေးရှင်းနဲ့သော်လည်းကောင်း၊ ကျန်းမာရေးဝန်ကြီးဌာနနဲ့ နောက်တစ်ခါ ရန်ကုန်တိုင်းဒေသကြီးအစိုးရနဲ့လည်း ပူးပေါင်းလို့ရပါတယ်"ဟု ၎င်းကဆက်လက်ပြောသည်။

ဆေးလိပ်ဆေးရွက်ကြီးသုံးစွဲမှု ထိန်းချုပ်မှုဥပဒေကို ၂၀၀၆ ခုနှစ်က ပြဋ္ဌာန်းခဲ့ပြီး ဆေးလိပ်မသောက်သုံးရသော နေရာများ၊ အဆောက်အအုံများ ဖော်ပြထားခြင်း၊ ဆေးလိပ်ဆေးရွက်ကြီးနှင့် ဆက်စပ်ပြီး ကြော်ငြာခြင်း၊ အရောင်းမြှင့်တင်ခြင်း၊ ထုပ်ပိုးရောင်းချခြင်းဆိုင်ရာ တားမြစ်ချက်များကို ပြည့်စုံစွာဖော်ပြထားသော်လည်း ပညာပေးမှုအားနည်းခဲ့သည့်အတွက် ယခုအစိုးရသစ်လက်ထက်တွင် ဦးစားပေး အလေးထားဆောင်ရွက်သွားမည်ဟု ဒေါ်သန်းမြင့်အောင်က ပြောသည်။ **(သီသီမင်း)**



## ရန်ကုန် သတင်းမြင်ကွင်း

# ရန်ကုန်မှာ ကားတွေများလွန်းနေပြီလား

ဆုနှင်းလဲ့(ကြေးမုံ)



**"YBS စနစ်ကိုလည်း လုပ်နေတယ်၊ Traffic Control စနစ်တွေလည်း လုပ်နေတယ်ဆိုတော့ ရန်ကုန်မှာ ယာဉ်ကြောပိတ်ဆို့မှုပြဿနာလျော့သွားမှာလားလို့ မေးစရာရှိပါတယ်။ ဖွံ့ဖြိုးတိုးတက်နေတဲ့ နိုင်ငံတစ်နိုင်ငံမှာ Traffic မလျော့သွားနိုင်ပါဘူး။ Traffic ပြဿနာကို စီမံခန့်ခွဲမှုကောင်းကောင်းနဲ့ လုပ်သွားရမှာပါ။ ရုံးတက်ရုံးဆင်းချိန်တွေမှာ ကားကျပ်တာရှိနိုင်ပါတယ်။ ဒါကို ပြည်သူလူထုနဲ့အတူ ပြုပြင်ပြောင်းလဲရေးကို လုပ်ရမှာပါ။ အားလုံးရဲ့ပူးပေါင်းကူညီမှုနဲ့ပဲ ပြောင်းရမှာပါ။ YBS စနစ်မှာ ပြည်သူလူထုအားလုံးက ပူးပေါင်းဆောင်ရွက်ပေးခဲ့ပါတယ်"ဟု ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက လက်ရှိ ရန်ကုန်မြို့ပြ သယ်ယူပို့ဆောင်ရေးဆောင်ရွက်ချက်များနှင့် ရန်ကုန်မြို့ပြယာဉ်သွားလာမှုစနစ်အပေါ် သုံးသပ်ပြောကြားသည်။**

ဝန်ကြီးချုပ်ပြောဆိုသလိုပင် ရန်ကုန်မြို့၏ ယာဉ်ကြောကျပ်တည်းမှုအခြေအနေသည် လျော့နည်းသွားဖွယ်မရှိသော်လည်း သွားလာ၍မရအောင် ပိတ်ဆို့နေမှုများမဖြစ်အောင်ကို စီမံခန့်ခွဲမှုပြုရမည်ဖြစ်သည်။ ယာဉ်ကြောပိတ်ဆို့နေမှုများ၊ သွားလာမှုအခက်အခဲများသည် လူတစ်ဦးချင်းစီ၏ အလုပ်လုပ်ကိုင်နိုင်မှု၊ ထုတ်လုပ်နိုင်မှုစွမ်းရည်တို့တွင် လျော့နည်းကျဆင်းစေပြီး တိုင်းပြည်၏ GDP ကိုလည်း လျော့နည်းကျဆင်းစေသည်ဟု မြို့ပြရေးရာကျွမ်းကျင်သူများက ဝေဖန်ထောက်ပြထားကြသည်။ ထို့အတွက်ကြောင့်လည်း ရန်ကုန်မြို့ပြယာဉ်ကြောကျပ်တည်းပိတ်ဆို့မှုပြဿနာကို ဖြေရှင်းရန် ဘက်ပေါင်းစုံကဆောင်ရွက်နေကြပြီး အများပြည်သူသွားလာရေးစနစ် ကောင်းမွန်အောင် ဦးစွာအကောင်အထည်ဖော်နေသည်ဟု ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ဇွန် ၁၀ ရက် ပြုလုပ်ခဲ့သည့် YBS ဘတ်စ်ကားသစ်များ လွှဲပြောင်းပေးအပ်ပွဲတွင် ပြောသည်။

၎င်းပြောဆိုသုံးသပ်သကဲ့သို့ပင် ရန်ကုန်မြို့သည် လူဦးရေ သန်းချီရှိနေသည့် မြန်မာနိုင်ငံ၏ စီးပွားရေးမြို့တော်ကြီးတစ်ခုဖြစ်ပြီး မကြာမီပင် လူဦးရေ ၁၀ သန်းဖြစ်လာမည့် Mega City ကို ရောက်ရှိလာမည်ဖြစ်သည်။ စီးပွားရေးမြို့တော်ဖြစ်သည်နှင့်အညီ စီးပွားရေး၊ ပညာရေး အလုပ်အကိုင်အခွင့်အလမ်းများစွာရှိနေသည့်အတွက် အနယ်နယ်အရပ်ရပ်မှ ရွှေ့ပြောင်းအခြေချနေထိုင်သူများနှင့် နှစ်စဉ်တိုးပွားလာသောလူဦးရေ၊ ယာဉ်အစီးရေတို့ကြောင့် ရန်ကုန်မြို့၏ လူနေထိုင်မှုသည် လျော့နည်းကျဆင်းသွားဖွယ်မရှိနိုင်သလို သယ်ယူပို့ဆောင်ရေးကဏ္ဍရှိ ယာဉ်အစီးရေသည်လည်း လျော့နည်းသွားဖွယ်မရှိနိုင်ပေ။ အလားတူ ယာဉ်ကြောကျပ်တည်းမှုများသည်လည်း လျော့နည်းသွားဖွယ်ရာမရှိနိုင်ကြောင်း သုံးသပ်ကြခြင်းဖြစ်သည်။ သို့ရာတွင် ကောင်းမွန်သော ယာဉ်သွားလာမှုစနစ်နှင့် စည်းကမ်းရှိသော ယာဉ်စည်းကမ်း လမ်းစည်းကမ်းစနစ်များဖြစ်ပေါ်ရန်မှာ လုပ်ပိုင်ခွင့်ရ/အာဏာရ အစိုးရတစ်ရပ်၏ စီမံခန့်ခွဲမှုပေါ်တွင် မူတည်နေသည်။ လူဦးရေ၊ ယာဉ်အစီးရေ တိုးပွားလာသည်နှင့်အမျှ နောက်ဆက်တွဲ ရင်ဆိုင်ကြုံတွေ့ရမည့် ပြဿနာပေါင်းများစွာရှိရာ အနာဂတ်လူဦးရေ ၁၀ သန်းဖြစ်လာမည့် မြို့ပြတစ်ခု၏ Master Plan သည် အရေးပါမည်ဖြစ်သည်။ ယင်းတွင် ယာဉ်အစီးရေတိုးပွားလာမှုအပေါ် စီမံခန့်ခွဲမည့် Traffic Demand Management (TDM) သည် အရေးပါမည်ဖြစ်ကြောင်း အဆိုပါစီမံခန့်ခွဲမှုစနစ်အပေါ် သုံးသပ်တင်ပြမှုများစွာပြုလုပ်ခဲ့သည့် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းဥက္ကဋ္ဌ ဦးအောင်မြင့်က တင်ပြခဲ့သည်။

ယာဉ်အစီးရေတိုးပွားလာမှုအပေါ် စီမံခန့်ခွဲမည့် Traffic Demand Management (TDM) ကို ယခုမှစတင်ဆောင်ရွက်နိုင်လာခြင်းဖြစ်ပြီး ရန်ကုန်မြို့ဧရိယာအနှံ့ ယာဉ်ကြောပိတ်ဆို့နေမှုပြဿနာရပ်များကို စနစ်ကျသောသွားလာမှုစနစ်များဖြစ်စေရန် တစ်မြို့လုံးလွှမ်းခြုံစီမံခန့်ခွဲနိုင်သည့် Control Center မှာလည်း ယခုနှစ်တွင် စတင်အသုံးပြုနိုင်မည်ဖြစ်သည်။ ရန်ကုန်မြို့၏ ယာဉ်သွားလာမှုအပေါ် စီမံခန့်ခွဲရာတွင် လက်ရှိ ရန်ကုန်မြို့ရှိ မော်တော်ယာဉ်အစီးရေသည် ၅၃၀၀၀၀ ခန့်ရှိနေကြောင်း ရန်ကုန်တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဒေါ်နီလာကျော်က ပြောသည်။ တစ်နိုင်ငံလုံးရှိ မှတ်ပုံတင်ထားသော မော်တော်ယာဉ်စီးရေ ကိုးသိန်းကျော်အနက် ရန်ကုန်မြို့တွင် ကားအစီးရေ ငါးသိန်းကျော်ရှိနေခြင်းပင်ဖြစ်သည်။ အဆိုပါငါးသိန်းကျော်သော မော်တော်ယာဉ်အစီးရေသည် ၂၀၁၂ ခုနှစ်ရှိ ရန်ကုန်မြို့၏ မော်တော်ယာဉ်စီးရေထက် နှစ်ဆကျော် တိုးတက်များပြားလာသော်လည်း အိမ်နီးချင်းနိုင်ငံများ၏ မြို့တော်များရှိ ယာဉ်အစီးရေနှင့်နှိုင်းယှဉ်ပါက အဆမတန်နည်းပါးနေသော ပမာဏပင်ဖြစ်နေသေးသည်။ ဒေသတွင်း မြို့တော်များဖြစ်သည့် ဘန်ကောက်၊ စင်ကာပူတို့ရှိ မော်တော်ယာဉ်စီးရေမှာ သန်းနှင့်ချီရှိနေပြီး ရန်ကုန်မြို့၏ ကားအစီးရေ ငါးသိန်းကျော်မှာ အဆိုပါမြို့တို့နှင့်ယှဉ်ပါက နည်းပါးလွန်းနေသည်။ သို့သော် ထိုမြို့တော်များတွင် အများပြည်သူသွားလာမှုစနစ်အပေါ် ကောင်းမွန်စွာဖော်ဆောင်ပေးထားပြီး လမ်းဧရိယာများနှင့် လမ်းများကိုလည်း အဆင့်မြှင့်တင်ထားသည်။ အထပ်မြင့်မိုးပျံလမ်းများ ဖော်ဆောင်ထားသည်။ ယာဉ်သွားလမ်းပေါ်တွင် စည်းကမ်းမဲ့ယာဉ်ရပ်နားခြင်းကို လုံးဝခွင့်မပြုဘဲ ယာဉ်ရပ်နားစခန်းကြီးများ၊ အထပ်မြင့်ယာဉ်ရပ်နားစခန်းများကို ပြည့်စုံစွာစီမံပေးထားသည်။ အဆောက်အအုံတိုင်းတွင် ယာဉ်ရပ်နားဧရိယာများ ထည့်သွင်းထားသည်။

အလားတူ ရန်ကုန်မြို့၏ လမ်းမကြီးများ၏ အကျယ်ကို လေ့လာကြည့်ပါကလည်း ခြောက်လမ်းသွား အကျယ်ပေ ၇၂ ပေမှာ အကျယ်ဆုံးလမ်းဖြစ်သည်။ အချို့လမ်းများသည် ၄၈ ပေ၊ ၄၄ ပေသာ ကျယ်သည်။ ထိုသို့သောလမ်းများတွင် လမ်းဘေးတွင် ယာဉ်ရပ်တန့်ထားခြင်းနှင့် ဈေးရောင်းချနေခြင်းများရှိပါက ယာဉ်သွားလမ်းတစ်လမ်းသာ ကောင်းကောင်းသွားလာနိုင်ပြီး မလိုလားအပ်ဘဲ ယာဉ်ကြောပိတ်ဆို့နေမှုများကို ကြုံတွေ့နေရသည်။ လွန်ခဲ့သောနှစ်ပေါင်းများစွာက လူဦးရေသိန်းဂဏန်း၊ ယာဉ်အစီးရေ သောင်းဂဏန်းမျှသောပမာဏတို့အတွက် ဖော်ဆောင်တည်ဆောက်ခဲ့သော ရန်ကုန်မြို့ပြလမ်းများသည် ယနေ့ကားအစီးရေ ငါးသိန်းကျော်သို့ ရောက်ရှိလာချိန်တွင် အဆိုပါလမ်းများသည် ကျဉ်းလွန်းသည်ဟု ယူဆနိုင်စရာရှိသော်လည်း စည်းကမ်းမဲ့မှုများ၊ စည်းကမ်းမဲ့ယာဉ်ရပ်နားမှုများ၊ စည်းကမ်းမဲ့ ဈေးသည်များနှင့် ယာဉ်ကြောထိန်းသိမ်းမှုစနစ်၊ အချက်ပြစနစ် စီမံခန့်ခွဲမှုတို့အပေါ် လိုအပ်ချက်များရှိခြင်းက ယာဉ်ကြောပိတ်ဆို့နေမှုများ၏ အဓိကပြဿနာရပ်များဟု ပညာရှင်များက သုံးသပ်သည်။ ထိုအချက်များကို စနစ်တကျစီမံခန့်ခွဲဆောင်ရွက်နိုင်ပါက ယာဉ်ကြောကျပ်တည်းမှုများရှိနေနိုင်သော်လည်း စနစ်တကျ ယာဉ်သွားလာနိုင်မည်ဟု သုံးသပ်ကြသည်။ ယခင်က စနစ်မကျသော မြို့ပြဧရိယာတိုးချဲ့ခဲ့မှုနှင့် ရေရှည်စီမံကိန်းဖြင့် ရေးဆွဲအကောင်အထည်ဖော်ခဲ့ခြင်းမရှိသည့် အများပြည်သူ သယ်ယူပို့ဆောင်ရေးစနစ်၊ ယင်းအပြင် ဆောက်လုပ်ပြီးခဲ့သမျှ အဆောက်အအုံတိုင်းတွင် လုံလောက်သည့် ယာဉ်ရပ်နားမှုဧရိယာ မဖော်ဆောင်ခဲ့သည့် မှားယွင်းမှုများ၊ လမ်းမကြီးများ၏ ဧရိယာကို အပြည့်အဝအသုံးပြုနိုင်ခြင်းမရှိသည်က ရန်ကုန်မြို့၏ ယာဉ်ကြောပိတ်ဆို့မှုကို အဓိကဖြစ်ပေါ်စေသည့်အချက်များဖြစ်ပြီး လက်ရှိလမ်းဧရိယာ၊ မြို့ဧရိယာနှင့် လက်ရှိယာဉ်အစီးရေပမာဏသည် များလွန်းသည်ဟု မဆိုနိုင်ကြောင်း မြို့ပြရေးရာပညာရှင်များက သုံးသပ်သည်။

" YBS စနစ်ကို တစ်နှစ်အတွင်း ပြောင်းလဲသွားနိုင်ဖို့အတွက် ရည်မှန်းချက်ထားပါတယ်။ အများပြည်သူဝန်ဆောင်မှုကားတွေကို လူတိုင်းစီးနိုင်တဲ့အဆင့်။ လူတိုင်းစီးနိုင်အောင်ဆိုတာ ချမ်းသာတဲ့သူတွေတောင် ဘတ်စ်ကားစီးရတာ ဘာမှဂုဏ်ငယ်စရာမရှိဘူးဆိုတဲ့ အခြေအနေဖြစ်သွားမှ ပုဂ္ဂလိကယာဉ်တွေ၊ တက္ကစီယာဉ်တွေရဲ့အခန်းကဏ္ဍက တဖြည်းဖြည်းလျှော့ချနိုင်မှာ ဖြစ်ပါတယ်။ ဘတ်စ်ကားစီးသွားလို့ ချောင်လည်နိုင်တယ်ဆိုရင် ကိုယ်ပိုင်ကားတွေ မစီးတော့ဘူးဆိုတဲ့ ဒီရည်ရွယ်ချက်ကိုသွားပါတယ်။ မြို့ပြယာဉ်လမ်းကြောင်းပေါ်မှာ ပြေးဆွဲနေတဲ့အထဲမှာ ဘတ်စ်ကားတွေက ၃၀ ရာခိုင်နှုန်းလောက်ပဲ နေရာယူထားတာပါ။ ၇၀ ရာခိုင်နှုန်းက တစ်ဦးတစ်ယောက်ချင်းပိုင် ယာဉ်တွေက နေရာယူထားတာ ဖြစ်ပါတယ်။ တဖြည်းဖြည်း အများပြည်သူသယ်ယူပို့ဆောင်ရေးက ပိုပြီး နေရာယူလာနိုင်ပြီးတော့ ပုဂ္ဂလိက ကဏ္ဍက ဘတ်စ်ကားနဲ့သွားတာ အဆင်ပြေနိုင်တယ်ဆိုတာမျိုးကို ဆောင်ရွက်သွားရမှာပါ"ဟု ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ပြောကြားသည်။

ယင်းကြောင့် အများပြည်သူ သယ်ယူပို့ဆောင်ရေး ဘတ်စ်ကားအခြေပြု သယ်ယူပို့ဆောင်မှုဖြစ်သည့် YBS စနစ် အောင်မြင်အောင် ဆောင်ရွက်ရန် အရေးကြီးပြီး ရန်ကုန်မြို့ပြသွားလာမှုတွင် ဘတ်စ်ကားများ၊ ရထားများကိုသာ အားထားအသုံးပြုမည်ဆိုပါက တစ်ဦးချင်းပိုင်ယာဉ်များ၊ ယာဉ်ငယ်များ အသုံးပြုမှုလျော့ကျလာမည်ဖြစ်သည်။ သို့သော် စီးပွားရေးမြို့တော်တစ်ခုဖြစ်သည့်အတွက် ယာဉ်အစီးရေ လျော့နည်းကျဆင်းသွားနိုင်သည့် အခြေအနေနှင့် ယာဉ်ကြောပိတ်ဆို့မှု လျော့နည်းသွားမည်ဆိုသောဖြစ်ရပ်မျိုးရှိလာနိုင်မည် မဟုတ်ကြောင်း ဝန်ကြီးချုပ်က မှတ်ချက်ပြုထားသည်။ မြန်မာနိုင်ငံ၏ စီးပွားရေးမြို့တော်ကြီးတွင် ယာဉ်သွားလာမှုနည်းပါးကာ ခြောက်ကပ်ကပ်နှင့် စည်ကားမှုမရှိတော့သည့် ဖြစ်ရပ်မျိုးကို ဆောင်ရွက်မည်မဟုတ်ဘဲ တိုးတက်နေသည့် မြို့တော်တစ်ခုအနေဖြင့် သွားလာစည်ကားနေမှုများရှိနေမည်ဖြစ်ကာ ယာဉ်ကြောကျပ်တည်းမှုသည်လည်း ရှိနိုင်မည်ဖြစ်ကြောင်း ဝန်ကြီးချုပ်က ပြောခြင်းဖြစ်သည်။

"ပြုပြင်ပြောင်းလဲဖို့ပေးထားတဲ့ အခြေအနေက အခုအခြေအနေအတိုင်းပါပဲ။ ဒီအခြေအနေကိုစိတ်ပျက်နေလို့ မရပါဘူး။ ဒီအခြေအနေကို အကောင်းဆုံးဖြစ်အောင် ကြိုးပမ်းမယ်။ အပြောင်းအလဲဆိုတာ လူတိုင်းက ရှိနေတဲ့အခြေအနေအတိုင်း နေချင်ပါတယ်။ ကျွန်တော်တို့လည်း အပြောင်းအလဲတစ်ရပ်ကိုလုပ်ရတာ စိတ်ပင်ပန်းပါတယ်။ ဒါပေမယ့်လည်း ပြည်သူလူထုအတွက် အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်ရမှာဖြစ်ပါတယ်။ စီမံခန့်ခွဲမှုကောင်းကောင်းနဲ့ လုပ်သွားရမှာပါ"ဟု ဝန်ကြီးချုပ်က ပြောကြားသည်။

ရန်ကုန်မြို့ရှိ မော်တော်ယာဉ်အစီးရေ ငါးသိန်းကျော်တွင် ဘတ်စ်ကားအစီးရေသည် အစီးရေ တစ်သောင်းပင်မပြည့်ပေ။ မြို့ပြလူဦးရေ၏ ထက်ဝက်ခန့်အသုံးပြုနေသော ဘတ်စ်ကားအစီးရေသည် ယခု အသစ်တင်သွင်းလာသော ဘတ်စ်ကားသစ်များ အပါအဝင် ထောင်ဂဏန်းမျှသာရှိနေသေးသည်။ အလားတူ နေ့စဉ် ရထားကိုအသုံးပြုနေသော ခရီးသည်အရေအတွက်သည်လည်း တစ်သိန်းခန့်မျှသာရှိနေသည်။ အများပြည်သူ သယ်ယူပို့ဆောင်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှသာလျှင် လုံခြုံစိတ်ချ၍ ကောင်းမွန်သော သွားလာမှုများ၊ သယ်ယူပို့ဆောင်ရေးစနစ်များ ဖြစ်ပေါ်လာမည်ဖြစ်သည်။ ထို့အတူ တစ်ဦးချင်းပိုင်ယာဉ်များ အသုံးပြုမှုလျော့နည်းလာနိုင်မည်ဖြစ်သော်လည်း စီးပွားရေးမြို့တော်ကြီးဖြစ်သော ရန်ကုန်မြို့တွင် ယာဉ်အစီးရေသာမက လူဦးရေတိုးပွားလာဦးမည်ဖြစ်ရာ လက်ရှိ မော်တော်ယာဉ်အစီးရေ ငါးသိန်းကျော်ကို စနစ်ကျသောစီမံခန့်ခွဲနိုင်ရန်နှင့် တိုးပွားလာမည့်လူဦးရေနှင့် ယာဉ်အစီးရေတို့၏ နောက်ဆက်တွဲစီမံခန့်ခွဲမှုဆိုင်ရာ မြို့ပြရေးရာကိစ္စရပ်များအတွက် ပြင်ဆင်ဆောင်ရွက်ထားရမည်ဖြစ်သည်။

### ရန်ကုန်မြို့ရှိ လမ်းမကြီးအချို့နှင့် လမ်းအကျယ်များ

| | |
|---|---|
| ရန်ကုန်ပြည်လမ်း | - ၇၂ ပေ |
| ကမ်းနားလမ်း | - ၇၂ ပေ |
| ဘုရင့်နောင်လမ်း | - ၇၂ ပေ |
| အင်းစိန်လမ်း | - ၇၂ ပေ |
| ဗိုလ်ချုပ်လမ်း | - ၆၀ ပေ |
| မဟာဗန္ဓုလလမ်း | - ၅၀ ပေ |
| အနော်ရထာလမ်း | - ၅၀ ပေ |
| ပါရမီလမ်း | - ၄၈ ပေ |

Source: YCDC

### ရန်ကုန်မြို့ လူဦးရေ

- ၁၉၄၀ - ၄ ဒသမ ၅ သိန်း
- ၁၉၅၀ - ၁ ဒသမ ၃ သန်း
- ၁၉၈၀ - ၂ ဒသမ ၃ သန်း
- ၂၀၀၃ - ၅ ဒသမ ၂ သန်း
- ၂၀၁၀ - ၆ ဒသမ ၆ သန်း
- ၂၀၁၇ - ၇ ဒသမ ၃ သန်း (၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းအရ)

### ရန်ကုန်မြို့ မော်တော်ယာဉ်အစီးရေ

- ၂၀၁၀ - ၁၉၀၀၀၀ ကျော်
- ၂၀၁၂ - ၂၂၂၀၀၀ ကျော်
- ၂၀၁၇ - ၅၃၀၀၀၀ ကျော်

# မိုးအဆက်မပြတ်ရွာသွန်းသဖြင့် ပုသိမ်-မုံရွာကားလမ်းမပေါ်ရှိ မဲဇလီချောင်းတံတားရေကျော်

**မင်းတုန်း ဇွန် ၁၃**

မကွေးတိုင်းဒေသကြီး မင်းတုန်းမြို့နယ် ပုသိမ်-မုံရွာ ကားလမ်းမပေါ်ရှိ မဲဇလီချောင်းကူးတံတားသည် ဇွန် ၁၃ ရက် နံနက် ၁၁ နာရီခွဲခန့်မှစ၍ မိုးအဆက် မပြတ်ရွာသွန်းနေသဖြင့် မဲဇလီရွာ တံတား၏ တောင်ဘက်ခြမ်း ချဉ်းကပ်လမ်းမပေါ် ပေ ၅၀၀ ခန့် ရေကျော်နေသဖြင့် ယာဉ်အသွားအလာ ခေတ္တရပ်ဆိုင်းထားရကြောင်း သိရသည်။

အဆိုပါနေရာအနီး နေထိုင်ကြသူများမှာလည်း နေအိမ်အတွင်း ရေဝင်ရောက်သည့်အတွက် အသုံးအဆောင်ပစ္စည်းများကို ရေလွတ်ရာသို့ ပြောင်းရွှေ့နေကြရပြီး ခရီးသွားပြည်သူများလည်း အခက်ကြုံတွေ့နေကြရကြောင်း သိရသည်။



ယင်းနေရာသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအာကာစိုး၊ မြို့နယ်လမ်းဦးစီးဌာနမှူး ဦးကောင်းမွန်၊ မြို့နယ်လျှပ်စစ်မှူး ဦးထွန်းလွင်တို့နှင့်အတူ မင်းတုန်းမြို့နယ် မကွေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးအေးလှိုင်ဦးတို့က လိုအပ်သည်များကို စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရှိရသည်။ **(မင်းထီး)**




# ရေပူနှင့်မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇွန် ၁၃**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဇွန် ၁၂ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ်ပို့ကုန် ၄၅၂ စီး၊ သွင်းကုန် ၆၀၁ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ်ပို့ကုန် ၃၄ စီး၊ သွင်းကုန် ၇၃ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဇွန် ၁၂ ရက်တွင် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုငါးမှု စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၅၈ ဒသမ ၇၃ သန်းခန့်ကို သိမ်းဆည်းရမိခဲ့သည်။ ထူးခြားသိမ်းဆည်းမှုအနေဖြင့် ဇွန် ၁၂ ရက်တွင် မရမ်းချောင်အမြဲတမ်း စစ်ဆေးရေးစခန်းအား ရှောင်ကွင်းသည့် ပျဉ်းကတိုးကုန်းလမ်း၌ Nissan Condor Truck ခြောက်ဘီးယာဉ်အား သတင်းအရ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က တားဆီးစစ်ဆေးခဲ့ရာ တရားမဝင်စာရွက်စာတမ်းအထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် "Parijat" Tobacco (1x10)(95) Pkgs နှင့် သယ်ဆောင်သည့်ယာဉ်တစ်စီး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄၉ ဒသမ ၂၅ သန်းခန့်အားတွေ့ရှိ၍ သိမ်းဆည်းခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

# ဂုတ်တွင်းအနီးလေးထပ်ကွေ့၌ ၁၂ ဘီးယာဉ်တိမ်းမှောက်

**သီပေါ ဇွန် ၁၃**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲမြို့နယ် နောင်ပိန်ရဲစခန်းအပိုင် မန္တလေး-လားရှိုး-မူဆယ်သွား ပြည်ထောင်စုလမ်းမကြီး မိုင်တိုင်အမှတ်(၈၄/၁-၂) အကြား ယနေ့နံနက် ၇ နာရီ ၃၅ မိနစ်က ယာဉ်တိမ်းမှောက်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မန္တလေးမှလားရှိုးဘက်သို့ ကိုလတ်(၃၀)နှစ် မောင်းနှင်လာသော မြေပဲအိတ်များတင်ဆောင်လာသည့် (FUSO) ၁၂ ဘီးယာဉ်သည် ဂုတ်တွင်းအနီးလေးထပ်ကွေ့၌ ဘရိတ်ပေါက်ပြီး နောက်ပြန်လိမ့်ဆင်းကျကာ လမ်းအောက်ဘက် သုံးထပ်ကွေ့မြေသားနံရံဘက်သို့ တိမ်းမှောက်သွားကြောင်း၊ လူထိခိုက်ဒဏ်ရာရရှိခြင်းမရှိကြောင်း သိရသည်။

ယာဉ်မောင်း ကိုလတ်အား နောင်ပိန်ရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**စိုင်း(သီပေါ)**



# ခင်ဦးဘူတာ၌ တရားမဝင်ကျွန်းသစ်များ သိမ်းဆည်းရမိ

**ခင်ဦး ဇွန် ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့ ခင်ဦးဘူတာရုံကြီး၌ ဇွန် ၁၂ ရက် ညနေ ၅ နာရီခန့်က သစ်လုံးများတင်ဆောင်လာသော ရထားပေါ်၌ တရားမဝင်ကျွန်းသစ်များ သိမ်းဆည်းရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇွန် ၁၂ ရက် ညနေ ၅ နာရီခန့်က နမ်းခန်းမှ စစ်ကိုင်းဆိပ်ကမ်းသို့ မီးရထားစက်ခေါင်းမောင်း ဦးကျော်ခိုင်နှင့် ရထားထိန်း(ဂတ်ဗိုလ်) ဦးမင်းမင်းထွန်းတို့ မောင်းနှင်လာသော ရတားအမှတ်(၅၁၄) အစုန်ရထား ခေါင်းအမှတ် DD/ ---- ရထားတွဲဆိုင်း သစ်လုံးများအောက်တွင် တရားမဝင်ကျွန်းသစ်များ သယ်ဆောင်လာကြောင်းသတင်းအရ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးသိန်းဇော်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမျိုးသန့်နှင့်တပ်ဖွဲ့ဝင်များ၊ မြို့နယ်သစ်တောဦးစီးမှူးဦးခင်မောင်ချို့နှင့် ဝန်ထမ်းများပူးပေါင်း၍ ရှာဖွေစစ်ဆေးရာ အဆိုပါ ရထားတွဲဆိုင်း(၈)တွဲမှ သစ်လုံးများအောက်တွင် မြေကြီးနှင့် အမှိုက်များဖုံးအုပ်လျက် တရားမဝင်ကျွန်းသစ်ခွဲသား ဆိုဒ်စုံ ၃၁၈ ချောင်း (၂ ဒသမ ၂၄၃၆ တန်)အား သိမ်းဆည်းရမိခဲ့သည်။

ယင်းဖြစ်စဉ်နှင့်ပတ်သက်၍ ခင်ဦးမြို့မရဲစခန်းက ရထားထိန်း (ဂတ်ဗိုလ်) ဦးမင်းမင်းထွန်း(၂၉)နှစ် မီးရထားဝင်းအတွင်း ကောလင်းမြို့နေသူအား အမှုဖွင့်အရေးယူထားကြောင်းသိရသည်။

**ချစ်စံ(ခင်ဦး)**



# ရန်ကုန်-မန္တလေးကားလမ်းဟောင်း နှစ်နာရီခန့်ပိတ်ဆို့မှုဖြစ်ပွား



**ဖြူး ဇွန် ၁၃**

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ် ညောင်ပင်သာနယ်မြေရဲစခန်းအပိုင်တွင် သကြားအိတ်များ တင်ဆောင်လာသော ၂၂ ဘီးတွဲယာဉ်တစ်စီးအရှိန်လွန်ကာ တိမ်းမှောက်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရန်ကုန်-မန္တလေးကားလမ်းဟောင်း မိုင်တိုင်အမှတ်(၁၃၈/၇) နှင့် (၁၃၉/၀)အကြား ကျီးမနိုးကျေးရွာအနီးတွင် ရန်ကုန်ဘက်မှ မန္တလေးဘက်သို့ မျိုးမင်းထွန်း(၃၀)နှစ် မောင်းနှင်လာသော ယာဉ်အမှတ် 6J/----- Nissan Diesel အဖြူရောင် ၂၂ ဘီးတွဲယာဉ်သည် ရှေ့မှဆိုင်ကယ်တစ်စီးအား ကျော်တက်စဉ် အရှိန်မထိန်းနိုင်ဘဲ လမ်းဘေးရှိ ကွန်ကရစ်တုံးအား ဝင်ရောက်တိုက်မိခဲ့ပြီး တိမ်းမှောက်သွားခဲ့ရာ ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်တို့မှာ ထိခိုက်ဒဏ်ရာများ (မစိုးရိမ်ရ)ရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မောင်းမျိုးမင်းထွန်းအား ညောင်ပင်သာနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **ဖြိုးကိုလင်း(ညောင်ဝိုင်း)**

# သံတောင်ကြီးတောင်ပေါ်ဒေသ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မြေပြိုမှုများဖြစ်ပွား

**သံတောင်ကြီး ဇွန် ၁၃**

ကရင်ပြည်နယ် ဘားအံခရိုင် သံတောင်ကြီးမြို့၌ ဇွန် ၁၁ ရက် မွန်းလွဲ ၂ နာရီမှစ၍ ဇွန် ၁၂ ရက်အထိ မိုးအဆက်မပြတ် ရွာသွန်းခဲ့မှုကြောင့် သံတောင်ကြီးမြို့ပေါ်ရပ်ကွက်များတွင် မိုးရေကြောင့် မြေပြိုမှုများဖြစ်ပွားခဲ့သည်။

အဆိုပါမြေပြိုမှုများကြောင့် သံတောင်ကြီးမြို့နယ် အမှတ်(၂)ရပ်ကွက် ကားလမ်းဘေးရှိ ဧဝနေဇာစားသောက်ဆိုင် အနောက်ဘက်ခြမ်းတွင် မြေပြိုမှုကြောင့် အလျားပေ ၂၀ ခန့်အကျယ်ရှိ မြေပြိုကျမှုဖြစ်ပွားခဲ့ပြီး အောက်ဘက်တွင်ရှိသော လူနေအိမ်နှစ်အိမ်၏အနီးကပ်လျက် ကျရောက်ခဲ့သဖြင့် ဧဝနေဇာစားသောက်ဆိုင်ပိုင်ရှင် ဒေါ်စိန်ပန်းမိသားစုဝင်များနှင့် မြေစာများ ကျရောက်ခဲ့သော လူနေအိမ်နှစ်လုံးအား ဘေးကင်းရာသို့ သက်ဆိုင်ရာမှ ပြောင်းရွှေ့နေထိုင်စေခဲ့သည်။ ထို့အတူ အမှတ်(၁)ရပ်ကွက်မှ လိပ်ပြာကလေးရွာသွားလမ်းခြောက်ပေအကျယ်ရှိ မြေသွားလမ်းပေါ်တွင် အလျား ၁၅ ပေခန့်ရှိ မြေပြိုကျမှုဖြစ်ပွားခဲ့မှုကြောင့် လူသွားလမ်းပိတ်ဆို့ခဲ့ခြင်း၊ အမှတ်(၁)ရပ်ကွက် နော်ဘူဘောဆုတောင်းတောင်အတက်လမ်းဘေးရှိ အိမ်ပိုင်ရှင်နော်သာဒေးဖော၏ နေအိမ်မီးဖိုချောင်ပေါ်သို့ မြေပြိုကျမှုဖြစ်ပွားခဲ့သဖြင့် မီးဖိုဆောင်ပျက်စီးသွားခဲ့ခြင်း၊ အလားတူ နော်ဘူဘောတောင်အတက်လမ်းတွင်လည်း ကတ္တရာလမ်းမနှင့်ကပ်လျက် အောက်ဘက်ခြမ်းတွင် မြေပြိုကျမှုဖြစ်ပွားခဲ့ခြင်းနှင့် ဦးဝင်းဂိတ်၏



နေအိမ်အနောက်ဘက်ခြမ်းတွင် အလျား ၁၅ ပေခန့်ရှိ မြေပြိုမှုဖြစ်ပွားခဲ့သောကြောင့် အဆိုပါနေအိမ်များတွင် နေထိုင်သူများအန္တရာယ်ရှိနိုင်သဖြင့် သက်ဆိုင်ရာ တာဝန်ရှိသူများက ဘေးကင်းရာသို့ ပြောင်းရွှေ့နေထိုင်စေခဲ့ကြောင်းနှင့် အဆိုပါဖြစ်စဉ် နှင့်ပတ်သက်၍ လူအသေအပျောက် ထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း သိရသည်။

**သံတောင်ကြီး(ပြန်/ဆက်)**

■



ရှိုင်း
မင်း
မင်း

# အကြိတ်အနယ်အားပြိုင်ကြမည့် ၂၀၁၇ ကွန်ဖက်ဒရေးရှင်းဖလား

လာမယ့် ဇွန် ၁၇ ရက်မှာ ၂၀၁၇ ဖီဖာ ကွန်ဖက်ဒရေးရှင်းဖလားပြိုင်ပွဲကို ၂၀၁၈ ခုနှစ် ကမ္ဘာ့ဖလားအိမ်ရှင် ရုရှားကအိမ်ရှင်အဖြစ် လက်ခံကျင်းပတော့မယ်။ ဒီပြိုင်ပွဲကို ကမ္ဘာ့တိုက်ကြီးများဖလားလို့လည်း ခေါ်တွင်ကြပြီး ၁၉၉၇ ခုနှစ်က စတင်ကျင်းပခဲ့တာလည်းဖြစ်တယ်။ ဒီပြိုင်ပွဲကိုအရင်က နှစ်နှစ်တစ်ကြိမ် ကျင်းပရာကနေ ၂၀၀၅ ခုနှစ်ကစလို့ လေးနှစ်တစ်ကြိမ် ပြောင်းလဲကျင်းပခဲ့တာဖြစ်ပြီး ပြိုင်ပွဲရဲ့အိမ်ရှင်နိုင်ငံကိုလည်း ကမ္ဘာ့ဖလားပြိုင်ပွဲကို အိမ်ရှင်အဖြစ် လက်ခံကျင်းပမယ့်နိုင်ငံကိုသာ တောက်လျှောက်ရွေးချယ်ခဲ့တာဖြစ်တယ်။

## King Fahd Cup

ဒီပြိုင်ပွဲကိုအရင်က ဆော်ဒီအာရေဗျနိုင်ငံကသာ အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့တာဖြစ်ပြီး ဆော်ဒီအာရေဗျဘုရင်ကို ဂုဏ်ပြုတဲ့အနေနဲ့ ၁၉၉၂ ခုနှစ်မှာ King Fahd Cup ဆိုပြီး စတင်ကျင်းပခဲ့တာဖြစ်တယ်။ အဲဒီတုန်းက အသင်းအရေအတွက်က အခုလောက်များပြားမှုမရှိခဲ့ဘဲ စတင်ကျင်းပတဲ့ ၁၉၉၂ ပြိုင်ပွဲမှာအိမ်ရှင်ဖြစ်တဲ့အပြင် ၁၉၈၈ အာရှဖလားချန်ပီယံလည်းဖြစ်တဲ့ ဆော်ဒီအာရေဗျ၊ ၁၉၉၁ ကွန်ကာကပ်ဖ်ချန်ပီယံ အမေရိကန်၊ ၁၉၉၁ ကိုပါ အမေရိကဖလားချန်ပီယံ အာဂျင်တီးနားနဲ့ ၁၉၉၂ အာဖရိကချန်ပီယံ အိုင်ဗရီကို့စ်တို့ လေးသင်းထဲသာ ပြိုင်ပွဲဝင်ခဲ့တာဖြစ်တယ်။

## ကွန်ဖက်ဒရေးရှင်းဖလား

အဲဒီနောက်မှာတော့ အဆိုပါပြိုင်ပွဲကို ဖီဖာက စတင်ဦးဆောင်ကာ ပြိုင်ပွဲရဲ့အမည်ကိုလည်း ကွန်ဖက်ဒရေးရှင်းပြိုင်ပွဲလို့ အမည်ပြောင်းလဲခဲ့သလို ပြိုင်ပွဲဝင်အသင်းအရေအတွက်ကိုလည်း တိုးမြှင့်ခဲ့တာဖြစ်တယ်။ အထူးသဖြင့် ဖီဖာက စတင်ဦးဆောင်ခဲ့တဲ့ ကွန်ဖက်ဒရေးရှင်းပြိုင်ပွဲကို ၁၉၉၇ ခုနှစ်မှာ စတင်ကျင်းပခဲ့တာဖြစ်ပြီး အဆိုပါနှစ်ကစလို့ ကမ္ဘာ့တိုက်ကြီးများအလိုက် ချန်ပီယံအသင်းတွေကို ပြိုင်ပွဲဝင်စေခဲ့သလို အဆိုပါအသင်းတွေနဲ့အတူ ကမ္ဘာ့ချန်ပီယံအသင်းကိုပါ ပြိုင်ပွဲဝင်စေခဲ့တာဖြစ်တယ်။ ဒါကြောင့်လည်း ကွန်ဖက်ဒရေးရှင်းဖလားဆိုတဲ့အမည်နဲ့ စတင်ကျင်းပခဲ့တဲ့ ၁၉၉၇ ခုနှစ် ပြိုင်ပွဲမှာတော့ ၁၉၉၄ ကမ္ဘာ့ချန်ပီယံဘရာဇီး၊ ၁၉၉၆ အာရှချန်ပီယံ ဆော်ဒီအာရေဗျ၊ ၁၉၉၅ ကိုပါအမေရိကချန်ပီယံ ဥရုဂွေး၊ ၁၉၉၆ ကွန်ကာကပ်ဖ်ချန်ပီယံ မက္ကဆီကို၊ ၁၉၉၆ အာဖရိကချန်ပီယံ တောင်အာဖရိက၊ ၁၉၉၆ သမုဒ္ဒရာပိုင်းဇုန်ချန်ပီယံ သြစတြေးလျနဲ့ ၁၉၉၆ အာရှဖလားဒုတိယဆုရ ယူအေအီး၊ ၁၉၉၆ ဥရောပဖလားဒုတိယဆုရှင် ချက်တို့ ပြိုင်ပွဲဝင်ခဲ့တာဖြစ်တယ်။

ဒီပြိုင်ပွဲမှာ ချက်နဲ့ ယူအေအီးတို့ ပြိုင်ပွဲဝင်ခွင့်ရခဲ့တာက ၁၉၉၆ ခုနှစ်မှာ ဥရောပချန်ပီယံဖြစ်ခဲ့တဲ့ ဂျာမနီက ပြိုင်ပွဲမဝင်ခဲ့တာကြောင့် ဒုတိယဆုရှင် ချက်ကို ပြိုင်ပွဲဝင်စေခဲ့တာဖြစ်သလို ၁၉၉၆ အာရှချန်ပီယံ ဆော်ဒီအာရေဗျကလည်း အိမ်ရှင်အဖြစ် သတ်မှတ်ခံရတာကြောင့် ဒုတိယဆုရှင် ယူအေအီးကို ပြိုင်ပွဲဝင်စေခဲ့တာကြောင့်ဖြစ်ကာ အဆိုပါပြိုင်ပွဲကိုတော့ လေးသင်းနှစ်အုပ်စုခွဲပြီး အမှတ်အများဆုံးရတဲ့ လေးသင်းကို ဆီမီးဖိုင်နယ်တက်စေကာ အနိုင်ရတဲ့နှစ်သင်းကို ဗိုလ်လုစေတဲ့စနစ်နဲ့ ကျင်းပခဲ့တာဖြစ်တယ်။ နောက်ဆုံးဗိုလ်လုပွဲမှာ ဘရာဇီးက သြစတြေးလျကို အနိုင်ရဗိုလ်စွဲနိုင်ခဲ့ပြီး ကွန်ဖက်ဒရေးရှင်းပြိုင်ပွဲရဲ့ ပထမဆုံး ချန်ပီယံအဖြစ်လည်း မှတ်တမ်းရေးထိုးနိုင်ခဲ့တာဖြစ်တယ်။

## အအောင်မြင်ဆုံးအသင်း

၂၀၀၁ ခုနှစ်ပြိုင်ပွဲမှာတော့ ၁၉၉၈ ကမ္ဘာ့ချန်ပီယံလည်းဖြစ်၊ ၂၀၀၀ ပြည့်နှစ် ဥရောပချန်ပီယံလည်းဖြစ်တဲ့ ပြင်သစ်က ဗိုလ်စွဲနိုင်ခဲ့ကာ စတုတ္ထအကြိမ်ပြိုင်ပွဲကိုတော့ ၂၀၀၃ ခုနှစ်မှာ ကျင်းပခဲ့ပြီး ကမ္ဘာ့ဖလားနဲ့ တိုက်ဆိုင်မှုမရှိလို့ ပြင်သစ်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့တာဖြစ်သလို အဆိုပါပြိုင်ပွဲမှာလည်း ပြင်သစ်ကသာ ထပ်မံဗိုလ်စွဲနိုင်ခဲ့လို့ ပြင်သစ်အနေနဲ့လည်း ကွန်ဖက်ဒရေးရှင်းဖလားပြိုင်ပွဲမှာ ပထမဆုံးအကြိမ် ချန်ပီယံဆုဖလားကို ကာကွယ်နိုင်ခဲ့တဲ့အသင်း ဖြစ်လာခဲ့တယ်။

ဒါပေမယ့်လည်း ပြင်သစ်ဟာဒီပြိုင်ပွဲရဲ့ အောင်မြင်မှုအရှိဆုံးအသင်းတော့ ဖြစ်မလာခဲ့ဘူး။ ဘာကြောင့်လဲဆိုတော့ ပြင်သစ်ဗိုလ်စွဲခဲ့တဲ့ ၂၀၀၃ ပြိုင်ပွဲအပြီး ထပ်မံကျင်းပတဲ့ပြိုင်ပွဲတွေမှာ ဘရာဇီးကသာ တောက်လျှောက်ဗိုလ်စွဲနိုင်ခဲ့တာကြောင့်ပဲ ဖြစ်တယ်။ ပြောမယ်ဆိုရင် ပဉ္စမအကြိမ်ပြိုင်ပွဲကို ၂၀၀၅ ခုနှစ်မှာ ၂၀၀၆ ကမ္ဘာ့ဖလားအိမ်ရှင် ဂျာမနီနိုင်ငံမှာကျင်းပခဲ့တော့ ဘရာဇီးက ဗိုလ်စွဲနိုင်ခဲ့သလို ဆဋ္ဌမအကြိမ်ပြိုင်ပွဲကို ၂၀၀၉ ခုနှစ်မှာ ၂၀၁၀ ကမ္ဘာ့ဖလား အိမ်ရှင် တောင်အာဖရိကနိုင်ငံမှာ ကျင်းပခဲ့တဲ့အခါမှာလည်း ဘရာဇီးကသာ ဗိုလ်စွဲခဲ့ပြီး ၂၀၁၃ ခုနှစ်မှာ ၂၀၁၄ ကမ္ဘာ့ဖလားအိမ်ရှင် ဘရာဇီးက အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့တဲ့ နောက်ဆုံးပြိုင်ပွဲမှာလည်း ဘရာဇီးကသာ ချန်ပီယံထပ်မံဖြစ်ခဲ့တဲ့အတွက် ဘရာဇီးဟာ ဒီပြိုင်ပွဲရဲ့ ချန်ပီယံဆုကို သုံးကြိမ်ဆက်တိုက်ရရှိတဲ့ ပထမဆုံးအသင်းဖြစ်လာခဲ့သလို ဒီပြိုင်ပွဲမှာ ချန်ပီယံဆုကို လေးကြိမ်ရယူနိုင်ခဲ့တဲ့အတွက်ကြောင့်လည်း ဒီပြိုင်ပွဲရဲ့ အအောင်မြင်ဆုံးအသင်း ဖြစ်လာခဲ့တာပဲဖြစ်တယ်။

## ဘရာဇီးမပါတဲ့ ပထမဆုံးပွဲ

ဒါပေမယ့်လည်း အခုကျင်းပမယ့် ၂၀၁၇ ခုနှစ် ပြိုင်ပွဲမှာတော့ ဒီပြိုင်ပွဲရဲ့ အအောင်မြင်ဆုံးအသင်းဖြစ်သလို ကွန်ဖက်ဒရေးရှင်းပြိုင်ပွဲရယ်လို့ စတင်ကျင်းပခဲ့ကတည်းက တစ်ကြိမ်မပျက်ပြိုင်ပွဲဝင်ခွင့်ရခဲ့တဲ့ ဘရာဇီးအနေနဲ့ ပြိုင်ပွဲဝင်ခွင့်မရခဲ့တာတွေ့ရတယ်။ ဘရာဇီးဟာ ပြီးခဲ့တဲ့ကမ္ဘာ့ဖလားပြိုင်ပွဲမှာ စတုတ္ထနေရာမှာသာရပ်တည်နိုင်ခဲ့သလို ၂၀၁၆ ကိုပါအမေရိကဖလားမှာလည်း အုပ်စုအဆင့်ကိုတောင်မကျော်နိုင်ခဲ့တာကြောင့် ဒီပြိုင်ပွဲနဲ့ဝေးခဲ့ရတာ ဖြစ်ပြီး တောင်အမေရိကဒေသအသင်းဆိုလို့ ၂၀၁၆ ကိုပါအမေရိကဖလား ချန်ပီယံ ချီလီတစ်သင်းတည်းသာ ပါဝင်ခွင့်ရလာခဲ့တာဖြစ်တယ်။ ကွန်ဖက်ဒရေးရှင်းဆိုတဲ့ အမည်နဲ့ပြိုင်ပွဲကျင်းပလာတာအခုဆိုရင် ရှစ်ကြိမ်မြောက် ပြိုင်ပွဲကို ရောက်ရှိလာတဲ့ အချိန်မှာ ဒီလို တောင်အမေရိကဒေသက တစ်သင်းသာ ပြိုင်ပွဲဝင်ခွင့်ရရှိမှုဟာလည်း တတိယအကြိမ်အဖြစ်သာ ရှိသေးတယ်။

၁၉၉၉ မက္ကဆီကိုပြိုင်ပွဲနဲ့ ၂၀၀၁ တောင်ကိုရီးယား၊ ဂျပန်ပြိုင်ပွဲတွေမှာ တုန်းက အခုလိုပဲ တောင်အမေရိကဒေသက တစ်သင်းသာပြိုင်ပွဲဝင်ခွင့်ရခဲ့တာဖြစ်ပြီး ကျန်ပြိုင်ပွဲတွေမှာတော့ တောင်အမေရိက ဒေသကနှစ်သင်းစီပြိုင်ပွဲဝင်ခွင့်ရခဲ့ကြဖူးတာဖြစ်တယ်။ ဒါကြောင့်လည်း ဒီကွန်ဖက်ဒရေးရှင်းဖလားပြိုင်ပွဲမှာ တောင်အမေရိကအသင်းတွေကသာ အောင်မြင်မှုပိုရခဲ့တာဖြစ်ပြီး စုစုပေါင်း ခုနစ်ကြိမ်ကျင်းပခဲ့ရာမှာ တောင်အမေရိကဒေသက အသင်းတွေကသာ လေးကြိမ်တိတိ ဗိုလ်စွဲနိုင်ခဲ့တာဖြစ်တယ်။ ၂၀၀၅ ခုနှစ်ပြိုင်ပွဲမှာဆိုရင် တောင်အမေရိက နှစ်သင်းဖြစ်တဲ့ ဘရာဇီးနဲ့ အာဂျင်တီးနားတို့ နှစ်သင်းစလုံးဟာ နောက်ဆုံးဗိုလ်လုပွဲကိုတောင် တက်ရောက်နိုင်ခဲ့ကြတဲ့အထိ ဒီပြိုင်ပွဲမှာ တောင်အမေရိကအသင်းတွေဟာ အားလုံးထက် ပိုမိုအောင်မြင်မှုရခဲ့ကြတာ တွေ့ရတယ်။ ဒါပေမယ့် တောင်အမေရိကဒေသက တစ်သင်းတည်းသာပြိုင်ပွဲဝင်ခွင့်ရခဲ့တဲ့ ၁၉၉၉ နဲ့ ၂၀၀၁ ပြိုင်ပွဲတွေမှာတော့ တောင်အမေရိကဒေသက အသင်းတွေ ဗိုလ်စွဲနိုင်ခြင်းမရှိခဲ့ကြဘူး။ ဒါကြောင့်လည်း အခုတစ်ကြိမ်မှာ တောင်အမေရိကဒေသက ချီလီတစ်သင်းသာပြိုင်ပွဲဝင်ခွင့် ရလာတဲ့အတွက် ဒီတစ်ကြိမ်ဟာ တောင်အမေရိကဒေသရဲ့လမ်းမိုးမှုအောက်က လွတ်မြောက်တော့မယ့်ပြိုင်ပွဲလို့လည်း မျှော်လင့်နိုင်တယ်။

## မျက်နှာသစ်အသင်းများနဲ့ ထူးခြားချက်များ

ဒီတစ်ကြိမ်ပြိုင်ပွဲမှာ အဆိုပါ ၂၀၁၆ ကိုပါ အမေရိကဖလားချန်ပီယံ ချီလီနဲ့အတူ ၂၀၁၈ ကမ္ဘာ့ဖလား အိမ်ရှင်နိုင်ငံဖြစ်တဲ့အပြင် ဒီပြိုင်ပွဲရဲ့ အိမ်ရှင်နိုင်ငံလည်းဖြစ်တဲ့ ရုရှား၊ ၂၀၁၄ ကမ္ဘာ့ဖလားချန်ပီယံ ဂျာမနီ၊ ၂၀၁၅ အာရှဖလားချန်ပီယံ သြစတြေးလျ၊ ၂၀၁၅ ကွန်ကာကပ်ဖ်ချန်ပီယံ မက္ကဆီကို၊ ၂၀၁၆ သမုဒ္ဒရာပိုင်းဇုန်ချန်ပီယံ နယူးဇီလန်၊ ၂၀၁၆ ဥရောပချန်ပီယံ ပေါ်တူဂီနဲ့ ၂၀၁၇ အာဖရိကချန်ပီယံ ကင်မရွန်းတို့ ပါဝင်ယှဉ်ပြိုင်ကြမှာဖြစ်တယ်။ ပြောရမယ်ဆိုရင်တော့ ဒီနှစ်ပြိုင်ပွဲကို ပါဝင်ခွင့်ရလာခဲ့တဲ့အသင်းတွေအထဲမှာ ဂျာမနီ၊ သြစတြေးလျ၊ မက္ကဆီကို၊ နယူးဇီလန်နဲ့ ကင်မရွန်းတို့ဟာ ဒီပြိုင်ပွဲမှာ အရင်က ပါဝင်ယှဉ်ပြိုင်ခဲ့ဖူးတဲ့အသင်းတွေဖြစ်ပြီး ဂျာမနီက နှစ်ကြိမ်၊ သြစတြေးလျက သုံးကြိမ်၊ မက္ကဆီကိုက ခြောက်ကြိမ်၊ ကင်မရွန်းက နှစ်ကြိမ်နဲ့ နယူးဇီလန်က သုံးကြိမ်ပြိုင်ပွဲဝင်ခွင့်ရခဲ့ကြတာဖြစ်တယ်။ ဒါပေမယ့်လည်း ဒီပြိုင်ပွဲရဲ့အိမ်ရှင်အသင်းဖြစ်တဲ့ ရုရှား၊ ယူရို ၂၀၁၆ ချန်ပီယံ ပေါ်တူဂီနဲ့ ၂၀၁၆ ကိုပါအမေရိကဖလား ချန်ပီယံချီလီတို့ကတော့ ဒီပြိုင်ပွဲကိုပထမဆုံး အကြိမ်အဖြစ် ပြိုင်ပွဲဝင်ခွင့်ရလာခဲ့ကြတာပဲဖြစ်တယ်။ ဒါကြောင့်လည်း ဒီမျက်နှာသစ်အသင်းတွေအနေနဲ့ ဒီပြိုင်ပွဲမှာ ဘယ်အတိုင်းအတာအထိ စွမ်းဆောင်နိုင်မလဲဆိုတာကလည်း စိတ်ဝင်စားဖို့ကောင်းလာတယ်။

ဒ့ါအပြင် ဒီပြိုင်ပွဲမှာဗိုလ်စွဲနိုင်တဲ့အသင်းဟာ အဲဒီပြိုင်ပွဲအပြီးကျင်းပတဲ့ ကမ္ဘာ့ဖလားပြိုင်ပွဲမှာ အောင်မြင်မှုရဖို့ ရုန်းကန်ရတတ်တဲ့ အစဉ်အလာပဲ ဖြစ်တယ်။ နောက်ဆုံးကျင်းပခဲ့တဲ့ ၂၀၁၃ ပြိုင်ပွဲမှာ ဗိုလ်စွဲခဲ့တဲ့ဘရာဇီးဆိုရင် အဲဒီပြိုင်ပွဲအပြီးကျင်းပတဲ့ ၂၀၁၄ ကမ္ဘာ့ဖလားမှာ စတုတ္ထနေရာသာရခဲ့တယ်။ ဒ့ါအပြင် ၂၀၀၉ ခုနှစ်ပြိုင်ပွဲမှာချန်ပီယံဖြစ်ခဲ့တဲ့ ဘရာဇီးဟာ ၂၀၁၀ ကမ္ဘာ့ဖလားမှာ ကွာတားအဆင့်အထိသာ တက်ရောက်နိုင်ခဲ့သလို ၂၀၀၅ ခုနှစ်မှာ ချန်ပီယံဖြစ်ခဲ့တဲ့ ဘရာဇီးဟာ ၂၀၀၆ ကမ္ဘာ့ဖလားမှာ ကွာတားအထိသာ တက်ရောက်နိုင်ခဲ့ဖူးတယ်။ ဒ့ါအပြင် ၂၀၀၁ ခုနှစ်မှာ ချန်ပီယံဖြစ်ခဲ့တဲ့ ပြင်သစ်ဟာလည်း ၂၀၀၂ ခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲမှာအုပ်စုအဆင့်ကိုတောင် မကျော်နိုင်ခဲ့ဘူး။ ဒါကြောင့် ဒီပြိုင်ပွဲမှာ ချန်ပီယံဖြစ်တဲ့အသင်းတွေအနေနဲ့ ကမ္ဘာ့ဖလားပွဲမှာ ရုန်းကန်ရတတ်လို့ဆိုကြတာဖြစ်သလို ဒီတစ်ကြိမ်ပြိုင်ပွဲမှာ ဘယ်အသင်းချန်ပီယံဖြစ်မလဲဆိုတာအပြင် အဆိုပါအသင်းအနေနဲ့ လာမယ့် ကမ္ဘာ့ဖလားပြိုင်ပွဲမှာရော အောင်မြင်မှုရယူနိုင်ပါ့မလားဆိုတာကိုပါ စောင့်ကြည့်ရဖို့ရှိတယ်။

# စိုက်ပျိုးရေးဆိုင်ရာနည်းပညာ လေ့လာဆန်းစစ်ခြင်းနှင့် ဆည်ရေသောက်စနစ် မြစ်ရေတင်စနစ် စိုက်ပျိုးရေးနည်းပညာ တောင်သူအသိပညာပေး ဆွေးနွေးပွဲ မြင်းခြံမြို့နယ်၌ ပြုလုပ်



**မြင်းခြံ ဇွန် ၁၃**

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးမြင့်လင်းဦးဆောင်သော ဝန်ထမ်းများအဖွဲ့သည် ဇွန် ၁၁ ရက်က မြင်းခြံမြို့နယ် ဆီမီးခုံအပိုင်း (၂) မြစ်ရေတင်စနစ်ဖြင့် ၂၀၁၆-၂၀၁၇ ခုနှစ်တွင် စိုက်ပျိုးခဲ့သည့် နွေသီးနှံ ရေဆင်း ၁၄၃၇၅ ကေနှင့် ငါ့နန်းကျေးရွာအုပ်စု မြစ်သာကျေးရွာ ကွင်းအမှတ်(၄) ဦးပိုင် ၂၄၀ ရှိ တောင်သူဦးသန်းညွန့်၏ နွေသီးနှံ ပဲတီစိမ်း ၂ဒသမ ၅၀ ဧက စိုက်ပျိုးထားရှိသည့် စံပြကွက်များသို့ သွားရောက်ပြီး တောင်သူပညာပေး စိုက်ပျိုးရေးဆိုင်ရာနည်းပညာ လေ့လာဆန်းစစ်ခြင်းများပြုလုပ်ကြပြီး ဆည်ရေသောက်စနစ်နှင့် မြစ်ရေတင်စနစ် စိုက်ပျိုးရေးဆိုင်ရာ တောင်သူအသိပညာပေး ဆွေးနွေးပွဲ အခမ်းအနားပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ ဆွေးနွေးပွဲအခမ်းအနားသို့ မြင်းခြံခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမြင့်လင်းနှင့် ခရိုင် (မြေ၊ မျိုး၊ ပိုး) တာဝန်ခံများ၊ ကွင်းဝန်ထမ်းများနှင့် မြင်းခြံမြို့နယ် မြစ်သာကျေးရွာမှ ဒေသခံတောင်သူများ၊ တောင်သာမြို့နယ်မှ ဒေသခံတောင်သူများနှင့် နွားထိုးကြီးမြို့နယ်မှ ဒေသခံတောင်သူများ စုစုပေါင်းအင်အား ၁၅၃ ဦးခန့် တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် မြင်းခြံခရိုင်ဦးစီးမှူး ဦးမြင့်လင်းက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ဦးစီးမှူး ဒေါ်စန်းစန်းမြင့်နှင့် မြင်းခြံခရိုင် (SMS) တို့က ဆည်ရေသောက်စနစ်၊ မြစ်ရေတင်စနစ်တို့ဖြင့် စိုက်ပျိုးသည့် စံပြကွက်သီးနှံစိုက်ခင်းများနှင့်စပ်လျဉ်း၍ အောင်မြင်ဖြစ်ထွန်းမှုအခြေအနေများကို တောင်သူပညာပေး ရှင်းလင်းဆွေးနွေးပြောကြားခဲ့ကြသည်။ ဆက်လက်၍ မြင်းခြံမြို့နယ် မြစ်သာကျေးရွာမှ တောင်သူဦးသန်းညွန့်က မိမိယာမြေတွင် မြစ်ရေတင်စနစ်ဖြင့် နွေသီးနှံပဲတီစိမ်းစံပြကွက် ၂ဒသမ ၅၀ ဧက စိုက်ပျိုးထားရှိမှုနှင့်ပတ်သက်၍ ဝင်ငွေအကျိုးအမြတ်ရရှိနိုင်မှု အသေးစိတ်ကို ရှင်းလင်းပြောကြားခဲ့သည်။ ထို့နောက် ခရိုင်ဦးစီးမှူး ဦးမြင့်လင်းနှင့် တက်ရောက်လာကြသည့်ဒေသခံတောင်သူများက မြစ်သာကျေးရွာတွင် စိုက်ပျိုးရေးဦးစီးဌာနမှ ပညာပေးဆောင်ရွက်မှုဖြင့် စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းလျက်ရှိသည့် နွေပဲတီစိမ်းစံပြကွက်၊ ရေဆင်း-၁၁၊ ရေဆင်း-၁၄ စံပြကွက် စိုက်ခင်းများသို့ သွားရောက်ကြပြီး သီးနှံစိုက်ခင်းများအလိုက် အောင်မြင်ဖြစ်ထွန်းမှုအခြေအနေများကို နှိုင်းယှဉ်လေ့လာကြည့်ရှုခဲ့ကြသည်။ ထို့နောက် တောင်သူများက မိမိဒေသအလိုက် စံပြကွက်သီးနှံစိုက်ခင်းများ စိုက်ပျိုးထားရှိနိုင်ရေးအတွက် သိရှိလိုသည့်အချက်များကို မေးမြန်းကြရာ မြင်းခြံခရိုင်ဦးစီးမှူး ဦးမြင့်လင်းက စံပြကွက်စိုက်ခင်းများ၏ စိုက်ပျိုးရေးနည်းစနစ်များကို အသေးစိတ်ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

## အမှတ်(၂၆)စက်မှုလယ်ယာစခန်းတွင် လယ်ယာသုံးစက်ကိရိယာမောင်းနှင် ထိန်းသိမ်းနည်းအခြေခံသင်တန်းဖွင့်

**သာစည် ဇွန် ၁၃**

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်တွင် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်၍ လယ်ယာသုံးစက်ကိရိယာမောင်းနှင်ထိန်းသိမ်းနည်းအခြေခံသင်တန်းဖွင့်ပွဲကို ဇွန် ၁၂ ရက် နံနက် ၉ နာရီက အမှတ်(၂၆) စက်မှုလယ်ယာစခန်းသင်တန်းခန်းမ၌ ကျင်းပခဲ့သည်။

မြို့နယ်စက်မှုလယ်ယာဦးစီးဌာနမှူး ဦးစည်သူကျော်က သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်များ၊ လယ်ယာသုံးစက်ကိရိယာမောင်းနှင်ထိန်းသိမ်းနိုင်ရန်လိုအပ်သကဲ့သို့ အဆင့်မြင့်လယ်ယာဖော်ဆောင်ရန်လည်းလိုအပ်ကြောင်း၊ သို့မှသာ စက်စွမ်းအားကိုအပြည့်အဝအသုံးပြုနိုင်မည်ဖြစ်ကြောင်းနှင့် လယ်ယာသုံးစက်ကိရိယာများ တောင်သူများလက်ဝယ်ရောက်ရှိရေးအတွက် ဌာနမှ မိမိတို့နိုင်ငံရေမြေသဘာဝနှင့်ကိုက်ညီသော လယ်ယာသုံးစက်ကိရိယာများထုတ်လုပ်၍ လက်ငင်းစနစ်၊ အရစ်ကျစနစ်များဖြင့် ဖြန့်ဖြူးရောင်းချပေးနေသကဲ့သို့ ပုဂ္ဂလိကအခန်းကဏ္ဍမှလည်း ကုမ္ပဏီများ၊ ဘဏ်များနှင့်ချိတ်ဆက်ကာ လက်ငင်းစနစ်၊ အရစ်ကျစနစ်၊ ဘဏ်စနစ်များဖြင့် ဖြန့်ဖြူးရောင်းချပေးလျက်ရှိကြောင်း ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းတွင် လယ်ယာသုံးစက်ကိရိယာများနှင့်ပတ်သက်သော ပြင်ဆင်ထိန်းသိမ်းမှုနှင့် ဆောင်ရန်ရှောင်ရန်များကို စာတွေ့လက်တွေ့ သင်ကြားပို့ချသွားမည်ဖြစ်သည်။

သင်တန်းဖွင့်ပွဲသို့ မြို့နယ်အုပ်ချုပ်ရေးမှူး၊ ဌာနဆိုင်ရာများနှင့် သင်တန်းသား ၃၀ တို့ တက်ရောက်ကြပြီး သင်တန်းကာလမှာ ၁၂ ရက်ကြာမည်ဖြစ်ကြောင်း သိရသည်။

**ထွန်းထွန်း(သာစည်)**



## ပန်းထိမ်ငိုပန်းစိုက်ပျိုးသူများ ဈေးကွက်ကောင်းသည့်အတွက် အဆင်ပြေလျက်ရှိ

**ပြင်ဦးလွင် ဇွန် ၁၃**

ပြင်ဦးလွင်ဒေသ ပန်းထိမ်ငိုပန်းစိုက်ပျိုးသူများ အဆင်ပြေလျက်ရှိပြီး ယခုနှစ်တွင် ပန်းထိမ်ငိုပန်းဈေးကွက် ကောင်းမွန်လျက်ရှိသည်။ ပန်းထိမ်ငိုပန်းမှာ တစ်ခါစိုက်ပျိုးပြီးသည်နှင့် လေးနှစ်ခန့် အသုံးပြုနိုင်သည်။ ပန်းထိမ်ငိုပန်းတွင် ရိုးရိုးပန်းထိမ် (တစ်ထပ်ပန်းထိမ်)၊ နှစ်ထပ်ပန်းထိမ်၊ သုံးထပ်ပန်းထိမ်ဟူ၍ သုံးမျိုးရှိသည်။ အများစုမှာ သုံးထပ်ပန်းထိမ်ငိုပန်းကို စိုက်ပျိုးကြသည်။

ပန်းထိမ်ငိုပန်းကို ဧပြီလမှစတင်ကာ ဥဖြင့်စိုက်ပျိုးလေ့ရှိပြီး ဇွန်လတွင် ပန်းလှိုင်လှိုင်ပေါ်ပြီဖြစ်သည်။ အများစုမှာ နှစ်လကျော်လျှင်ပန်းပွင့်သည်။ စိုက်ပျိုးရာတွင် ဥစိုက်နှင့် အပင်စိုက် နှစ်မျိုးရှိသည်။ ဧပြီလမှစိုက်ပျိုးသည့်အပင်များမှာ သီတင်းကျွတ်အထိ ပန်းချိုးရသည်။ ရေကိုပိုက်လိုင်းဖြင့်ဆက်သွယ်ပေးထားပြီး မှိုဆေးကို ငါးရက်တစ်ခါဖျန်းပေးရသည်။ ပန်းထိမ်ငိုပန်းများကို အနီးစခန်းပွဲရုံများကို သွင်းရသည်။

အိမ်ဝိုင်းများအတွင်း ကျင်းသုံးထောင်စိုက်ပျိုးထားပါက သုံးရက်ခြားတစ်ခါ ပန်းစည်းငါးရာအထိထွက်ရှိသည်။ ပန်းဆယ်ခက်ပါတစ်စည်းလျှင် ငွေကျပ်သုံးထောင်ဖြင့် ရောင်းချရသည်။ တစ်နှစ်စိုက်ပျိုးပြီး လေးနှစ်စားရသည့်အပင်ဖြစ်၍ တွက်ခြေကိုက်သည်။ သီတင်းကျွတ်လ ပန်းရာသီကုန်ပါက ဓားကောက်ရမ်းကာ ရှင်းထားပေးရသည်။ သုံးလပိုင်းအကုန်တွင် နွားချေးထည့်ပေးလိုက်ရုံဖြင့် ပြန်လည်ပေါက်လာသည်။ လက်ရှိကာလတွင် ဈေးကွက်ကောင်းမွန်သည့်အတွက် အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**တိမ်တမန်**

## မိတ္ထီလာမြောက်ကန် ကြာတောနေရာသို့ လာရောက်လည်ပတ်သူများကြောင့် လှေအငှားလိုက်သူများ အဆင်ပြေ

**မိတ္ထီလာ ဇွန် ၁၃**

မိတ္ထီလာမြို့ ဝန်ဇင်းရပ်ကွက် ဘိုးဘွားရိပ်သာအနီး မိတ္ထီလာမြောက်ကန်အတွင်း ကြာဖြူပန်းပွင့်များ အများအပြားရှိသည့် ကြာတောနေရာသို့ နေ့စဉ်လာရောက်လည်ပတ်သူများကြောင့် လှေအငှားလိုက်သူများမှာ နေ့စဉ်ဝင်ငွေရရှိပြီး အဆင်ပြေလျက်ရှိကြောင်း သိရသည်။

"မိတ္ထီလာမြောက်ကန် ကြာတောနေရာသတင်းကို မြန်မာ့ရုပ်မြင်သံကြားနဲ့ သတင်းစာတွေမှာပါပြီးနောက် နေ့စဉ်လာရောက်လည်ပတ်သူတွေများလာတယ်။ ကြာတောကို လာရောက်လည်ပတ်သူတွေကို ငါးဖမ်းလုပ်ငန်းလုပ်ကိုင်တဲ့ တံငါလှေတွေနဲ့ လှေအငှားလိုက်ပို့ပါတယ်။ လူတစ်ဦးကို တစ်ထောင်ကျပ်နှုန်းနဲ့ လှေတစ်စီးကို ငါးဦးပဲတင်ပြီး ကြာတောထဲ လှော်ခတ်လိုက်ပို့တာပါ။ လှေတစ်စင်းလုံး ငှားပြီးစီးမယ်ဆိုလည်း တစ်စင်းကို ငါးထောင်ကျပ်ပဲ လှေအငှားလိုက်ခပေးရတယ်။ ကြာတောကို နေ့စဉ်လာရောက်လည်ပတ်နေသူတွေရှိတာကြောင့် တံငါငါးဖမ်းလှေတွေ အားလုံးနီးပါး လှေအငှားလိုက်တဲ့လုပ်ငန်းလုပ်ကိုင်ကြပြီး နေ့စဉ်ဝင်ငွေလည်းရရှိတာကြောင့် အဆင်ပြေနေကြတယ်"ဟု အုတ်နဲ့ဘုတ်ကျေးရွာမှ လှေအငှားလိုက်သူ တစ်ဦးက ပြောသည်။

မိတ္ထီလာမြောက်ကန် ကြာဖြူပန်းများ ပေါများစွာဖူးပွင့်နေသည့် ကြာတောနေရာတွင် ယခင်က ကန်စပ်နှင့်နီးရာနေရာများတွင် ကြာပန်းများ အများအပြားရှိသော်လည်း ယခုအခါလာရောက်လည်ပတ်သူတချို့မှ အတိုင်းအဆမဲ့ ခူးယူခြင်း၊ ကြာပန်းခူးဆွတ်ရောင်းချခြင်း၊ မိုးသည်းထန်စွာရွာသွန်းခြင်းတို့ကြောင့် ကြာပန်းများမရှိတော့ဘဲ ကန်စပ်နှင့်ဝေးကွာသည့် ကုလားမကျွန်းကျေးရွာအနီးတစ်ဝိုက်တွင်သာ ကြာပန်းများကျန်ရှိတော့ကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**

## ကျောက်ပန်းတောင်းမြို့နယ်တွင် သတ်မှတ်ယာဉ်စည်းကမ်းနှင့်ကိုက်ညီသည့် မော်တော်ဆိုင်ကယ်စီးနင်းသူများအား ဆိုင်ကယ်စီးဦးထုပ်များပေးဝေ

**ကျောက်ပန်းတောင်း ဇွန် ၁၃**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် မော်တော်ယာဉ်ကြီးကြပ်မှုကော်မတီ၏ အစီအစဉ်ဖြင့် သတ်မှတ်ယာဉ်စည်းကမ်းလိုက်နာသည့် မော်တော်ဆိုင်ကယ်စီးနင်းသူများအား ဆိုင်ကယ်စီးဦးထုပ်များ အခမဲ့ပေးဝေခြင်းကို ဇွန် ၁၂ ရက် နံနက် ၈ နာရီက ဘူတာလမ်းဆုံတွင်လည်းကောင်း၊ နံနက် ၉ နာရီတွင် မီးသတ်လမ်းဆုံတွင်လည်းကောင်း ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

အဆိုပါ အစီအစဉ်ကို မြို့နယ်မော်တော်ယာဉ်ကြီးကြပ်မှု ကော်မတီ၊ အမှတ်(၉၃) ယာဉ်ထိန်းတပ်ဖွဲ့စု (ကျောက်ပန်းတောင်း)နှင့် မြို့နယ်စည်ပင်သာယာရေးကော်မတီဝင်များ၊ လူမှုရေးအသင်းအဖွဲ့မှ လူငယ်များ ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြခြင်းဖြစ်ပြီး မော်တော်ဆိုင်ကယ်နောက်ကြည့်မှန်ပါရှိခြင်း၊ နံပါတ်ပြားအစုံပါရှိခြင်း၊ ယာဉ်မောင်းလိုင်စင်နှင့် ယာဉ်သက်သေခံကတ်ပြား (ဝိုးတက်) အစရှိသည့် အင်္ဂါရပ်လေးမျိုးပြည့်စုံစွာပါရှိသူများကို မော်တော်ဆိုင်ကယ်စီးဦးထုပ်များ ပေးဝေခြင်းဖြစ်ကြောင်း သိရသည်။

ယင်းနေ့ပြုလုပ်သည့်အစီအစဉ်တွင် ဘူတာလမ်းဆုံ၌ ဦးထုပ်အလုံး ၅၀ နှင့် မီးသတ်လမ်းဆုံ၌ ဦးထုပ်အလုံး ၅၀ စုစုပေါင်း ဦးထုပ်အလုံး ၁၀၀ ပေးဝေနိုင်ခဲ့ပြီး ကျောက်ပန်းတောင်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအေးခိုင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင်များနှင့် အမှတ်(၉၃) ယာဉ်ထိန်းတပ်ဖွဲ့စု (ကျောက်ပန်းတောင်း) မှ ရဲအုပ်သျှန်အောင်နှင့်တပ်ဖွဲ့ဝင်များ၊ မြို့နယ်မော်တော်ယာဉ်ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးမောင်ဖုန်းနှင့် ကော်မတီဝင်များ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးဖြိုးတင့်ခိုင်နှင့် ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်လူငယ်များ ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**ကိုနေ(ကျောက်ပန်းတောင်း)**

# တိုင်းဒေသကြီးနှင့်ပြည်နယ် ဂျူဒိုအားကစားပြိုင်ပွဲ ဗိုလ်လုပွဲစဉ်များနှင့် ဆုပေးပွဲကျင်းပ

**နေပြည်တော် ဇွန် ၁၃**
တိုင်းဒေသကြီးနှင့်ပြည်နယ်အားကစားပြိုင်ပွဲများကို နှစ်စဉ်ကျင်းပလျက်ရှိပြီး ယမန်နေ့ နံနက် ၉ နာရီမှစတင်၍ ဝဏ္ဏသိဒ္ဓိအားကစားပြိုင်ပွဲရုံ (C)၌ ၂၀၁၇ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် ဂျူဒိုအားကစားပြိုင်ပွဲ၏ ဗိုလ်လုပွဲစဉ်များကို ကျင်းပခဲ့သည်။

ပြိုင်ပွဲများအပြီး ဆုပေးပွဲကိုကျင်းပရာ ပြည်သူ့လွှတ်တော် ကျန်းမာရေးနှင့် အားကစား ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကော်မတီအဖွဲ့ဝင် ဒေါက်တာခင်စိုးစိုးကြည်က အမျိုးသမီး (-၄၅)ကီလိုတန်း၊ (-၄၈)ကီလိုတန်း၊ (-၅၂)ကီလိုတန်းပြိုင်ပွဲများတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိကြသူများအား တစ်ဦးချင်း ဆုတံဆိပ်များကိုလည်းကောင်း၊ ပြည်သူ့လွှတ်တော် ကျန်းမာရေးနှင့် အားကစားဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကော်မတီအဖွဲ့ဝင် ဒေါက်တာသန်းငွေက အမျိုးသမီး(-၅၇)ကီလိုတန်း၊ (-၆၃)ကီလိုတန်း၊ (-၇၀)ကီလိုတန်းပြိုင်ပွဲများတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိကြသူများအား တစ်ဦးချင်းဆုတံဆိပ်များကို လည်းကောင်း၊ ပြည်သူ့လွှတ်တော် ကျန်းမာရေးနှင့် အားကစားဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကော်မတီ အဖွဲ့ဝင် ဒေါက်တာခင်ညိုက အမျိုးသမီး (-၇၈)ကီလိုတန်းပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိကြသူများအား တစ်ဦးချင်းဆုတံဆိပ်နှင့် အမျိုးသမီးအကောင်းဆုံး အားကစားသမားဆုရ ထက်ထက်လင်း(ဧရာဝတီ)အား ဆုများကိုလည်းကောင်း အသီးသီးပေးအပ်ချီးမြှင့်ခဲ့သည်။

ထို့နောက် အားကစားနှင့်ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်ဦးသက်လွင်က အမျိုးသား (-၅၀)ကီလိုတန်း၊ (-၅၅)ကီလိုတန်းပြိုင်ပွဲများတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိကြသူများအား တစ်ဦးချင်း ဆုတံဆိပ်များကို လည်းကောင်းပေးအပ်ချီးမြှင့်ခဲ့သည်။

ပြည်သူ့လွှတ်တော် ကျန်းမာရေးနှင့် အားကစားဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကော်မတီအဖွဲ့ဝင် ဦးအောင်သန်းရွှေက အမျိုးသား(-၆၀)ကီလိုတန်း၊ (-၆၆)ကီလိုတန်းပြိုင်ပွဲများတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိကြသူများအား တစ်ဦးချင်းဆုတံဆိပ်များကိုလည်းကောင်း ပေးအပ်ချီးမြှင့်ခဲ့သည်။

အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်ဦးကျော်ဆန်းက အမျိုးသား (-၇၃)ကီလိုတန်း၊ (-၈၁)ကီလိုတန်းပြိုင်ပွဲများတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိကြသူများအား တစ်ဦးချင်း ဆုတံဆိပ်များကိုလည်းကောင်း ပေးအပ်ချီးမြှင့်ခဲ့သည်။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ဒုတိယအမြဲတမ်းအတွင်းဝန်ဦးကျော်ဦးက အမျိုးသား (-၉၀)ကီလိုတန်း၊ (-၁၀၀)ကီလိုတန်းပြိုင်ပွဲများတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိကြသူများအား တစ်ဦးချင်း ဆုတံဆိပ်များကို လည်းကောင်း၊ မြန်မာနိုင်ငံဂျူဒိုအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးအေးကြည်က အမျိုးသား (+၁၀၀)ကီလိုတန်းပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိကြသူများအား တစ်ဦးချင်း ဆုတံဆိပ်နှင့် အမျိုးသား အကောင်းဆုံး အားကစားသမားဆုရ စောချမ်းသာအေး(ပဲခူး) တို့အား ဆုများကိုလည်းကောင်း အသီးသီးပေးအပ်ချီးမြှင့်ခဲ့သည်။

ယင်းနောက် အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်က ရွှေသုံးခုဖြင့် အမျိုးသမီး တံခွန်စိုက်ဒိုင်းဆုရ ကချင်ပြည်နယ်အသင်း၊ ရွှေနှစ်ခု၊ ငွေ နှစ်ခုဖြင့် အမျိုးသား တံခွန်စိုက်ဒိုင်းဆုရ ရှမ်းပြည်နယ်အသင်း၊ ရွှေ လေးခု၊ ငွေ သုံးခု၊ ကြေး လေးခုဖြင့် စုပေါင်းတံခွန်စိုက် ဒိုင်းဆုရ ကချင်ပြည်နယ်အသင်းတို့အား တံခွန်စိုက်ဒိုင်းဆုများကိုလည်းကောင်း အသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**မောင်မောင်ဇော်**



# နမ့်စန်တွင် TSDP အစီအစဉ်ဖြင့် ကျင်းပသည့် မီနီမာရသွန်အပြေးပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲ ကျင်းပ

**နမ့်စန်(တ) ဇွန် ၁၃**
ရှမ်းပြည်နယ်တောင်ပိုင်း နမ့်စန်မြို့နယ်တွင် ၂၀၁၇ ခုနှစ် TSDP အစီအစဉ်အရ ကျင်းပသော မြို့နယ်အုပ်ချုပ်ရေးမှူးဖလား ရပ်ကွက်နှင့် ကျေးရွာအုပ်စုပေါင်းစုံ အားကစားပြိုင်ပွဲများကို ဇွန် ၁၂ ရက်မှ စတင်ကျင်းပလျက်ရှိရာ မီနီမာရသွန် အပြေးပြိုင်ပွဲကို ဇွန် ၁၃ ရက် နံနက် ၅ နာရီခွဲက မြို့နယ်ခန်းမရှေ့မှ စတင်တာလွှတ် ကျင်းပခဲ့သည်။

ပြိုင်ပွဲတွင် အမျိုးသားအလွတ်တန်း (၈)မိုင်၊ အမျိုးသား အငယ်တန်း (၆)မိုင်နှင့် အမျိုးသမီး အလွတ်တန်း(၆)မိုင်တို့ကို အသီးသီးယှဉ်ပြိုင်ခဲ့ကြရာ နမ့်စန်မြို့နယ် ရပ်ကွက်နှင့်ကျေးရွာများမှ ပြိုင်ပွဲဝင် ၁၅၀ ခန့် ပါဝင်ယှဉ်ပြိုင်ခဲ့သည်။

ထို့နောက် ဆုပေးပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ အမျိုးသား အလွတ်တန်း ပထမ၊ ဒုတိယနှင့် တတိယဆု ရရှိသူများကို ခရိုင်အုပ်ချုပ်ရေးမှူး ဦးကိုကိုအောင်နှင့် တာဝန်ရှိသူများကလည်းကောင်း၊ အမျိုးသမီး အလွတ်တန်း ဆုရရှိသူများကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးငြိမ်းချမ်းအောင်က လည်းကောင်း၊ အမျိုးသားအငယ်တန်းပြိုင်ပွဲတွင် ဆုရရှိသူများကို မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးခင်မောင်သိန်းကလည်းကောင်း ဆုများအသီးသီး ပေးအပ်ချီးမြှင့်ခဲ့သည်။

ဆက်လက်၍ ရှမ်းပြည်နယ်အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးထန်အိတ်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးလင်းအောင်ဆွေ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများမှ တာဝန်ရှိသူများက ပြိုင်ပွဲများတွင် နှစ်သိမ့်ဆုရရှိသူများနှင့် ပန်းဝင်သူများအားလုံးကို ဂုဏ်ပြုဆုငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သူရအောင်(ပြန်/ဆက်)**

# ယင်းမာပင်မြို့နယ် တယ်ပင်ကန်ကျေးရွာသို့ သောက်သုံးရေ သွားရောက်လှူဒါန်း

**ယင်းမာပင် ဇွန် ၁၃**
နွေရာသီကာလတွင် တိုင်းဒေသကြီး/ပြည်နယ်အချို့၌ သောက်သုံးရေရှားပါးပြတ်လပ်မှုများ ဖြစ်ပေါ်နေသည့်အတွက် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တိုင်းဒေသကြီး/ပြည်နယ်/ခရိုင်နှင့် မြို့နယ်ရုံးများသည် သက်ဆိုင်ရာ ဒေသအလိုက် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပူးပေါင်း၍ ဒေသအတွင်း ရေရှားပါးပြတ်လပ်သည့် ကျေးရွာများသို့ သွားရောက်ကာ သောက်သုံးရေများ ဖြန့်ဝေလျက်ရှိသည်။



စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနသည် ခရိုင်/ မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့်အတူ ဇွန် ပထမပတ်က ယင်းမာပင်မြို့နယ် တယ်ပင်ကန်ကျေးရွာသို့ သွားရောက်၍ သောက်သုံးရေဂါလန် ၆၀၀ ဖြန့်ဝေလှူဒါန်းပေးခဲ့သည်။

တယ်ပင်ကန်ကျေးရွာသည် အိမ်ခြေ ၁၈၄ ရှိပြီး လူဦးရေ ၁၀၁၅ ခန့်ရှိကာ လူနှင့် ကျွဲ၊ နွား၊ တိရစ္ဆာန်များအတွက် သုံးရေကို မိုးတွင်းကာလ ရွာသွန်းသော မိုးရေများကိုသာ မြေသားရေလှောင်ကန်ကြီးများဖြင့် စုဆောင်းထားရှိပြီး သောက်ရေအတွက် စက်ရေတွင်းတူးဖော်ရန် ခက်ခဲသောကြောင့် သောက်သုံးရေအခက်အခဲရှိသဖြင့် ယခုလို နွေရာသီ ရေရှားပါးမှုများ ကြုံတွေ့ရကြောင်း ဒေသခံတစ်ဦးက ပြောကြားသည်။

၎င်းအပြင် ယင်းမာပင်ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် ရေတွင်း၊ ရေကန်များ၊ စက်ရေတွင်းများ လိုအပ်ချက်များကိုကွင်းဆင်းစိစစ်၍ ဦးစားပေးအလိုက် ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **မေသရဖူဖူး**

# မိသားစုအလုပ်အကိုင်အခွင့်အလမ်းရရှိရေး စက်ချုပ်သင်တန်းဖွင့်လှစ်သင်ကြားပေး

**ချီဖွေ ဇွန် ၁၃**
ချီဖွေမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့် မိသားစုအလုပ်အကိုင်အခွင့်အလမ်းရရှိရေး အမျိုးသမီးများဘဝဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များအရ အခြေခံ စက်ချုပ်သင်တန်းကို ချီဖွေမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးအစည်းအဝေးခန်းမ၌ ဇွန် ၉ ရက်က ဖွင့်လှစ်ခဲ့ကြောင်းသိရသည်။

"သင်တန်းကိုတစ်ပိုင်တစ်နိုင်မိသားစုအလုပ်အကိုင်အခွင့်အလမ်းရရှိရေး၊ လူမှုစီးပွားဘဝမြှင့်တင်ရေးနဲ့ အမျိုးသမီးများဘဝဖွံ့ဖြိုးတိုးတက်ရေးစတဲ့ ရည်ရွယ်ချက်ကောင်းများနဲ့ဖွင့်လှစ်ပေးတာပါ။ ဒီသင်တန်းမှာ မြစ်ကြီးနားမြို့ အိမ်တွင်းမှု သက်မွေးပညာသင်တန်းကျောင်းက စက်ချုပ်နည်းပြဆရာမက တာဝန်ယူပြီး အခြေခံစက်ချုပ်လက်ချုပ်ကစလို့ ကိုယ်တိုင် ဝတ်ဆင်မယ့် အဝတ်အစားအထိ ချုပ်လုပ်နိုင်အောင်သင်ကြားပေးမယ်လို့ ဆရာမကလည်းပြောပါတယ်"ဟု ဦးစီးမှူး ဦးလတ်ထွယ်အောင် ပြောကြားသည်။

အဆိုပါ သင်တန်းအား ဇွန် ၉ ရက်မှ ဇူလိုင် ၉ ရက်အထိ တစ်လကြာ အခမဲ့ဖွင့်လှစ်မည်ဖြစ်ကာ ဒေသခံတိုင်းရင်းသူအမျိုးသမီး ၂၀ တက်ရောက်လျက်ရှိကြောင်း သိရသည်။ **ဦးလေးကြီး**



# ပလောက်မြို့၌ စာအုပ်၊ စာစဉ်အသစ်များဖြည့်ဆည်း

**ပလောက် ဇွန် ၁၃**
တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် ပလောက်မြို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများသည် နံရံကပ် စာပေ၊ စာအုပ်၊စာစဉ်အသစ်များ ဖြည့်ဆည်းဆောင်ရွက်ခြင်းလုပ်ငန်းကို ဇွန် ၁၃ ရက်က ဆောင်ရွက်ခဲ့ကြောင်းသိရသည်။

အဆိုပါလုပ်ငန်းတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ပြည်သူ့ဝန်ဆောင်မှု လုပ်ငန်းတစ်ရပ်အသွင်ဖြင့် စာပေဖတ်ရှုခြင်း အလေ့အထများ တိုးပွားလာစေရန် ရည်ရွယ်၍ အများပြည်သူ စည်ကားရာနေရာများဖြစ်သည့် အထွေထွေအုပ်ချုပ်ရေးမှူးရုံး၊ ပလောက်ဆေးရုံ၊ ရွှေမြင်းပျံကားဂိတ်ထမင်းဆိုင်၊ မူလွန်ကျောင်းအနီး လက်ဖက်ရည်ဆိုင်၊ မင်းကကြဲကျေးရွာ (ကူးတို့ လှေဆိပ်)၊ ပြည်ခြားကျေးရွာ (ဝါးကုန်းရွာအဆင်းလမ်းဆုံ လက်ဖက်ရည်ဆိုင်)၊ ကံမော်ကလေးကျေးရွာ(ကူးတို့လှေဆိပ်)၊ သရက်တပင်ကျေးရွာ (ကူးတို့လှေဆိပ်)၊ အမှတ်(၂၈၀)ခြေလျင်တပ်ရင်း တို့တွင် ချိတ်ဆွဲခင်းကျင်းပေးထားသည့်နေရာ ကိုးနေရာသို့ ဘာသာရပ် ၁၃ မျိုးပါ အတွဲ(၅)၊ အမှတ်(၄) စာအုပ်စာစဉ်အသစ်များ ဖြည့်ဆည်းချိတ်ဆွဲဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ပလောက်(ပြန်/ဆက်)**

# စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဟောပြောပွဲ ပြုလုပ်

**မန္တလေး ဇွန် ၁၃**
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပိုင် ဈေးများတွင် ခွင့်မပြုဆိုးဆေးကင်းစင်ရေး၊ လုံခြုံစိတ်ချရသော အစားအစာများရွေးချယ်သုံးစွဲတတ်စေရန်၊ စားသုံးသူအကာအကွယ်ပေးရေးဟောပြောပွဲနှင့် ပြည်ကြီးတံခွန်မြို့နယ် (စ)ဈေးအတွင်း ရောင်းချသော စားသောက်ကုန်များအား Mobile Lab ဖြင့် စစ်ဆေးခြင်းကို ဇွန် ၁၂ ရက် နံနက် ၉ နာရီက အဆိုပါဈေး၌ ကျင်းပခဲ့သည်။

စားသုံးသူအကာအကွယ်ပေးရေးအသိပညာပေးဟောပြောပွဲတွင် အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနဒုတိယညွှန်ကြားရေးမှူးဒေါက်တာကျော်ကျော်ကဈေးများတွင်ခွင့်မပြုဓာတုဆိုးဆေးများကင်းစင်ရေးကို စီမံချက်ရေး ဆွဲ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြောင်း၊ ပြည်သူလူထုနေ့စဉ်စားသုံးနေသောအစားအသောက်များ ဘေးအန္တရာယ်ကင်းရှင်းရေး၊ အရည်အသွေးပြည့်ဝစေရေး၊ ဆိုးဆေးကင်းစင်ရေး အလေးထားဆောင်ရွက်နေကြောင်း၊ အစားအသောက်များဆိုးဆေးကင်းစင်သည်နှင့်အမျှပြည်သူများ၏လူ့သက်တမ်း ပိုမိုတိုးတက်လာမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် စားသုံးသူအကာအကွယ်ပေးရေးအသင်းမှ ဒေါက်တာအောင်မြင့်က စားသုံးသူများအနေဖြင့် ဘေးဥပဒ်ကင်းသောအစားအစာများကို ရွေးချယ်သုံးစွဲတတ်စေရန်၊ အန္တရာယ်ရှိသောဓာတုဆိုးဆေးများအကြောင်းနှင့်စားသုံးသူအကာအကွယ်ပေးရေးဥပဒေပါအချက်အလက်များ၊ စားသုံးသူအခွင့်အရေးနှင့် တာဝန်များ၊ ပြစ်မှုပြစ်ဒဏ်များ၊ ညှိဖျင်းသည့် ဝန်ဆောင်မှုရှိသောအစားအသောက်များဝယ်ယူရောင်းချခြင်းမပြုရေးနှင့်အရည်အသွေးကောင်းမွန်သည့် စားသောက်ကုန်များကိုသာ ရွေးချယ်ဝယ်ယူရေးတို့ကိုလည်းကောင်း ပညာပေးဟောပြောသည်။

ဈေးအတွင်းစားသုံးရန် မသင့်သောဆိုးဆေးပါအစားအစာများ ရောင်းချမှုရှိမရှိ ငရုတ်သီးမှုန့်၊ မျှစ်၊ လက်ဖက်၊ ပဲကြီးလှော်၊ မုန့်တီဖတ်၊ စလေဘီများအား အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၏ Mobile Labယာဉ်ဖြင့် ဓာတ်ခွဲစစ်ဆေးပြီး အစားအသောက်များအား နဂိုမူလအရောင်များ ပြောင်းလဲရောင်းချလာမှုအပေါ် အားမပေးကြရန်နှင့် ဆိုးဆေးများဆိုး၍ရောင်းချသော စားသောက်ကုန်များအား ဝယ်ယူခြင်းမပြုရန် ပညာပေးဟောပြောခဲ့ကြသည်။

**သီဟကိုကို(မန္တလေး)**

# အမြွှာနှစ်ဦးဖခင်ဖြစ်ပြီဆိုတဲ့ သတင်းတွေအတွက် အာရုံလွှဲခဲ့တာလား စီရိုနယ်လ်ဒို

ပြီးခဲ့တဲ့ ကြာသာပတေးနေ့ (ဇွန် ၈ ရက်) မှာ အငှားကိုယ်ဝန်နဲ့ရထားတဲ့ အမြွှာရင်သွေးနှစ်ဦးကို စီရိုနယ်လ်ဒို ထပ်မံပိုင်ဆိုင်ခဲ့တယ်လို့ ပေါ်တူဂီသတင်းဌာနတစ်ခုက ဖော်ပြသွားပါတယ်။ ဗုဒ္ဓဟူးနေ့က စီရိုနယ်လ်ဒိုရဲ့မိခင် ဒေါ်လိုရက်စ်အယ်လ်ဗီရိုဟာ သူခရီးထွက်သွားကြောင်းကို အင်စတာဂရမ် စာမျက်နှာထက် တင်ခဲ့တာကြောင့် ဒါဟာ အမြွှာမြေးလေးနှစ်ဦးကို သွားကြည့်ဖို့သွားတဲ့ ခရီးစဉ်အဖြစ် အများစုက တစ်ထစ်ချ သတ်မှတ်လိုက်ကြတာဖြစ်ပါတယ်။ စီရိုနယ်လ်ဒိုဟာ လက်ရှိမှာ အသက်ခုနစ်နှစ်အရွယ် ခရစ္စတီယာနို ဂျူနီယာကို ပိုင်ဆိုင်ထားပြီးဖြစ်ပေမယ့် အငှားကိုယ်ဝန်နဲ့ အီဗာနဲ့ မာတီယိုဆိုတဲ့ ယောကျ်ားလေးတစ်ဦး၊ မိန်းကလေးတစ်ဦး ထပ်မံမွေးဖွားခဲ့တယ်လို့ ပေါ်တူဂီရုပ်သံလိုင်း အက်စ်အိုင်စီက ထုတ်လွှင့်သွားခဲ့တာပါ။ ဒီသတင်းနဲ့ပတ်သက်ပြီး စီရိုနယ်လ်ဒိုမိသားစုဘက်ကလည်း ငြင်းဆန်ခြင်းမပြုတာကြောင့် ဆိတ်ဆိတ်နေခြင်းက ဝန်ခံခြင်းရယ်လို့ အဖြေထုတ်ရပါတော့မယ်။

ဒီကြားကာလမှာ စီရိုနယ်လ်ဒိုက သူအပန်းဖြေနေတဲ့ ပုံတွေကိုပဲ ဆက်တိုက်တင်နေခဲ့လို့ ဒါဟာ သူ့ရဲ့ အာရုံလွှဲတဲ့ နည်းဗျူဟာလို့ပဲ ဝေဖန်မှုတွေလည်း ရှိနေပါတယ်။ စီရိုနယ်လ်ဒိုရဲ့ မိခင် ဒေါ်လိုရက်စ်ဟာ ၂၀၁၀ ဇွန်လကလည်း အမေရိကန်ပြည်ထောင်စု ဖလော်ရီဒါပြည်နယ်ကို သွားရောက်ပြီး ခရစ္စတီယာနို ဂျူနီယာကို သွားရောက် ခေါ်ဆောင်လာခဲ့ရလို ယခုတစ်ကြိမ်မှာလည်း အမြွှာမြေးငယ်နှစ်ဦးကို သွားရောက် စောင့်ရှောက်ပေးနေတာလို့ ပေါ်တူဂီမီဒီယာတွေက အတိအကျကို ဖော်ပြနေကြပါတယ်။

ခရစ္စတီယာနိုဂျူနီယာရဲ့ မိခင်ဘယ်သူဆိုတာ အခုထိလည်း ဘယ်သူမှမသိတာကြောင့် ဒီကလေးကိုလည်း အငှားကိုယ်ဝန်နဲ့များမွေးဖွားခဲ့သလားလို့ ပဟေဠိဖြစ်နေကြဆဲအခြေအနေမှာပဲ အခုလိုမျိုး အငှားမိခင်နဲ့ အမြွှာရင်သွေးနှစ်ဦးကို ထပ်မံမွေးဖွားခဲ့တာဖြစ်ပါတယ်။ ဒီကလေးနှစ်ဦးကို ဘယ်မှာမွေးဖွားတယ်ဆိုတာ အတိအကျအဖြေမထုတ်နိုင်ပေမယ့် အမေရိကန်ပြည်ထောင်စု အနောက်ခြမ်းပြည်နယ်တစ်ခုမှာ မွေးဖွားခဲ့တာလို့သာ သိရပါတယ်။ ဒီကလေးနှစ်ဦးဟာ ကျန်းကျန်းမာမာရှိနေပြီး လာမယ့်ရက်ပိုင်းအတွင်းမှာ ဖခင်စီရိုနယ်လ်ဒိုနဲ့တွေ့ဆုံဖို့ မက်ဒရစ်မြို့ကို လေယာဉ်နဲ့ လာရောက်ဖို့ရှိနေတာဖြစ်ပါတယ်။ ဒီကလေးနှစ်ဦးရဲ့မိခင်ဟာ အမေရိကန်ပြည်ထောင်စုမှာပဲ ရှိနေပေမယ့် ဆရာဝန်ခွင့်ပြုချက်ရရှိပြီးဖြစ်တာကြောင့် ခုလို မက်ဒရစ်ခရီးစဉ်ကို စီစဉ်လိုက်တာပဲဖြစ်ပါတယ်။

စီရိုနယ်လ်ဒိုဟာ သူ့ရဲ့ လူမှုဘဝကို လျှို့ဝှက်တတ်သူဖြစ်ပြီး ဘယ်ကိစ္စကိုမှ သူ့ရဲ့နှုတ်ဖျားကနေ ထုတ်ပြောခြင်းမရှိတတ်သူဖြစ်ပါတယ်။

ဒါကြောင့် ဒီအမြွှာရင်သွေးလေးကိစ္စရပ်ကို ထုတ်မပြောတာဟာ ထူးခြားတဲ့ကိစ္စမဟုတ်ပေမယ့် အပန်းဖြေနေတဲ့ပုံတွေကိုပဲတင်ပြီး ပရိသတ်တွေနဲ့ ထိတွေ့မှုမပြတ်ရအောင်လုပ်နေတာကြောင့် ဒါဟာ စီရိုနယ်လ်ဒိုရဲ့ အာရုံလွှဲမှုတစ်မျိုးပဲလို့ ကောက်ချက်ချရပါတော့မယ်။



cefyDM;dwifcD vfuf&pfcoifu*;Aifvyfukd tEkdif,lyDaemufwGJaomcpfbDa*smfcD½k&ufDuz(f0)? pD½kd,fvfk(dv,)jESsom;jzpfbdc&pfwD,mEkdkLeD,m(,m)

# အင်္ဂလန် ယူ–၂၀ အသင်းရဲ့ကမ္ဘာ့ဖလားအောင်မြင်မှုထဲ ဓားစာခံ ဖြစ်ခဲ့ရရှာတဲ့ ဘီဘီစီ






ယူ-၂၀ကမ္ဘာ့ဖလားပြိုင်ပွဲမှာ အင်္ဂလန်အသင်းက ဗင်နီဇွဲလားအသင်းကို တစ်ဂိုး-ဂိုးမရှိနဲ့ အနိုင်ယူပြီး အသက်၂၀နှစ်အောက် ဘောလုံးပြိုင်ပွဲရဲ့ ချန်ပီယံဖြစ်ခဲ့ပါတယ်။ အင်္ဂလန်လက်ရွေးစင်အသင်းအနေနဲ့ ဒီလို ကမ္ဘာ့အဆင့်ပြိုင်ပွဲမှာ အောင်မြင်မှုရတာ ၁၉၆၆နောက်ပိုင်းပထမဦးဆုံးအကြိမ်ဖြစ်တာကြောင့် တိတိကျကျပြောရရင် ၅၁နှစ်အတွင်း အကြီးမားဆုံး အောင်မြင်မှုပေါ့။

ဒီလို အောင်မြင်မှုကြောင့် အင်္ဂလန်လက်ရွေးစင် စီနီယာကစားသမားတွေဖြစ်တဲ့ ဝိန်းရွန်းနီ၊ ဟယ်ရီကိန်းတို့က ဒီလူငယ်ကစားသမားလေးတွေရဲ့ အောင်မြင်မှုကို သူတို့ရဲ့ တွစ်တာစာမျက်နှာတွေက တစ်ဆင့်ဂုဏ်ပြုကြောင်း၊ ဂုဏ်ယူကြောင်း အသီးသီးတင်နေကြချိန် ယူ-၂၀ ကမ္ဘာ့ဖလားကို ဗြိတိန်နိုင်ငံတစ်ဝန်းအတွက် တိုက်ရိုက်ထုတ်လွှင့်ပြသပေးနေတဲ့ BBC2 ရုပ်သံလိုင်းရဲ့ အစီအစဉ်ချထားမှုကြောင့် ပရိသတ်တွေ ဒေါသပေါက်ကွဲခဲ့ကြပါတယ်။ BBC2 က ဒီပွဲကို တိုက်ရိုက်ထုတ်လွှင့်ပြသခဲ့ပေမယ့် အောင်ပွဲခံမှု ပြီးဆုံးတဲ့အထိ မပြသဘဲ ဒီပွဲပြီးတာနဲ့ လိဒ်စ်မြို့မှာ ကျင်းပနေတဲ့ တာဝေးအပြေးပြိုင်ပွဲကို ပြသသွားခဲ့တာကြောင့် အင်္ဂလန်ပရိသတ်တွေ အတော်များများက ဒေါသဖြစ်ခဲ့ကြတာဖြစ်ပါတယ်။




ပရိသတ်တွေရဲ့ တွစ်တာစာမျက်နှာပေါ် ရေးသားတဲ့ မှတ်ချက်တွေထဲမှာ" အင်္ဂလန်ယူ-၂၀အသင်း ကမ္ဘာ့ဖလားချန်ပီယံဖြစ်နေချိန်မှာ ဘယ်သူက ဒီတာဝေးပြေးပွဲကို စိတ်ဝင်စားမှာလဲ" " ဒီလိုကြီးကျယ်ခမ်းနားတဲ့ အောင်မြင်မှုကိုပြသတဲ့ ရုပ်သံလိုင်းက ဟာသလုပ်နေသလို ဖြစ်နေတယ်"စသဖြင့် တွေ့ရပါတယ်။ ပရိသတ်အများစုကတော့ အင်္ဂလန်အသင်း ဖလားကိုင်မြှောက်အောင်ပွဲခံမှုကို မြင်တွေ့လိုတာကြောင့် Euro sport 2 ရုပ်သံလိုင်းကို ပြောင်းလဲကြည့်ရှုခဲ့ရပါတယ်။ ဘာပဲဖြစ်ဖြစ် အင်္ဂလန်ပရိသတ်တွေဟာ ဘောလုံးကစားနည်းကို အရူးအမူး အားပေးကြပြီး နှစ်ပေါင်းများစွာ အင်္ဂလန်အသင်းရဲ့ အောင်မြင်မှုကို စောင့်ဆိုင်းနေခဲ့တာကြောင့် ခုလို လူငယ်အသင်းရဲ့ အောင်မြင်မှုဟာ ပရိသတ်တွေရဲ့ ဆန္ဒကို အတိုင်းအတာတစ်ခုထိ လျှော့ချပေးနိုင်ခဲ့တာတော့ အမှန်ပဲဖြစ်ပါတယ်။

# မန်ယူအတွက် သေချာသလောက်ဖြစ်နေတဲ့ ရီးယဲလ်တိုက်စစ်အတွဲ






မိုရာတာက သူ့ရီးယဲလ်တိုက်စစ်အသင်းဖော်တွေဖြစ်တဲ့ ဂျိမ်းစ်ရိုဒရီဂွက်ဇ်နဲ့ ဂါရတ်ဘေးလ်တို့ကိုလည်း သူနဲ့အတူ မန်ယူကိုပြောင်းရွှေ့ဖို့ ဖိတ်ခေါ် ထားတယ်လို့အင်စတာဂရမ်ထက် တင်ထားတဲ့ ပို့စ်ကိုကြိုက်နှစ်သက်မှုပေးခဲ့တာကြောင့် ဒါဟာ မန်ယူကို သေချာပေါက်ပြောင်းရွှေ့တော့မယ်ဆိုတဲ့ အချက်ပေးတပ်လှန့်သံရယ်လို့ ယူဆမှုတွေ ပိုမိုကြီးထွားလာ တာဖြစ်ပါတယ်။ ဒ့ါအပြင် သူဟာ ရွန်းနီ၊ ဒီဂီယာ၊ မာတာ၊ ဟာရဲရားတို့ရဲ့ လူမှုကွန်ရက် စာမျက်နှာတွေကို ဆက်တိုက် Follow လုပ်ခဲ့သလို ဒေးဗစ်ဘက်ခမ်း၊ ဗန်ပါစီ၊ ရှဝိန်းစတိုင်ဂါ၊ ဂျာနူဇက်တို့လို မန်ယူအသင်းမှာ ကစားဖူးသူတွေကိုလည်း Follow လုပ်ခဲ့တာကြောင့် ဒါဟာ မန်ယူအသင်းနဲ့ ပတ်သက်သမျှကို မိုရာတာ စိတ်ဝင်စားနေပြီဆိုတာ သိသာတဲ့အချက် တွေပဲဖြစ်ပါတယ်။

မိုရာတာဟာ ပြီးခဲ့တဲ့ နွေဈေးကွက်အတွင်းက ဂျူဗင်တပ်ကနေ အသင်းဟောင်း ရီးယဲလ်ကို ပြန်ရောက်လာသူဖြစ်ပေမယ့် ဇီဒန်းလက်အောက် ပုံမှန်ပွဲထွက်ခွင့်မရရှိတာကြောင့် ရီးယဲလ်ကနေထွက်မယ့် ကစားသမားအဖြစ် ထိပ်ဆုံးကနေ ရေပန်းစားနေတာဖြစ်ပါတယ်။ သူ့ကို ချယ်လ်ဆီး၊ အေစီမီလန်တို့က ခေါ်ယူမယ်လို့ သတင်းထွက်နေပြီး ချန်ပီယံလိဂ်ဗိုလ်လုပွဲမတိုင်မီက မီလန်မြို့ကိုတောင် သွားရောက်ခဲ့သေးတယ်လို့ သတင်းထွက်ခဲ့ပါသေးတယ်။ ဒါပေမယ့် ချန်ပီယံလိဂ် ဗိုလ်လုပွဲအပြီးမှာ ဒီသတင်းလည်း ငြိမ်သွားသလို မိုရာတာနဲ့ မန်ယူသတင်းတွေ ဆက်တိုက်ထွက်လာခဲ့ပါတယ်။

ဂျိမ်းစ်ရိုဒရီဂွက်ဇ်က မန်ယူကိုပြောင်းဖို့ သေချာသလောက်ရှိနေချိန်မှာ မိုရာတာက ဂါရတ်ဘေးလ်ပါ မန်ယူကို လိုက်ပြောင်းလာရင် မန်ယူတိုက်စစ်ပိုင်းအတွက် ပိုကောင်းသွားမယ်လို့ တိုက်တွန်းခဲ့ကြောင်း သိရပါတယ်။

ဒီသတင်းတွေ ဘယ်လောက်မှန်၊ မမှန်ဆိုတာမသိပေမယ့် မန်ယူနဲ့ပတ်သက်သမျှတွေနဲ့ လူမှုကွန်ရက် မျက်နှာထက် တစ်ပတ်လုံးအလုပ်ရှုပ်နေတဲ့ မိုရာတာ မန်ယူကိုပြောင်းရွှေ့ဖို့ စိတ်ဝင်စားမှု ရှိနေတယ်ဆိုတာတော့ သေချာတယ်လို့ ကောက်ချက်ချရပါတော့မယ်။

**မေလှဲ့သင်း–ရေးသားသည်**

# သရုပ်ဆောင်တစ်ဦးအဖြစ် ပြန်လည်တွေ့မြင်ရတော့မယ့် လင်ဆေးလိုဟန်



(ဝဲမှယာ) ရုပ်ါထ်ဂရင့်၊ လင်ဆေးလိုဟန်နှင့် နစ်ခ်ဖရို့စ်ထ်။

ဟောလိဝုဒ်ရဲ့ တစ်ချိန်ကနာမည်ကျော် မင်းသမီးတစ်ဦးဖြစ်ခဲ့တဲ့ လင်ဆေးလိုဟန်ဟာ အနုပညာလှုပ်ရှားမှုတွေနဲ့ ကင်းကွာနေခဲ့တာ အချိန်အတော်ကြာခဲ့ပြီး လတ်တလောမှာတော့ ရုပ်သံဇာတ်လမ်းတစ်ခုကို လက်ခံရိုက်ကူးနေကြောင်း သူမရဲ့ လူမှုကွန်ရက်မီဒီယာပေါ်ကနေတစ်ဆင့် ထုတ်ဖော်ပြောကြားလာတာကို တွေ့ရပါတယ်။

လင်ဆေးလိုဟန်ဟာ ပုဂ္ဂိုလ်ရေးဆိုင်ရာပြဿနာတွေကြောင့် အနုပညာလုပ်ငန်းတွေနဲ့ နှစ်နဲ့ချီကာ ကင်းကွာနေခဲ့သူဖြစ်ပြီး ပြီးခဲ့တဲ့ ဇွန် ၁၂ ရက်မှာတော့ သူမရဲ့ အင်စတာဂရမ်မှာ ရိုက်ကွင်းပေါ်မှ လုပ်ဖော်ကိုင်ဖက်တွေနဲ့အတူ ရိုက်ကူးထားတဲ့ သူမရဲ့ ဓာတ်ပုံတစ်ပုံနဲ့အတူ ရုပ်သံဇာတ်လမ်းတွဲကို လက်ခံရိုက်ကူးနေကြောင်း ရေးသားဖော်ပြခဲ့တာဖြစ်ပါတယ်။

လတ်တလောမှာ ရိုက်ကူးနေတဲ့ လင်ဆေးလိုဟန်ရဲ့ ရုပ်ရှင်သစ်ဟာ "Sick Note" ဖြစ်ပြီး ယင်းရုပ်ရှင်မှာ လင်ဆေးလိုဟန်ဟာ ကတ်ထရီနာဝက်စ်ထ်အဖြစ် ပါဝင်သရုပ်ဆောင်ထားကာ ဟာသရုပ်ရှင်အမျိုးအစားဖြစ်ကြောင်းလည်း သိရပါတယ်။ ဗြိတိန်ရုပ်သံမှာ ထုတ်လွှင့်ပြသသွားမယ့် ယင်းရုပ်သံဇာတ်လမ်းတွဲရုပ်ရှင်ဟာ ဒုတိယရာသီအဖြစ် ထုတ်လွှင့်သွားဖို့အတွက် ရည်ရွယ်ထားတာဖြစ်ပြီး လာမယ့် ၂၀၁၈ ခုနှစ်အတွင်း ပြသသွားဖို့ စီစဉ်ထားကြောင်းလည်း သိရပါတယ်။

"Sick Note" မှာတော့ လင်ဆေးလိုဟန်နဲ့အတူ အခြားသောနာမည်ကျော်သရုပ်ဆောင်တွေဖြစ်ကြတဲ့ ဟယ်ရီပေါ်တာရုပ်ရှင်မှာ ပါဝင်သရုပ်ဆောင်ထားတဲ့ မင်းသား ရုပ်ါထ်ဂရင့်၊ နာမည်ကျော် ဟာသသရုပ်ဆောင်တစ်ဦးဖြစ်သူ နစ်ခ်ဖရို့စ်ထ်နဲ့ ဒွန်ဂျွန်ဆင်တို့လည်း ပါဝင်ထားကြကြောင်း သိရပါတယ်။

# တွမ်ခရူးစ်ရဲ့ ရုပ်ရှင်သစ်ကို ကျော်ဖြတ်ကာ ဝင်ငွေအကောင်းဆုံးအဖြစ် ဆက်လက်ရပ်တည်နေတဲ့ Wonder Woman



ပြီးခဲ့တဲ့သီတင်းပတ်အတွင်း စတင်ရုံတင်ခဲ့တဲ့ ဟောလိဝုဒ်နာမည်ကျော် မင်းသား တွမ်ခရူးစ် ခေါင်းဆောင်ပါဝင်ထားတဲ့ ရုပ်ရှင်ရဲ့တစ်ပတ်အတွင်း ဝင်ငွေဟာ လွန်ခဲ့တဲ့သီတင်းနှစ်ပတ်ခန့်က စတင်ရုံတင်ခဲ့ပြီး အဖွင့်သီတင်းပတ်အတွင်း ဝင်ငွေအကောင်းဆုံးဖြစ်ခဲ့တဲ့ ရုပ်ရှင် "Wonder Woman" ရဲ့ ဝင်ငွေကို မယှဉ်နိုင်ခဲ့ပါဘူး။ ဒါကြောင့် ပြီးခဲ့တဲ့သီတင်းပတ်အတွင်း မြောက်အမေရိကမှာ ရုံတင်ခဲ့တဲ့ ရုပ်ရှင်တွေအနက် "Wonder Woman"ဟာ ဝင်ငွေအကောင်းဆုံးဖြစ်ခဲ့ပြီး စတင်ရုံတင်ခဲ့ချိန်မှ သီတင်းနှစ်ပတ်စလုံး ဝင်ငွေအကောင်းဆုံး ရုပ်ရှင်အဖြစ် ရပ်တည်နေခဲ့တာ ဖြစ်ကြောင်း အေ့စ်ရှီးဘစ်ဇ်ဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

ပြီးခဲ့တဲ့ သီတင်းပတ်အတွင်း "Wonder Woman" ဟာ ဝင်ငွေ အမေရိကန်ဒေါ်လာ ၅၇ ဒသမ ၂ သန်းခန့် ရရှိခဲ့တာဖြစ်ပြီး ဝင်ငွေအကောင်းဆုံး ရုပ်ရှင်ဖြစ်ခဲ့ကာ တွမ်ခရူးစ် ခေါင်းဆောင်ပါဝင်ထားတဲ့ ရုပ်ရှင် "The Mummy" ရဲ့ ပြီးခဲ့တဲ့ သီတင်းပတ်အတွင်း ဝင်ငွေကတော့ အမေရိကန်ဒေါ်လာ ၃၂ ဒသမ ၂ သန်းဖြစ်ပါတယ်။ ဒါ့ကြောင့် "The Mummy" ရုပ်ရှင်ဟာ အဖွင့်သီတင်းပတ်မှာတောင် ဝင်ငွေအကောင်းဆုံး ရုပ်ရှင်အဖြစ် ရပ်တည်နိုင်ခြင်းမရှိတာကိုလည်း တွေ့ရပါတယ်။

လတ်တလောမှာ ဝင်ငွေအကောင်းဆုံးရုပ်ရှင်အဖြစ် ဆက်လက်ရပ်တည်နိုင်ခဲ့ပေမယ့်လည်း "Wonder Woman" ရဲ့ ပြီးခဲ့တဲ့သီတင်းပတ်အတွင်းရရှိခဲ့တဲ့ ဝင်ငွေဟာ အဖွင့်သီတင်းပတ်အတွင်းရရှိခဲ့တဲ့ ဝင်ငွေရဲ့ ၅၅ ရာခိုင်နှုန်းကိုသာ ရရှိခဲ့တာတွေ့ရပါတယ်။ ယင်းရုပ်ရှင်ဟာ အမျိုးသမီးလူစွမ်းကောင်းတစ်ဦးကို အဓိကဇာတ်ကောင်အဖြစ် အသက်သွင်းထားတဲ့ရုပ်ရှင်ဖြစ်ပြီး မင်းသမီး ဂဲလ်ဂဒေ့ါထ်က ခေါင်းဆောင်ပါဝင်ထားတာ ဖြစ်ပါတယ်။

"The Mummy" ရုပ်ရှင်ကတော့ မြောက်အမေရိကမှာ ရုံတင်ခဲ့ရာမှ ဝင်ငွေအမေရိကန်ဒေါ်လာ ၃၂ ဒသမ ၂ သန်းရရှိခဲ့ကာ ဝင်ငွေအကောင်းဆုံးရုပ်ရှင်စာရင်းမှာ ဒုတိယနေရာမှာသာ ရပ်တည်နေခဲ့တာဖြစ်ပေမယ့် ကမ္ဘာတစ်ဝန်း ရုံတင်ပြသခဲ့ရာမှာတော့ ယင်းရုပ်ရှင်ဟာ ဝင်ငွေအမေရိကန်ဒေါ်လာ ၁၄၁ ဒသမ ၈ သန်းခန့်ရရှိခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် "The Mummy"ဟာ ပြီးခဲ့တဲ့ ၂၀၀၅ ခုနှစ်အတွင်း ရုံတင်ခဲ့ပြီး အဖွင့်သီတင်းပတ်မှာ ဝင်ငွေအမေရိကန်ဒေါ်လာ ၁၆၇ ဒသမ ၄ သန်းရရှိခဲ့တဲ့ "War of the Worlds" ရုပ်ရှင်ပြီးနောက် မင်းသား တွမ်ခရူးစ်ရဲ့ ဒုတိယမြောက်ဝင်ငွေအကောင်းဆုံး ရုပ်ရှင်ဖြစ်လာခဲ့တယ်လို့လည်း သိရပါတယ်။ ဒါပေမယ့် တွမ်ခရူးစ်ရဲ့ ရုပ်ရှင်သစ်ဟာ ဝေဖန်ရေးဆရာတွေရဲ့ အကောင်းမြင်ခြင်းမခံရတဲ့ ရုပ်ရှင်တစ်ကားလည်း ဖြစ်ခဲ့တယ်လို့ သိရပါတယ်။

ပြီးခဲ့တဲ့ သီတင်းပတ်အတွင်း ဝင်ငွေအမေရိကန်ဒေါ်လာ ၁၂ ဒသမ ၃ သန်းရရှိခဲ့တဲ့ ရုပ်ရှင် "Captain Underpants: The First Epic Movie" ကတော့ ဝင်ငွေအကောင်းဆုံးရုပ်ရှင်စာရင်းမှာ နံပါတ်သုံးနေရာကို ပိုင်ဆိုင်ထားနိုင်ခဲ့တာ ဖြစ်တယ်လို့လည်း သိရပါတယ်။

ပြီးခဲ့တဲ့ သီတင်းပတ်ရဲ့ ဝင်ငွေအကောင်းဆုံး ရုပ်ရှင်စာရင်းမှာ စတုတ္ထနေရာကို ပိုင်ဆိုင်ထားတဲ့ ရုပ်ရှင်ကတော့ "Pirates of the Caribbean: Dead Men Tell No Tales" ဖြစ်ပြီး မင်းသားကြီး ဂျွန်နီဒပ် ခေါင်းဆောင်ပါဝင်ထားတဲ့ ပင်လယ်ဓားပြကြီး ဂျက်စပဲရိုးအကြောင်း ပုံဖော်ထားတဲ့ ဇာတ်လမ်းတွဲရုပ်ရှင်တွေရဲ့ ငါးကားမြောက် ရုပ်ရှင်သစ်ဟာ တစ်ပတ်အတွင်း ဝင်ငွေအမေရိကန်ဒေါ်လာ ၁၀ ဒသမ ၇ သန်း ရရှိခဲ့တာလည်း ဖြစ်ပါတယ်။ ပဉ္စမနေရာမှာတော့ "Guardians of the Galaxy Vol. 2" ရုပ်ရှင်က ရပ်တည်နေပြီး တစ်ပတ်အတွင်း ဝင်ငွေအမေရိကန်ဒေါ်လာ ၆ ဒသမ ၂ သန်းရရှိခဲ့တာ ဖြစ်တယ်လို့လည်း သိရပါတယ်။

အေးပြည့် စုစည်းသည်



# ၂၀၁၇ ခုနှစ်အတွင်း ဘေဘုတ်တေးဂီတဇယားကို ဦးဆောင်နိုင်ခဲ့တဲ့ ပထမဆုံးသော အမျိုးသမီးတေးသံရှင် ဟယ်လ်စီ

ယခုနှစ်အတွင်း ဘေဘုတ်ပေါ်မှာ ထုတ်လွှင့်ခဲ့တဲ့ တေးအယ်လ်ဘမ်တွေအနက် အမျိုးသားတေးသံရှင်တွေရဲ့ တေးအယ်လ်ဘမ်တွေကသာ ရောင်းအားအကောင်းဆုံးတေးအယ်လ်ဘမ်စာရင်းမှာ နံပါတ်တစ်နေရာကိုရယူထားနိုင်ခဲ့တာဖြစ်ပါတယ်။ ဒါပေမယ့် ပြီးခဲ့တဲ့ သီတင်းပတ်အတွင်းမှာတော့ ဘေဘုတ်တေးဂီတဇယားကို ဦးဆောင်နိုင်တဲ့ အမျိုးသမီးတေးသံရှင်တစ်ဦးပေါ်ထွက်လာခဲ့တာဖြစ်ပါတယ်။ သူမကတော့ တေးသံရှင်ဟယ်လ်စီဖြစ်ကြောင်း အမ်တီဗီနယူးစ်ဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

လတ်တလောမှာ အသက် (၂၂)နှစ်အရွယ်ရှိပြီဖြစ်တဲ့ ဟယ်လ်စီရဲ့ တေးအယ်လ်ဘမ်သစ် "Hopeless Fountain Kingdom"ဟာ ယခုသီတင်းပတ်အတွင်း စတင်ထုတ်လွှင့်ရောင်းချခဲ့တာဖြစ်ပြီး အဖွင့်သီတင်းပတ်အတွင်း အခြားသောတေးအယ်လ်ဘမ်တွေရဲ့ ရောင်းအားကိုကျော်လွန်ကာ ရောင်းအားအကောင်းဆုံးတေးအယ်လ်ဘမ်ဖြစ်လာခဲ့ပါတယ်။ ယင်းတေးအယ်လ်ဘမ်ဟာ ပြီးခဲ့တဲ့ သီတင်းပတ်အတွင်း တေးအယ်လ်ဘမ်ပေါင်း ၁၀၆၀၀၀ ခန့် ရောင်းချခဲ့ရတာဖြစ်ပြီး ဘေဘုတ်ရဲ့ ရောင်းအားအကောင်းဆုံးသော တေးအယ်လ်ဘမ် ၂၀၀ စာရင်းမှာ နံပါတ်တစ်နေရာကို သိမ်းပိုက်နိုင်ခဲ့တာဖြစ်တယ်လို့လည်း သိရပါတယ်။

"Hopeless Fountain Kingdom" တေးအယ်လ်ဘမ်ဟာ ဟယ်လ်စီရဲ့ ဒုတိယမြောက်တေးအယ်လ်ဘမ်ဖြစ်ပြီး ပေ့ါပ်တေးသီချင်းတွေပါဝင်နေတဲ့ တေးအယ်လ်ဘမ်တစ်ခုလည်းဖြစ်ပါတယ်။ ယင်းတေးအယ်လ်ဘမ်မှာ ပါဝင်တဲ့တေးသီချင်းတစ်ပုဒ်ဖြစ်တဲ့ "Now or Never"ရဲ့ တေးဗီဒီယိုမှာတော့ ဟယ်လ်စီဟာ ရိုမီယိုနေရာက ပါဝင်သရုပ်ဆောင်ထားတာကိုလည်း တွေ့ရပါတယ်။ ယင်းတေးအယ်လ်ဘမ်မှာ ဟယ်လ်စီရေးသားထားတဲ့ တေးသီချင်းတွေလည်း ပါဝင်နေတာဖြစ်ပြီး နာမည်ကျော်ပေ့ါပ်ကြယ်ပွင့်တစ်ဦးဖြစ်တဲ့ ရီဟားနားရဲ့ တေးသီချင်းတွေကို ရေးသားပေးလေ့ရှိတဲ့ စာရက်ရှ်နဲ့အတူ ရေးသားထားတဲ့ တေးသီချင်းတစ်ပုဒ်လည်းပါဝင်ကြောင်း သိရပါတယ်။

ပြီးခဲ့တဲ့ နှစ်အတွင်းမှာတော့ ပေ့ါပ်ကြယ်ပွင့် လေဒီဂါဂါဟာ သူ့ရဲ့ တေးအယ်လ်ဘမ် "Joanne"နဲ့ ဘေဘုတ်ရဲ့ ရောင်းအားအကောင်းဆုံးသော တေးအယ်လ်ဘမ်အဖြစ် ရပ်တည်နိုင်ခဲ့ပြီး လေဒီဂါဂါဟာ ဟယ်လ်စီမတိုင်မီ ဘေဘုတ်ရဲ့ တေးဂီတဇယားကို ဦးဆောင်နိုင်ခဲ့တဲ့ အမျိုးသမီးတေးသံရှင်အဖြစ် တည်ရှိနေခဲ့တာဖြစ်ပါတယ်။ ဟယ်လ်စီကတော့ ပြီးခဲ့တဲ့ ၂၀၁၅ ခုနှစ်အတွင်း ထွက်ရှိခဲ့တဲ့ သူမရဲ့တေးအယ်လ်ဘမ် "Badlands"နဲ့ ဘေဘုတ် တေးဂီတဇယားမှာ နံပါတ်နှစ်နေရာကို ရယူနိုင်ခဲ့ပြီး လတ်တလောမှာမှ နံပါတ်တစ်နေရာကို ရယူနိုင်ခဲ့တာဖြစ်တာကြောင့် ဟယ်လ်စီအနေနဲ့ အနုပညာခရီးလမ်းမှာ အောင်မြင်မှု မှတ်တိုင်သစ်တစ်ခုကို စိုက်ထူနိုင်ခဲ့ပြီလို့ ဆိုရမှာလည်း ဖြစ်ပါတယ်။

# လာမယ့်လအတွင်း ဖျော်ဖြေပွဲပြုလုပ်သွားမယ့် Nine Muse

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ အမျိုးသမီးတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ "Nine Muse" ဟာ လာမယ့် ဇူလိုင်လအတွင်း အဖွဲ့ရဲ့ ဒုတိယမြောက် ဖျော်ဖြေရေးခရီးစဉ်တွေကို စတင်သွားမှာဖြစ်ကြောင်း အောကေပေ့ါပ်ဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

ပြီးခဲ့တဲ့နှစ် ဖေဖော်ဝါရီလအတွင်း "Nine Muse"ရဲ့ ပထမဆုံးသော ဖျော်ဖြေပွဲကို ပြုလုပ်ခဲ့တာဖြစ်ပြီး တစ်နှစ်ကျော်ကြာပြီးတဲ့နောက်မှာတော့ ဒုတိယမြောက် အကြိမ်ပြုလုပ်သွားဖို့ စီစဉ်ခဲ့တာဖြစ်ပါတယ်။ လာမယ့် "Nine Muse"ရဲ့ ဖျော်ဖြေပွဲကိုတော့ "RE:MINE" လို့ အမည်ပေးထားပြီး ဇူလိုင် ၂၉ ရက်မှာ ကျင်းပသွားမှာဖြစ်တယ်လို့လည်း သိရပါတယ်။

လာမယ့်လအတွင်းကျင်းပသွားဖို့ စီစဉ်ထားတဲ့ အဖွဲ့ရဲ့ ဖျော်ဖြေပွဲအမည်ဟာ "Nine Muse"ရဲ့ ပရိသတ်တွေအဖွဲ့ရဲ့အမည် "MINE"ကို အခြေပြုကာ မှည့်ခေါ်ထားပုံရကြောင်းလည်း သိရပါတယ်။

# နေရောင်ခြည်စွမ်းအင်ဖြင့် လျှပ်စစ်ဓာတ်အား ထုတ်ယူနိုင်ရေး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် လာရောက်ဆွေးနွေး



**ပဲခူး ဇွန် ၁၃**
ဂျာမနီနိုင်ငံအခြေစိုက် TCP ASIA PACIFIC Co., Ltd ၏ CEO Dr.Dietmar Gnez မှ လျှပ်စစ်စွမ်းအင်များကို ပြန်လည်ပြည့်ဖြိုးမြဲဖြစ်သော (Renewable Energy Photovoltaic Solar) စနစ်ဖြင့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်နိုင်ရေးအတွက် ဇွန် ၁၂ ရက် မွန်းလွဲ ၁ နာရီက ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး ဝန်ကြီးချုပ်ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံသည်။

ရှေးဦးစွာ TCP ASIA PACIFIC Co., Ltd ၏ CEO Dr.Dietmar Gnez က မြန်မာနိုင်ငံသည် နောင်အနာဂတ်တွင် လျှပ်စစ်ဓာတ်အားလိုအပ်ချက် ရှိလာမည်ဖြစ်ပါကြောင်း၊ ဒီအခက်အခဲကို ဖြေရှင်းဆောင်ရွက်ပေးရန်အတွက် ပဲခူးတိုင်းဒေသကြီးအတွင်း Solar System ဖြင့် လျှပ်စစ်ဓာတ်အားထုတ်ယူနိုင်ရန်အတွက် လာရောက်တွေ့ဆုံရခြင်းဖြစ်ပါကြောင်း၊ မိမိတို့ကုမ္ပဏီသည် အဓိကအားဖြင့် သဘာဝရေပြင်များ၊ ဆည်တမံများ၏ ရေပြင်ပေါ်တွင် Solar System ဖြင့် လျှပ်စစ်ဓာတ်အား ထုတ်ယူသွားမည်ဖြစ်ပြီး ပြည်ထောင်စု လျှပ်စစ်ဓာတ်အားလိုင်းပေါ်သို့ ချိတ်ဆက်ပေးသွားမည်ဖြစ်ပါကြောင်း၊ လျှပ်စစ်ဓာတ်အားထုတ်ယူရန်အတွက် ရဲနွယ်တမံ၊ ရွှေကျင်ရေအားလျှပ်စစ်စီမံကိန်းရှိ ဆည်ရေပြင်များနှင့် ညောင်လေးပင်မြို့နယ် သာယာကုန်းကျေးရွာအနီးတွင်လည်း မြေဧရိယာ ၈၀၀ ဧကခန့်၌ Solar System ဖြင့် လျှပ်စစ်ဓာတ်အား ထုတ်ယူသွားမည်ဖြစ်ပါကြောင်း၊ စုစုပေါင်း ရင်းနှီးမြှုပ်နှံမှုမှာ ဒေါ်လာသန်း ၂၃၀ ခန့် သုံးစွဲသွားမည်ဖြစ်ပါကြောင်း တင်ပြဆွေးနွေးခဲ့သည်။

ထို့နောက် ဝန်ကြီးချုပ်က မြန်မာနိုင်ငံအတွက် လိုအပ်မည့် လျှပ်စစ်ဓာတ်အားကို ဖြည့်ဆည်းပေးမည့်အဆွေတော်တို့၏ လုပ်ငန်းစီမံကိန်းကို ကြိုဆိုပါကြောင်း၊ ထုတ်ယူရရှိသည့် လျှပ်စစ်ဓာတ်အားများကို ပြည်ထောင်စု ဓာတ်အားလိုင်းပေါ် ချိတ်ဆက်မည်ဖြစ်၍ သက်ဆိုင်ရာ စွမ်းအင်ဝန်ကြီးဌာန၏ ခွင့်ပြုချက်လိုအပ်ကြောင်း၊ မိမိတို့ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ကန့်ကွက်ရန်မရှိပါကြောင်းနှင့် ဥပဒေနှင့်အညီ လိုအပ်သည်များ ကူညီဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြန်လည်ပြောကြားခဲ့သည်။

**တင်စိုး(ပဲခူး)**



# ငါးမွေးမြူရေးအတွက် စတုတ္ထအကြိမ်လုပ်ငန်းခွင် သင်တန်းနှင့် အလုပ်ရုံဆွေးနွေးပွဲကျင်းပ

**မန္တလေး ဇွန် ၁၃**
ငါးလုပ်ငန်းဦးစီးဌာနနှင့် ဂျပန်နိုင်ငံအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့တို့ ပူးပေါင်း၍အပူပိုင်းဒေသရေရှားပါးသည့်ကျေးရွာများတွင် ကာလတိုတစ်ပိုင်တစ်နိုင် ငါးမွေးမြူရေးအတွက် စတုတ္ထအကြိမ်လုပ်ငန်းခွင် သင်တန်းနှင့်အလုပ်ရုံဆွေးနွေးပွဲကို ဇွန် ၁၁ ရက် နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ မန္တလေးမြို့ အောင်မြေသာစံ မြို့နယ် (၂၆)လမ်း၊ (၃၈) လမ်းနှင့် (၃၉) လမ်းကြား အောင်မြင်ခြင်းဟိုတယ်၌ ကျင်းပခဲ့သည်။

သင်တန်းနှင့် အလုပ်ရုံ ဆွေးနွေးပွဲသို့ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးတို့မှ ငါးလုပ်ငန်းဦးစီးမှူးများ၊ JICA မှ ငါးမွေးမြူရေးပညာရှင်များ၊ ငါးမွေးမြူရေး စိတ်ဝင်စားသူများ တက်ရောက်ခဲ့ကြသည်။

အပူပိုင်းဒေသ တစ်ပိုင်တစ်နိုင်ငါးမွေးမြူရေးတိုးချဲ့လေ့ကျင့်ပညာပေးရေးစီမံကိန်းကို ငါးလုပ်ငန်းဦးစီးဌာနနှင့် ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့တို့ ပူးပေါင်းကာ ၂၀၁၄ ခုနှစ် မတ်လမှ စတင်ကာ ၂၀၁၉ ခုနှစ် မတ်လတွင်ပြီးစီးမည်ဖြစ်ပြီး မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးတို့ရှိ မြို့နယ် ၁၃ မြို့နယ်မှ ငါးမွေးမြူရေးစိတ်ဝင်စားသော ပြည်သူများအား ငါးမွေးမြူရေးသင်တန်းများပို့ချကာ ငါးသားပေါက်များအား အခမဲ့ဖြန့်ဝေပေးလျက်ရှိသည်။ ကျေးလက်လူထု အခြေပြုဖွံ့ဖြိုးမှုကိုရှေ့ရှုသည့် လူထုဗဟိုပြု စီမံကိန်းဖြစ်ပြီး ဆင့်ပွားသင်တန်းများပေးကာ ကျေးလက်ပြည်သူများ မွေးမြူရန်ကန်များရှိပါက ဒေသနှင့်ကိုက်ညီသော ငါးသားပေါက်များ ဖြန့်ဝေပေးမည်ဖြစ်ကြောင်းသိရသည်။

**မောင်ပြည်သူ(မန္တလေး)**

# အမှတ်(၂)တပ်မတော်ဆေးရုံ(ခုတင်-၃၀၀)နယ်လှည့်ဆေးကုသရေးအဖွဲ့ ကျောက်ဖြူမြို့နယ် လိပ်ခမော်အုပ်စုတွင် အခမဲ့ဆေးကုသမှု ဆောင်ရွက်ပေး

**ကျောက်ဖြူ ဇွန် ၁၃**
ကျောက်ဖြူမြို့နယ် လိပ်ခမော်အုပ်စုတွင် ဇွန် ၁၂ ရက် နံနက် ၉ နာရီက အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် အမှတ်(၂) တပ်မတော်ဆေးရုံ(ခုတင်-၃၀၀) နယ်လှည့်ဆေးကုသရေးအဖွဲ့မှ လိပ်ခမော်ရွာဟောင်း၊ မလယ်ကျွန်း၊ ပြင်ရှည်၊ ဂေါ်တူကျေးရွာများမှ ဒေသခံပြည်သူများအား အခမဲ့ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ပေးခဲ့ကြသည်။

အဆိုပါ ဆေးကုသရေးအဖွဲ့တွင် ဗိုလ်ကြီးလေးမောင်မောင်(ဆေးပါရဂူ)ဦးဆောင်၍ အထွေထွေရောဂါပါရဂူ၊ မျက်စိပါရဂူ၊ ခွဲစိတ်ပါရဂူ၊ သွားဘက်ဆိုင်ရာ၊ အရိုးပါရဂူနှင့်သူနာပြုအဖွဲ့ဝင် ၁၆ ဦးတို့က မွန်းလွဲပိုင်းအထိ ဒေသခံပြည်သူများကို အခမဲ့ဆေးကုသမှုပေးခဲ့ကြောင်း သိရသည်။

**ဖြိုးဝေလင်း(ပြန်/ဆက်)**

# ပြည်သူ့အကျိုးပြုလုပ်ငန်း လမ်းခင်းမှုတွင် အောင်ပန်းရထားရဲတပ်ဖွဲ့ ပါဝင်ဆောင်ရွက်

**အောင်ပန်း ဇွန် ၁၃**
မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် လူထုကိုဗဟိုပြု၍ မှုခင်းကျဆင်းရေးကို အလေးထားဆောင်ရွက်နေသည့်အပြင် ပြည်သူလူထုနှင့်အတူ လက်တွဲ၍ ပြည်သူ့အကျိုးပြုလုပ်ငန်းများကိုလည်း စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိကြသည်။

ထိုသို့ပြည်သူ့အကျိုးပြုလုပ်ငန်း ဆောင်ရွက်နေမှုများအနက် ဇွန် ၁၃ ရက်တွင် ရှမ်းပြည်တောင်ပိုင်း၊ အောင်ပန်းမြို့၊ အောင်ပန်းရထားရဲတပ်ဖွဲ့စခန်းမှ စခန်းမှူးရဲအုပ်လှထွန်းဦးစီးသည့် တပ်ဖွဲ့ဝင်ရဲဘော်များသည် ညောင်ပင်ထောင်ရပ်ကွက်၊ ပြည်သာယာဈေးအဝင်လမ်းနှင့် ဘူတာလမ်းအတွင်းတို့တွင် ရေဝပ်နေသော နေရာများ၌ အများပြည်သူသွားလာမှု အစဉ်ပြေနိုင်ရေးအတွက် ကွန်ကရစ်လမ်းခင်းရန် စီစဉ်ဆောင်ရွက်နေမှုတွင် ရပ်ကွက်ပြည်သူတို့နှင့်အတူ ပူးပေါင်း၍ နံနက် ၈နာရီမှ ၁၀နာရီအထိ လမ်းခင်းကျောက်များ ခင်းကျင်းခြင်း၊ ဖြည့်ဆည်းခြင်းလုပ်ငန်းများ ပါဝင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မောင်ကို(သာစည်)**

# မင်းတပ်မြို့နယ်တွင် အခြေခံပညာကျောင်းများ အဆင့်တိုးမြှင့်ဖွင့်လှစ်

**မင်းတပ် ဇွန် ၁၃**
ချင်းပြည်နယ် မင်းတပ်မြို့နယ် အုံကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) အဆင့်တိုးမြှင့်ဖွင့်လှစ်ပွဲကို ဇွန် ၈ ရက်က အဆိုပါကျောင်း၌ ကျင်းပခဲ့ရာ မင်းတပ်ခရိုင် တာဝန်ခံပညာရေးမှူး ဦးကာဟုန်းကီးနှင့် ကျောင်းအုပ်ဆရာမကြီး ဒေါ်ဝင်းမြင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ ကျောင်းအဆင့်တိုးမြှင့်ဖွင့်လှစ်ပွဲတွင် ကျောင်းအုပ်ဆရာမကြီးဒေါ်ဝင်းမြင့်က ပင်မကျောင်းနှင့် အနီးပတ်ဝန်းကျင် ကျောင်းများရှိ အခြေခံပညာအထက်တန်းဆင့် တက်ရောက်မည့် ကျောင်းသား ကျောင်းသူများသည် အုံကျေးရွာတွင် အထက(ခွဲ) ဖွင့်လှစ်ခွင့်မရမီအခြားသောကျောင်းများသို့ သွားရောက်ကျောင်းဝင်ကြပြီးဖြစ်သဖြင့် ပြန်လည်ဝင်ရောက်လာသော ကျောင်းသားများဖြင့် ၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင် န၀မတန်းအထိဖွင့်လှစ် သင်ကြားမည်ဖြစ်ပြီး ထူးချွန်ထက်မြက်သော ကျောင်း၊ တက္ကသိုလ်ဝင်တန်းအောင်ချက်မြင့်မားသော ကျောင်းဖြစ်လာရေးအတွက် မိဘ၊ ဆရာ ပူးပေါင်း၍ စီမံချက်ရေးဆွဲကာ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

အလားတူမင်းတပ်မြို့နယ်လေရှိကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) ဖွင့်ပွဲကို ဇွန် ၈ ရက်က ကျင်းပခဲ့ရာခရိုင်ဦးစီးမှူးဦးလိန်းကီး(ပြန်/ဆက်)၊ မြို့နယ်ပညာရေးမှူးဦးအောင်ဇော်ဝင်းနှင့်ကျေးရွာအုပ်ချုပ်ရေးမှူးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။



အဆိုပါ လေရှိကျေးရွာနှင့် ဘွေရှိကျေးရွာတို့မှ ကျောင်းသားကျောင်းသူများသည် အခြေခံပညာအလယ်တန်းကို မိုင် ၇၀ ကျော်ဝေးသည့် မင်းတပ်မြို့ပေါ်သို့ သွားရောက်တက်ရကြောင်း၊ ယခုအခါ မိမိကျေးရွာတွင်ပင်တက်ရောက်ရတော့မည်ဖြစ်သဖြင့် ပြည်သူလူထုက အထူးဝမ်းမြောက်ကြကြောင်း ရပ်မိရပ်ဖ ဦးရိုင်ဒူးကပြောသည်။

**ခရိုင်ပြန်/ဆက်**

# စားသုံးသူ အကာအကွယ်ပေးရေး ပညာပေးလုပ်ငန်း အထောင်မြို့ စည်ပင်သာယာရေးဈေးတွင် စစ်ဆေး

**ကျုံးပျော် ဇွန် ၁၃**
ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ်တွင် ပြည်သူများအတွက် ဘေးအန္တရာယ်ဖြစ်စေသော အစားအစာများ ထုတ်လုပ်ရောင်းချခြင်း၊ စားသုံးမိခြင်းများ မရှိစေရေးအတွက် စားသုံးသူ အကာအကွယ်ပေးရေး ပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ဇွန် ၁၂ ရက်က အထောင်မြို့ စည်ပင်သာယာဈေးရှိ ဈေးရောင်းချသည့်ဆိုင်များသို့ သွားရောက်၍ သုံးစွဲခြင်းမပြုရန် တားမြစ်ထားသည့် ကုန်ပစ္စည်းများ ရောင်းချခြင်းရှိ၊ မရှိနှင့် ခွင့်မပြုဓာတုဆိုးဆေးဖြင့် ပြုလုပ်ထားသည့် စားသောက်ကုန်များ ရောင်းချခြင်း ရှိ၊ မရှိတို့ကို စိစစ်ပညာပေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ စားသုံးသူရေးရာဦးစီးဌာန၊ ရပ်ကွက်အုပ်ချုပ် ရေးအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး စားသုံးသူများအတွက် ဘေးအန္တရာယ်ဖြစ်စေသော တားမြစ်ကုန်ပစ္စည်းများ၊ ဆိုးဆေး၊ တာရှည်ခံဆေးအပါ အဝင်ခွင့်မပြုဓာတုဆေးဝါးများ ထည့်သွင်းသုံးစွဲမှုမပြုရေး၊ ကျန်းမာရေးအတွက် ဘေးကင်းစိတ်ချရသော ထုတ်ကုန်ပစ္စည်းများ ထုတ်လုပ်ရောင်းချရေးတို့ကို အသိပညာပေး ဆွေးနွေးခဲ့ကြောင်း သိရသည်။

**နေဝင်းမြင့်**

## သမဝါယမအသင်းစု နှစ်ပတ်လည်ဆိုင်ရာ အစည်းအဝေးကျင်းပ

**ဝက်လက် ဇွန် ၁၃**
စစ်ကိုင်းတိုင်းဒေသကြီး ဝက်လက်မြို့နယ် သမဝါယမအသင်းစု၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွက် နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ဇွန် ၁၀ ရက် နံနက် ၁၀ နာရီက ဝက်လက်မြို့ သမဝါယမအသင်းစုရုံး၌ ကျင်းပခဲ့ကြောင်း သိရသည်။

အစည်းအဝေးတွင် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်ဝင်း၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူးဦးသန်းထိုက်အောင်၊ မြို့နယ်သမဝါယမဦးစီး ဒေါ်သိန်းသိန်းမြင့်နှင့် မြို့နယ်သမအသင်းစုဥက္ကဋ္ဌ ဦးပေါ်ရှင်တို့က အမှာစကားပြောကြားကြပြီး ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွက် လုပ်ငန်းဆောင်ရွက်ချက်၊ အစီရင်ခံစာများနှင့် နှစ်ချုပ်စာရင်းစစ်ဆေးချက်စာများကို အသင်းအမှုဆောင်အဖွဲ့ဝင် ဒါရိုက်တာများက ဖတ်ကြားကြသည်။

ထို့နောက်တတ်ရောက်လာသော အသင်းဝင် ကိုယ်စားလှယ်များက အကြံပြုဆွေးနွေးချက်များအပေါ် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းခဲ့ကြသည်။ **နန်းမြင့်(ဝက်လက်)**



## အခမဲ့ကွင်းဆင်းဆေးကုသခြင်းလုပ်ငန်းများ ဖားဆောင်းမြို့နယ်၌ ဆောင်ရွက်

**ဖားဆောင်း ဇွန် ၁၃**
ကယားပြည်နယ် ဘော်လခဲခရိုင် ဖားဆောင်းမြို့နယ် ဝမ်အောင်း(ကယား)ကျေးရွာမွေ့ရုံ၌ ဇွန် ၁၁ ရက် နံနက် ၁၀ နာရီက မြို့နယ်ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာနမှူးက ကြီးမှူး၍ ကျန်းမာရေးဝန်ထမ်းများနှင့် (IOM)အဖွဲ့တို့ ပူးပေါင်းကာ အရေးပေါ်လူနာများအား ထောက်ပံ့မှုပေးခြင်း၊ ရွှေ့လျားဆေးခန်းဖွင့်လှစ်ခြင်း၊ အခမဲ့ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **မြို့နယ်ပြန်/ဆက်**

## တောင်သူပညာပေးဆွေးနွေးပွဲနှင့် အစားထိုးသီးနှံမျိုးစေ့ပေးအပ်ပွဲ တာမိုးညဲမြို့၌ ကျင်းပ

**တာမိုးညဲ ဇွန် ၁၃**
ရှမ်းပြည်နယ်(မြောက်ပိုင်း) တာမိုးညဲမြို့ စိုက်ပျိုးရေးဦးစီးဌာနက ကြီးမှူး၍ ၂၀၁၇-၂၀၁၈ ခုနှစ်အတွင်း တောင်သူလယ်သမားများ သီးနှံအထွက်တိုးစေရေးအတွက် တောင်သူပညာပေးဆွေးနွေးပွဲနှင့် အစားထိုးသီးနှံ၊ နှစ်ချင်းသီးနှံ၊ စပ်မျိုးစပါးဧက ၅၀အတွက် ပေးအပ်ပွဲကို ဇွန် ၁၂ ရက် နံနက် ၁၀ နာရီက တာမိုးညဲမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

ထို့နောက် လွိုင်ဆမ်ဆစ် မြို့ပြခံတာဝန်ခံ ဦးမြတ်ထွန်းက ယာစပါးစိုက်ပျိုးနည်းများကို ရှင်းလင်းဆွေးနွေးပြီး တာမိုးညဲမြို့ စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးထွန်းကိုကိုက အစားထိုးသီးနှံ၊ နှစ်ချင်းသီးနှံ၊ စပ်မျိုးစပါးအထွက်တိုးစေရေးအတွက် မြေမှန်၊ မျိုးမှန်၊ စိုက်နည်းမှန်၊ ရာသီမှန် စိုက်ပျိုးနိုင်ရေးနှင့် ပတ်သက်၍ စနစ်တကျ ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် တက်ရောက်လာကြသည့် တောင်သူလယ်သမားများအား ဈေးကွက်ဝင် စပ်မျိုးစပါးများကို မြို့အုပ်ချုပ်ရေးမှူး၊ ကွတ်ခိုင်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး၊ မြို့စိုက်ပျိုးရေးဦးစီးဌာနမှူးနှင့် ဌာနဆိုင်ရာတို့က အခမဲ့ပေးအပ်ကြပြီး သီးနှံစိုက်ပျိုးရေးဆိုင်ရာ ပညာပေးလက်ကမ်းစာစောင်များကို ဖြန့်ဝေခဲ့ကြောင်း သိရသည်။ **တာမိုးညဲ(ပြန်/ဆက်)**

## ချမ်းမြေ့ဇေယျာဓမ္မစကူးလ် အမှတ်စဉ်(၅) သင်တန်းဖွင့်လှစ်

**ပဲခူး ဇွန် ၁၃**
ပဲခူးမြို့ ချမ်းမြေ့ဇေယျာသာမဏေကျော်တက္ကသိုလ်တွင် ဇွန် ၁၁ ရက် မွန်းလွဲ ၁၂ နာရီခွဲက ချမ်းမြေ့ဇေယျာဓမ္မစကူးလ်၏ အမှတ်စဉ်(၅)သင်တန်းဖွင့်ပွဲကို ကျင်းပခဲ့သည်။

ချမ်းမြေ့ဇေယျာဓမ္မစကူးလ်၏ အမှတ်စဉ်(၅)သင်တန်းအား အပတ်စဉ်တနင်္ဂနွေနေ့တိုင်း မွန်းလွဲ ၁၂ နာရီခွဲမှ ညနေ ၄ နာရီအထိ ဓမ္မစကူးလ်ဖောင်ဒေးရှင်းမှ သတ်မှတ်ထားသော ပြဋ္ဌာန်းစာအုပ်များဖြင့် ရက်ပေါင်း ၄၀ သင်ကြားပေးမည်ဖြစ်ပြီး KGတန်းမှ သတ္တမတန်းအထိ ကျောင်းသား ကျောင်းသူ ၅၀၀ ခန့်တက်ရောက်သင်ကြားကြကြောင်း သိရသည်။ **တင်စိုး(ပဲခူး)**



မင်္ဂလာတောင်ညွန့်မြို့နယ် ရဲတပ်ဖွဲ့က ပြည်သူ့ဗဟိုပြုသော ရဲလုပ်ငန်းစနစ်(ဆင့်ပွား) (၆/၂၀၁၇)မှ သင်တန်းသားများနှင့် ရဲအုပ်ဇော်ဇော်ထွန်း၊ ဒု-ရဲအုပ်မင်းမင်းထွန်း၊ ဒု-ရဲအုပ်ယာချမ်းမြေ့အောင်၊ ဒု-ရဲအုပ်အောင်မျိုးဦးတို့အဖွဲ့သည် ဇွန် ၁ ရက်က မင်္ဂလာတောင်ညွန့်မြို့နယ် ကန်ရှေ့ရပ်ကွက်အတွင်း ကွင်းဆင်း ဆောင်ရွက်နေမှုအား တွေ့ရစဉ်။ **ကျော်စိုးမိုး**

## ရခိုင်ပြည်နယ်၌ အရည်အသွေးပြည့်မီသော စပါးမျိုးကောင်းမျိုးသန့်မျိုးစေ့ထုတ်လုပ်ခြင်းနည်းပညာသင်တန်းဖွင့်

**စစ်တွေ ဇွန် ၁၃**
မျိုးစေ့စံပြကျေးရွာထူထောင်နိုင်ရန်အတွက် ရခိုင်ပြည်နယ်၌ အရည်အသွေးပြည့်မီသောစပါးမျိုးကောင်းမျိုးသန့် မျိုးစေ့ထုတ်လုပ်ခြင်း နည်းပညာသင်တန်းဖွင့်ပွဲကို ဇွန် ၁၂ ရက် နံနက် ၉ နာရီက ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ရခိုင်ပြည်နယ် စိုက်ပျိုးရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူးဦးတိုးဝေက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များအား ရှင်းလင်းပြောကြားပြီး သင်တန်းဆရာများ ကိုယ်စား စိုက်ပျိုးရေးသုတေသနဦးစီးဌာန စပါးသီးနှံသုတေသနမှူး ဒေါ်မြင့်ရီက သင်တန်းတွင် သင်ကြားပို့ချပေးမည့်ဘာသာရပ်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ကိုရီးယားနိုင်ငံအပြည်ပြည်ဆိုင်ရာ ကျေးလက်ဒေသဖွံ့ဖြိုးရေးဗဟိုဌာန အောက်မှာရှိသည့် KOPIA Project စီမံကိန်းဖြင့်လာရောက်ခြင်းဖြစ်ကြောင်း၊ စီမံကိန်းနှင့်ပတ်သက်ပြီး လုပ်ငန်းစဉ်(၄) ရပ်ဖြင့် ဆောင်ရွက်မည်ဖြစ်ပြီး ကိုရီးယားစပါးမျိုးနှင့်မြန်မာစပါးမျိုးများကိုရောစပ်ပြီး မျိုးစေ့ထုတ်သည့်နည်းများ ပါဝင်ကြောင်း၊ ကိုရီးယားမှစပါးမျိုးများကို ရခိုင်ပြည်နယ်တွင် စမ်းသပ်ထုတ်လုပ်သည့်နည်းများပါဝင်မည်ဖြစ်ကြောင်း၊ အဓိကမျိုးစေ့စံပြကျေးရွာထူထောင်နိုင်ရန်အတွက် အခုသင်တန်းကို လာရောက်သင်ကြားပေးရခြင်းဖြစ်ကြောင်း၊ တောင်သူများမှ မျိုးစေ့ကိုယ်တိုင်မထုတ်လုပ်မီ ဌာနမှ သင်တန်းစတင်ပို့ချပေးခြင်းဖြစ်ကြောင်း၊ ရိတ်သိမ်းချိန်နောက်ပိုင်း ဖြစ်ပေါ်လာမည့်ရိတ်သိမ်းနည်းသိုလှောင်နည်းများကိုပါသင်ကြားပြီး စပါးစိုက်ပျိုးထုတ်လုပ်နည်းအပြင် ပိုးမွှားဌာန၊ အပင်ရောဂါဌာန၊ မြေဆီလွှာဌာန၊ သီးနှံစိုက်စနစ်ဌာနနှင့် ပေါင်းပညာဌာနများမှပညာရှင်များကလည်း ပို့ချသွားမည်ဖြစ်ကြောင်း စိုက်ပျိုးရေးသုတေသနဦးစီးဌာန စပါးသီးနှံသုတေသနမှူး ဒေါ်မြင့်ရီက ပြောသည်။

အဆိုပါသင်တန်းတွင် ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်များမှတောင်သူများနှင့် စိုက်ပျိုးရေးဌာနမှ ဝန်ထမ်းများ စုစုပေါင်းသင်တန်းသား သင်တန်းသူ ၈၀တို့အား နှစ်ရက်ကြာ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်းသိရသည်။ **တင်ထွန်း(ပြန်၊ဆက်)**

## သုံးခွမြို့နယ် ထုံးကြီးကျေးရွာတွင် ပိုးသတ်ဆေးနှင့် ဓာတ်မြေဩဇာ ရောင်းချမှု ကွင်းဆင်းစစ်ဆေး

**သုံးခွ ဇွန် ၁၃**
ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတင်မြင့်အောင်ဦးဆောင်သော အဖွဲ့ဝင်များသည် ဇွန် ၁၂ ရက်က ထုံးကြီးကျေးရွာသို့ ကွင်းဆင်းစစ်ဆေးခဲ့ကြသည်။

ပိုးသတ်ဆေးနှင့် ဓာတ်မြေဩဇာရောင်းချသော ဈေးဆိုင်များအား တရားဝင်ရောင်းချခွင့် လိုင်စင် ရှိ၊ မရှိ စစ်ဆေးပြီး တရားဝင်မှတ်ပုံတင်၍ တင်သွင်းသော ပိုးသတ်ဆေးနှင့် ဓာတ်မြေဩဇာများကိုသာရောင်းချရန်နှင့် ဘေးအန္တရာယ်မဖြစ်စေအောင် စနစ်တကျသိုလှောင်သိမ်းဆည်းရန်၊ လိုက်နာရမည့် စည်းကမ်းချက်များ၊ ပိုးသတ်ဆေးနှင့် ဓာတ်မြေဩဇာဆိုင်ရာ အချက်အလက်များ၊ ဥပဒေပြဋ္ဌာန်းချက်များကို အသိပညာပေးရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။ **ကိုကျော်(သုံးခွ)**

## လမ်း၊ တံတားများကြံ့ခိုင်မှုစစ်ဆေး

**မွန် ဇွန် ၁၃**
မွန်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ပြည်နယ်ဦးစီးမှူး ဦးမျိုးကြည်၊ သထုံခရိုင် ခရိုင်ဦးစီးမှူး ဦးလှမျိုးဝင်းနှင့် ကျိုက်ထိုမြို့နယ်ဦးစီးမှူး ဦးမိုးဝင်းတို့သည် ကျိုက်ထိုမြို့နယ်အတွင်း ကျေးလက်ဦးစီးဌာနမှ ဆောင်ရွက်ထားသော လမ်း၊ တံတားများ၏ ကြံ့ခိုင်မှုအခြေအနေများအား ဇွန်လ ပထမပတ်က လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြကြောင်း သိရသည်။ **ကြေးမုံ**




ရန်ကုန် မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ်တွင် ခရီးသွား လုပ်သားပြည်သူများ၊ ကျောင်းသား ကျောင်းသူများ၊ သက်ကြီးရွယ်အို ကလေးငယ်များ ယာဉ်အန္တရာယ်ကင်းရှင်းစေရန်နှင့် ယာဉ်မတော်တဆမှုများ လျော့နည်းကျဆင်းစေရန်ရည်ရွယ်၍ အမှတ်(၆၈) ယာဉ်ထိန်းရဲတပ်ဖွဲ့မှ ရဲအုပ်ဇော်ဟိန်းယုဦးဆောင်သော ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များသည် ဇွန် ၁၂ ရက် နံနက်ပိုင်းက ပုသိမ်-ညောင်တုန်းလမ်းမ ဘုရားလမ်းမီးပွိုင့်အနီးတွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ချိုးဖောက်မောင်းနှင်သော မော်တော်ယာဉ်များအား ဥပဒေနှင့်အညီ စစ်ဆေးအရေးယူဆောင်ရွက်နေသည်ကို တွေ့ရစဉ်။ **မော်ကွန်းသစ်**

## အင်းတော်မြို့တွင် မြို့နယ်အဆင့်သန်းခေါင်စာရင်း အချက်အလက်များအသိပညာပေးခြင်းအလုပ်ရုံဆွေးနွေး

**အင်းတော် ဇွန် ၁၃**
စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် မြို့နယ်အဆင့်သန်းခေါင်စာရင်းအချက်အလက်များ အသိပညာပေးခြင်းလုပ်ငန်း အလုပ်ရုံဆွေးနွေးပွဲကို အင်းတော်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနခန်းမ၌ ဇွန် ၁၂ ရက် နံနက် ၉ နာရီက ကျင်းပခဲ့ကြောင်းသိရသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူးဦးမြတ်ကိုထွေးက အမှာစကားပြောကြားပြီး အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှ ကသာခရိုင်ဦးစီးမှူးဒုတိယညွှန်ကြားရေးမှူး ဦးအောင်စိုးက သန်းခေါင်စာရင်းဆိုင်ရာအချက်အလက်များအား ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသော မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုကူညီရေးအဖွဲ့အစည်းများ၊ မြို့နယ်အတွင်းရှိရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများက သန်းခေါင်စာရင်း နောက်ခံသမိုင်းအကြောင်းအရာများ၊ သန်းခေါင်စာရင်းအဓိပ္ပာယ်ရည်ရွယ်ချက်နှင့် လုပ်ငန်းစဉ်များ၊ ၂၀၁၄ ခုနှစ် မြန်မာနိုင်ငံလူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းအစီရင်ခံစာအပေါ် ဇွန် ၁၃ ရက်ထိ ဆွေးနွေးခဲ့ကြောင်းသိရသည်။ **ကိုမင်း(အင်းတော်)**

# ရန်ကုန်- ဒလ တံတားတည်ဆောက်ရေး မြေအားခံနိုင်ဝန် စမ်းသပ်တိုင်းတာခြင်းလုပ်ငန်းများ ဆောင်ရွက်



**ရန်ကုန် ဇွန် ၁၃**

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ် ကမာကဆစ်ရပ်ကွက် ဗိုလ်မင်းရောင်လမ်းမကြီးတစ်လျှောက်နှင့် လမ်းမတော်မြို့နယ် ဘုန်းကြီးလမ်းမကြီးတို့၌ ကိုရီးယား-မြန်မာ ချစ်ကြည်ရေး ဒလတံတားတည်ဆောက်ရေးတို့အတွက် မြေအားခံနိုင်ဝန် စမ်းသပ်တိုင်းတာခြင်းကို SUNTAC TECHNOLOGIES ကုမ္ပဏီက တာဝန်ယူ၍ နည်းပညာပိုင်းဆိုင်ရာ စမ်းသပ်အကောင်အထည်ဖော်ခြင်းနှင့် စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်နိုင်ရေးတို့အတွက် လုပ်ငန်းများဆောင်ရွက်လျက်ရှိသည်ကို ဇွန် ၁၃ ရက်က တွေ့ရသည်။

ဒလမြို့နယ် ကမာကဆစ်ရပ်ကွက် ဗိုလ်မင်းရောင်လမ်းမကြီးတစ်လျှောက်တွင် စက်ကိရိယာများဖြင့် မြေအားခံနိုင်ဝန်တိုင်းတာခြင်းကို SUNTAC TECHNOLOGIES ကုမ္ပဏီကတာဝန်ယူ၍ အဖွဲ့နှစ်ဖွဲ့နှင့် လမ်းမတော်မြို့နယ် ဘုန်းကြီးလမ်းမကြီး၌ အဖွဲ့လေးဖွဲ့ဖြင့် မြေအားခံနိုင်ဝန် တိုင်းတာခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း ဒလမြို့နယ် မြေအားခံနိုင်ဝန် စမ်းသပ်တိုင်းတာခြင်း တာဝန်ခံ ကိုဖြိုးကိုက ပြောသည်။

ရန်ကုန်-ဒလမြစ်ကူးတံတားတည်ဆောက်ရေးအတွက် လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်ကို နေ့စဉ်သွားလာမြင်တွေ့နေရသော ဒေသခံပြည်သူတစ်ဦးက "ကျွန်တော်တို့ အလုပ်သွားတိုင်း ဗိုလ်မင်းရောင်လမ်းမကြီးပေါ်မှာ မြေတူးပြီး စမ်းသပ်နေတာကို နေ့စဉ်တွေ့ရပါတယ်။ တံတားကြီးတည်ဆောက်တော့မယ်လို့ သတင်းတွေကြားတုန်းက မယုံကြည်နိုင်ခဲ့ဘူး။ ကောလာဟလသတင်းလို့ပဲ ထင်မိပါတယ်။ ခုလိုမျိုး လုပ်ငန်းတွေ အမှန်တကယ် ဆောင်ရွက်နေတာ တွေ့မြင်ရလို့ တံတားကြီးတည်ဆောက်တော့မှာကို ယုံကြည်သွားတာပါ။ လူမှုရေး၊ စီးပွားရေး၊ ပညာရေးနဲ့ ကျန်းမာရေးအတွက် ဒလမြို့ကနေ ရန်ကုန်မြို့ကို အခက်အခဲပေါင်းများစွာနဲ့ ဖြတ်သန်းသွားလာနေကြတာပါ။ တံတားကြီးတည်ဆောက်ပြီးသွားရင် လမ်းပန်းဆက်သွယ်ရေး အထူးကောင်းမွန်လာပြီး ဒေသဖွံ့ဖြိုးတိုးတက်သွားမှာပါ"ဟု ပြောသည်။ **နိုင်လင်းကျော်(ဒလ)**

# မွန်ပြည်နယ်အတွင်း ငါးသားပေါက်ကောင်ရေ ၂၅ သိန်း ထုတ်လုပ်ဖြန့်ဝေသွားမည်


**သထုံ ဇွန် ၁၃**

မွန်ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာန သထုံငါးလုပ်ငန်းစခန်းမှ မွန်ပြည်နယ်အတွင်း ရေသယံဇာတပေါ်ကြွယ်ဝရေး၊ စဉ်ဆက်မပြတ် ငါးမျိုးမပြုန်းတီးရေးနှင့် ငါးမွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ယခုနှစ်တွင် ငါးသားပေါက်ကောင်ရေ ၂၅ သိန်း ထုတ်လုပ်ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ငါးသားပေါက်ကောင်ရေ ၂၅ သိန်းအနက်မှ ကောင်ရေ ရှစ်သိန်းကို မွန်ပြည်နယ်အတွင်းရှိ သဘာဝမြစ်ချောင်းများ၊ ဆည်မြောင်းတာတမံများနှင့် တောင်သူများ၏ စပါးခင်းရေပြင်များထဲသို့ အခမဲ့ငါးမျိုးများ လိုက်လံစိုက်ထည့်ပြီး ကျန် ၁၇ သိန်းကို ငါးမွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူများထံသို့ ဈေးနှုန်းချိုသာစွာဖြင့် ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း သထုံငါးလုပ်ငန်းစခန်းမှ ဦးစီးအရာရှိ ဦးဝင်းဗိုလ်က ပြောသည်။

"ဒီစခန်းက ငါးသားပေါက်တွေကို နှစ်စဉ် လျာထားချက်ထက် ပိုပြီးထုတ်ပေးနေသလို ဒေသတွင်း ငါးမွေးမြူရေးလုပ်ငန်းလုပ်တဲ့သူတွေ စရိတ်နည်းနည်းနဲ့ ကိုယ်တိုင်သားဖောက်မွေးမြူနိုင်အောင် ဆေးထိုးသားဖောက်သင်တန်းတွေလည်း လုပ်ပေးတယ်။ ဒီနှစ်မှာ ငါးမြစ်ချင်း၊ ငါးခုံးမကြီး၊ ရွှေဝါငါးကြင်းနဲ့ တီလားဗီးယားမျိုးတွေကို ကောင်ရေ ရှစ်သိန်းလောက် မြစ်၊ ချောင်း၊ ဆည်မြောင်းတွေနဲ့ တောင်သူတွေရဲ့ လယ်တွေ၊ ချောင်းတွေကို တိုက်ရိုက်ရောက်သွားနိုင်တဲ့ လယ်ကြားတူးမြောင်းတွေထဲကို အခမဲ့လိုက်ထည့်သွားမယ်။ ကျန်တာကိုတော့ ရောင်းချသွားမှာပါ" ဟု ၎င်းက ပြောသည်။

လက်ရှိအချိန်အထိ စခန်းတွင် ရွှေနီ၊ ရေချိုငါးမုတ်၊ ငါးခုံးမကြီး၊ တောင်ပေါ်ငါးသလောက်၊ ငါးသိုင်းခေါင်းပွ၊ တီလားဗီးယား၊ ရွှေဝါငါးကြင်း၊ ရောင်စုံငါးကြင်း၊ ငါးတန်၊ ငါးမြစ်ချင်း၊ ငါးကြင်းဖြူ စသည့် ရေချိုငါးမျိုး ကောင်ရေ ၁၀ သိန်းခန့်ကို သားဖောက်မွေးမြူထားပြီး ဖြစ်ကြောင်း သိရသည်။



မွန်ပြည်နယ် ငါးလုပ်ငန်းစခန်း (သထုံ)တွင် ငါးအမျိုးအစားနှင့် အရွယ်အစားလိုက် သင့်တင့်သော ဈေးနှုန်းများဖြင့် ငါးမွေးမြူရေးလုပ်ငန်းရှင်များအား ရောင်းချပေးနေပြီး စခန်းတွင် တိုက်ရိုက်လာရောက်ဝယ်ယူနိုင်သကဲ့သို့ မြို့နယ်ငါးဦးစီးဌာနများနှင့် ချိတ်ဆက်ဝယ်ယူနိုင်ကြောင်း၊ ငါးသားပေါက်များကို မွန်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့မှ ငါးမွေးမြူရေးလုပ်ငန်းရှင်များက အများဆုံးလာရောက်ဝယ်ယူကြကာ ယခုဘဏ္ဍာနှစ် နှစ်လတာအတွင်း ကောင်ရေ လေးသိန်းကျော်ခန့် ရောင်းချပြီးဖြစ်ကြောင်း သိရသည်။ **သက်ဦး(သထုံ)**



# မူးယစ်တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ဟောပြောပွဲနှင့် ပန်းချီ၊ ပိုစတာ ပြိုင်ပွဲကျင်းပ

**ညောင်လေးပင် ဇွန် ၁၃**

အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ်ဟောပြောပွဲနှင့် ပန်းချီ၊ ပိုစတာပြိုင်ပွဲကို ယနေ့ နံနက် ၉ နာရီက ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန Community Centre ခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ပန်းချီနှင့် ပိုစတာပြိုင်ပွဲ၌ ညောင်လေးပင်မြို့နယ်အတွင်းရှိ အလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူများအား "လူတိုင်းကိုယ်စီရှောင်ကြဉ်ခြင်း တစ်ပြည်လုံးမှာ မူးယစ်ကင်း" ခေါင်းစဉ်ဖြင့် ခေါင်းစဉ်တူယှဉ်ပြိုင်စေကာ ပြိုင်ပွဲအလိုက် ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆုများချီးမြှင့်ခြင်း အပြင် ယှဉ်ပြိုင်သူ ကျောင်းသား ကျောင်းသူများအား မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ပန်းချီပြိုင်ပွဲတွင် ၃၄ ဦး၊ ပိုစတာပြိုင်ပွဲတွင် ၁၃ ဦးပါဝင်ယှဉ်ပြိုင်ကြပြီး အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အသိပညာများကို ညောင်လေးပင်မြို့နယ် စာရေးဆရာအသင်းဥက္ကဋ္ဌ ဒေါက်တာမြင့်သန်း(ညောင်လေးပင်)က ဟောပြောခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# ညောင်တုန်း အဘိဓမ္မာပြန့်ပွားရေးအသင်း လူမှုကူညီရေးပရဟိတကုသိုလ်ပြုလှူဒါန်း

**ညောင်တုန်း ဇွန် ၁၃**

ညောင်တုန်းမြို့အဘိဓမ္မာအသင်းကြီးက ကြီးမှူးကျင်းပသော သတ္တမအကြိမ်မြောက် ညောင်တုန်းမြို့ပေါ်ရှိ ပရဟိတလူမှုကူညီရေးအဖွဲ့အစည်းများအား ကုသိုလ်ပြုအလှူငွေပေးအပ်ပွဲကို ဇွန် ၁၁ ရက် နံနက်ပိုင်းက နိုင်ငံအေးဘုရားကြီး၌ကျင်းပရာ အလှူရှင်များ၊ လူမှုကူညီရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများနှင့် အဘိဓမ္မာသင်တန်းသားများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

အဆိုပါအဘိဓမ္မာပြန့်ပွားရေးအသင်းကို ၂၀၀၆ ခုနှစ်က စတင်တည်ထောင်ခဲ့ပြီး ဆရာတော် ဦးဇဋိလ၊ ဦးဇဝနနှင့် ဆရာဦးမြင့်စိုးတို့က အဘိဓမ္မာ၊ ဋီကာကျော်၊ ပဋ္ဌာန်းဒေသနာတော်စသည်များကို စနေ၊ တနင်္ဂနွေနေ့တိုင်း ပို့ချပေးလျက်ရှိသည့် လူငယ်တရားပွဲများကျင်းပခြင်း၊ ပရဟိတလူမှုကူညီရေးအဖွဲ့ကိုဖွဲ့စည်းပြီး မျက်မမြင်ကျောင်း၊ မိဘမဲ့ပရဟိတသင်တန်းကျောင်း၊ ဘိုးဘွားရိပ်သာများသို့ နှစ်စဉ်သွားရောက်လှူဒါန်းလျက်ရှိရာ ယခုနှစ် သတ္တမအကြိမ်မြောက် ညောင်တုန်းမြို့ပေါ်ရှိ ပရဟိတလုပ်ကိုင်လျက်ရှိသော ညောင်တုန်းနာရေးကူညီမှုအသင်း မော်တော်ယာဉ်ထားရန်အဆောက်အအုံဆောက်လုပ်ရန် လှူဒါန်းငွေကျပ် နှစ်သိန်း၊ ပန်းဧရာရပ်ကွက်ကုသိုလ်ဖြစ်ဆေးခန်းလှူဒါန်းငွေကျပ် တစ်သိန်း၊ ကင်ဆာဝေဒနာရှင်တစ်ဦးအတွက် လှူဒါန်းငွေကျပ် တစ်သိန်း၊ နာရေးကူညီမှုအသင်း(ညောင်တုန်း)လူနာတင်ယာဉ်များနှင့် နာရေးယာဉ်များပြုပြင်ရန် လှူဒါန်းငွေကျပ် တစ်သိန်း စုစုပေါင်း လှူဒါန်းငွေကျပ် ငါးသိန်းကို အဘိဓမ္မာပြန့်ပွားရေးအသင်း (ညောင်တုန်း)မှ ဆရာဦးမြင့်စိုးက ပေးအပ်လှူဒါန်းရာ လူမှုကူညီရေးအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များက လက်ခံရယူခဲ့ကြောင်း သိရသည်။

ထို့ပြင် အဘိဓမ္မာပြန့်ပွားရေးအသင်း(ညောင်တုန်း) ပရဟိတလူမှုကူညီရေးအဖွဲ့သည် ဇွန် ၂၃ ရက်တွင် ပဲခူးမြို့နယ် ဆယ်မိုင်ကုန်း၊ ကျောက်တန်းရွာ ဝေဠုဝန်ဘုန်းတော်ကြီးပညာသင်ကျောင်း၊ မင်္ဂလာဒုံဘိုးဘွားရိပ်သာ၊ ဂေဟာများ၊ လှည်းကူးမြို့နယ် ဖောင်ကြီးစိမ်းလန်းမြေပရဟိတနှင့် သဘာဝရိပ်သာ ဘေးမဲ့တော ဖောင်ကြီးလှည်းကူးမြို့နယ်များရှိ ပရဟိတအကျိုးပြုလုပ်ငန်းများအား သွားရောက်လှူဒါန်းသွားမည်ဖြစ်သည်။ **ထွန်းကျော်(ညောင်တုန်း)**



# သီပေါမြို့တွင် အမှိုက်သိမ်းဆည်းခြင်းလုပ်ငန်းများ အဆင့်မြှင့်တင်

**သီပေါ ဇွန် ၁၃**

ချိုသာသည့် စကားသံနှင့်အတူ အမှိုက်သိမ်းမည့် မော်တော်ယာဉ်ပေါ်တွင် တပ်ဆင်ထားသည့်စပီကာမှ သီပေါမြို့နယ် စည်ပင်သာယာရေးဌာန၏ အမှိုက်သိမ်းဆော်သြသံသည် မြို့ပေါ်(၁၁)ရပ်ကွက်အတွင်းသို့ ပျံ့နှံ့သွားပြီး ရပ်ကွက်ပြည်သူများအိမ်ရှေ့သို့ တစ်အိမ်ပြီးတစ်အိမ် ရပ်တန့်ကာ အမှိုက်များ သိမ်းဆည်းလျက်ရှိသည်။

ယခင်က ခေါင်းလောင်းတီးပြီး အမှိုက်ကားဟု နှိုးဆော်မည့်အစား ယခုလို အမှိုက်သိမ်းယာဉ်မှ တေးသံသာဖွင့်ကာ မြို့တွင်း အမှိုက်သိမ်းဆည်းခြင်းလုပ်ငန်းကို အစားထိုးပြောင်းလဲခဲ့ပါကြောင်း၊ ယခုလို မိုးတွင်းကာလ ဖြစ်ပွားတတ်သော ငှက်ဖျားနှင့် သွေးလွန်တုပ်ကွေးရောဂါများ ကြိုတင်ကာကွယ်သည့် အနေဖြင့်လည်းကောင်း၊ မြို့နေပြည်သူများ သန့်ရှင်းသာယာလှပရေးနှင့် စိတ်ချမ်းသာရမည်ဟူသော ရည်ရွယ်ချက်ဖြင့်လည်းကောင်း အကောင်အထည်ဖော်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း မြို့နယ်စည်ပင်သာယာရေးဌာန အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုင်းခွန်ဇော်ဦးက ပြောသည်။

"အရင်က အမှိုက်ကားလာရင် မသိလိုက်တာများတယ်။ အခုလို အစီအစဉ်နဲ့ တေးသံသာဖွင့်ပြီး အမှိုက်သိမ်းယာဉ်လာနေတော့ ထူးခြားမှုတစ်ခုပါပဲ။ ပြည်သူတွေဘက်ကလည်း စည်းကမ်းရှိရှိနဲ့ အမှိုက်ပစ်စေချင်ပါတယ်"ဟု မြို့မိမြို့ဖတစ်ဦးက ပြောသည်။ **စိုင်း(သီပေါ)**

# ပင်ရင်းမှ နုတ်ယူပေးသွင်းသည့် ဝင်ငွေခွန် နုတ်ယူပေးသွင်းရေးနှင့် စပ်လျဉ်းသည့် အသိပေးကြေညာချက်

၁။ ဝင်ငွေခွန်ဥပဒေအရ ပေးချေငွေတစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ ငွေထုတ်ပေးချိန်တွင် ငွေထုတ်ပေးသူက ပင်ရင်းမှနုတ်ယူ၍ သက်ဆိုင်ရာ အခွန်ဦးစီးဌာနမှူးရုံးသို့ ပေးသွင်းရန် တာဝန်ရှိပါသည်။

၂။ အဆိုပါ ပင်ရင်းမှ နုတ်ယူပေးသွင်းငွေနှင့် စပ်လျဉ်း၍ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနအနေဖြင့် အမိန့်ကြော်ငြာစာအမှတ်-၂/၂၀၁၇နှင့် အမိန့်ကြော်ငြာစာအမှတ်-၃၇/၂၀၁၇တို့ကို ထုတ်ပြန်ခဲ့ပါသည်။

၃။ သို့သော်လည်း အခွန်ထမ်းပြည်သူများအနေဖြင့် အဆိုပါ အမိန့်ကြော်ငြာစာများအရ အခွန်ဆိုင်ရာတာဝန်များကို လိုက်နာဆောင်ရွက်ရန် အခက်အခဲအချို့ ပေါ်ပေါက်လျက်ရှိကြောင်း သိရှိရသည့်အတွက် ပြန်လည်ပြင်ဆင်ထားသည့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနမှ အမိန့်ကြော်ငြာစာအမှတ်-၅၁/၂၀၁၇ကို ၂၂-၅-၂၀၁၇ရက်တွင် ထပ်မံထုတ်ပြန်ထားရှိခဲ့ပြီး ဖြစ်ပါသည်။

၄။ အဆိုပါ အမိန့်ကြော်ငြာစာ ၅၁/၂၀၁၇ဖြင့် ယခင်ထုတ်ပြန်ထားရှိခဲ့သော အမိန့်ကြော်ငြာစာများကို လွှမ်းမိုးပယ်ဖျက်လိုက်သော်လည်း အခွန်နှုန်းထားများနှင့် အခွန်ပေးသွင်းရမည့်အခြေအနေများ အကျိုးသက်ရောက်သည့် ကာလများမှာ မပြောင်းလဲကြောင်း အသိပေးအပ်ပါသည်။

၅။ ထိုသို့ အမိန့်ကြော်ငြာစာအသစ် ထုတ်ပြန်ခြင်းကြောင့် အခွန်ထမ်းပြည်သူများအနေဖြင့် ဆောင်ရွက်မှုတစ်ရပ်တည်းအတွက် အခွန်နှစ်ထပ် မကျသင့်စေရန်လည်းကောင်း၊ တည်ဆဲဥပဒေ၊ နည်းဥပဒေနှင့် အမိန့်ကြော်ငြာစာတစ်ရပ်ရပ်အရ ဝင်ငွေခွန်ကင်းလွတ်ခွင့်ရထားပါလျက် ဝင်ငွေခွန် နုတ်ယူပေးသွင်းခြင်း မပြုစေရန်လည်းကောင်း၊ နုတ်ယူခြင်းခံရမည့်သူက သက်ဆိုင်ရာ အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံး၊ အလယ်အလတ် အခွန်ထမ်းများဆိုင်ရာအခွန်ရုံးများ၊ တိုင်းဒေသကြီး/ပြည်နယ်အခွန်ဦးစီးဌာနမှူးရုံးများနှင့် ပြည်ထောင်စုနယ်မြေအခွန်ဦးစီးဌာနမှူးရုံးတို့ထံ လျှောက်ထားလိုပါက စိစစ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

၆။ ထိုသို့ လျှောက်ထားလာလျှင် သက်ဆိုင်ရာအခွန်ဦးစီးဌာနမှူးရုံးက ငွေထုတ်ပေးသူထံ ဝင်ငွေခွန်နုတ်ယူပေးသွင်းခြင်းမပြုရန် (သို့မဟုတ်) ခုနှိမ်ပေး၍နုတ်ယူရန် အကြောင်းကြားစာထုတ်ပေးမည်ဖြစ်ပါသည်။

၇။ ထို့အပြင် ပေးချေငွေနှင့်စပ်လျဉ်း၍ အခွန်ထမ်းကိုယ်တိုင် စည်းကြပ်သည့်စနစ်တွင် အခွန်တာဝန်ထမ်းဆောင်ကြသည့် အခွန်ထမ်းများ၏ ငွေထုတ်ပေးရန် တာဝန်ရှိသူက အခွန်နုတ်ယူ၍ ပေးသွင်းခြင်းဖြစ်ပါက တစ်ကြိမ်လျှင် ကျပ်(၁၅)သိန်းထက် မကျော်လွန်လျှင်သော်လည်းကောင်း၊ အခြားလုပ်ငန်းများဖြစ်လျှင် တစ်ကြိမ်လျှင် ကျပ် ၅သိန်းထက် မကျော်လွန်လျှင်သော်လည်းကောင်း နုတ်ယူပေးသွင်းရန် မလိုအပ်ကြောင်းကိုလည်း ထပ်မံအသိပေးအပ်ပါသည်။


၈။ ယင်းအပြင် လယ်ယာထွက်ကုန်သီးနှံများ အရောင်းအဝယ်ပြုလုပ်ရာ၌ တစ်ဦးချင်း ပုဂ္ဂိုလ်များသို့ ပေးချေငွေအပေါ်တွင် ပင်ရင်းမှနုတ်ယူပေးသွင်းသည့် ဝင်ငွေခွန် ၂ရာခိုင်နှုန်းအား နုတ်ယူပေးသွင်းရန် မလိုအပ်ဘဲ အပြည့်အဝ ပေးချေရမည်ဖြစ်ပါသည်။

၉။ အသေးစိတ်သိရှိလိုပါက အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံး၊ အလယ်အလတ် အခွန်ထမ်းများဆိုင်ရာ အခွန်ရုံးများ၊ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးများ၊ အခွန်ဆိုင်ရာ ဝန်ဆောင်မှုရုံးများနှင့် ပြည်တွင်းအခွန်များဦးစီးဌာန၊ နေပြည်တော်ရှိ အောက်ဖော်ပြပါ တယ်လီဖုန်းအမှတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

ဖုန်း-၀၆၇-၄၃၀၀၀၅၊ ၀၆၇-၄၃၀၀၀၉

**ပြည်တွင်းအခွန်များဦးစီးဌာန**


အင်္ဂလိပ်စာ ဘာသာစကားကို စနစ်တကျ လေ့လာလိုသူများအတွက်




Communicative English
General English
Business English
IELTS
လစဉ်ကျောင်းအပ် လက်ခံနေပါပြီ
ဗဟိုလမ်း 01-537895, 09263337702 | တာမွေ 01-549590, 09254148006

ဒသမတန်းအတွက် ရူပဗေဒ၊ ဓာတုဗေဒ၊ အင်္ဂလိပ်စာ ဘာသာတွေကိုစိတ်မပူကြနဲ့တော့ ....
ရူပ ဓာတု ဦးသိန်းတင်စိုး B.E (EP) MITရဲ့ကိုယ်တိုင် တန်းလုံးကျွတ်(၉၀)မှတ် အထက်နဲ့ ဂုဏ်ထူးထွက်အောင်သင်ခဲ့တဲ့ 90+PLUS Physics ၊ 90+PLUS Chemistry, အင်္ဂလိပ်အတွက် Text Book 65 မှတ်အထက် ရစေမယ့် 65+PLUS Englishတို့ ထွက်ပြီ




ဖြန့်ချိရေး
(ရန်ကုန်) - စာပေလောက၊ စာပေနန်းတော်၊ စာပေဟင်းလင်းဆိုင်ကြီး အင်းဝ၊ ရာပြည့်၊ သော်တာ၊ အင်းစိန်ကော်ရိ၊ လှိုင်တော်၊ မြင်းမိုရ်၊
(မန္တလေး) - ထွန်းဦး၊ နဂါး၊ ဟောင်ဟောင်ချို၊
(မုံရွာ) - အောင်မင်္ဂလာ၊ အမြင်သစ်၊ သူ့ရှုံး၊

ကမာရွတ်၊ အောင်မြေသာစည် ပေ(၆၈×၇၃) ခြံအကျယ်၊ အိမ်ပေ(၃၀×၄၀)၊ 2RC, (3MBR, 5AC, Ph) ငှားမည်။
ဖုန်း-၀၉-၇၃၂၂၀၆၃၅

မြေများဝယ်ယူရန် ဖိတ်ခေါ်ခြင်း

တက်လူ
အိမ်ပြောင်း/အိမ်ရွှေ့
ဈေးနှုန်းချိုသာစွာဖြင့်
မြို့တွင်း/နယ်ပေး
အကောင်းဆုံး
ဝန်ဆောင်မှုပေးသည်
09 261111549
09 257962225

မြေကွက်များ ဝယ်လိုသည်
ဒဂုံဆိပ်ကမ်း၊ ဒဂုံတောင်၊ ဒဂုံအရှေ့မြို့နယ်များရှိ မြေကွက်များ ဝယ်လိုပါသည်။ ပိုင်ရှင်ကိုယ်တိုင်ဆက်သွယ်ပါ။
ဖုန်း-၀၉-၂၆၀၆၆၄၄၈၀၊ ၀၉-၂၆၀၆၆၄၄၉၀

Air.con ရေကျလို့လား? Servicing လုပ်လိုက်ရင်ကောင်းသွားမှာပါ။



AAS Air.con Services
Thingangyun branch 573 811,578 957
Kabaraye branch 09 505 4228
Myaynigone branch 09 86 14140
Lanmadaw branch 09 4200 33454

ပထမဦးဆုံးဘာသာစုံဂုဏ်ထူးရှင်နှင့် ကမ္ဘာ့အမှတ်အများဆုံးဆုရှင်များ မွေးထုတ်ပေးထားသော abe-UK အသိအမှတ်ပြုသည့်
EVER UP COLLEGE
အခုကောင်းမှ နောင်ကောင်းဖို့သေချာမယ်။
တက္ကသိုလ်ဝင်တန်းဖြေဆို/အောင်မြင်ထားသူများ၊ တက္ကသိုလ်တက်ရောက်နေသူများ၊ ဘွဲ့ရထားသူများ၊ ရာထူးတိုးတက်လိုသူများအတွက် abe-UK မှ တိုက်ရိုက်ပေးအပ်သော ...
UK Qualification :
Diploma in Business Management
Diploma in Business Management & Human Resources
Diploma in Business Management & Marketing
ကျောင်းအပ်လက်ခံနေပြီ၊ ကျောင်းလခကိုအတိုးမဲ့လစဉ်ပေး အရစ်ကျစနစ်ဖြင့် ပေးသွင်းနိုင်ပါသည်၊ အတန်းများ ဇူလိုင် ၁ ရက်နေ့စမည်၊ ဇွန်လ ၂၅ ရက်နောက်ဆုံးထား ကျောင်းအပ်ပါက 10% Discount
RQF LEVEL 6 Diploma → MBA
RQF LEVEL 5 Diploma → B.A. Business Management
RQF LEVEL 4 Diploma
abe
UK Business Management Education Seminar ဖိတ်ကြားလွှာ RSVP
တက္ကသိုလ်ဝင်တန်းဖြေဆို/အောင်မြင်ထားသူများ၊ တက္ကသိုလ်တက်ရောက်နေသူများအတွက် နိုင်ငံတကာအသိအမှတ်ပြု ABE-UK စီးပွားရေးဒီပလိုမာများအကြောင်းကို (၁၈-၇-၂၀၁၇) ရက်နေ့ နံနက် (၁၀) နာရီတွင် EVER UP COLLEGE တွင် ဟောပြောဆွေးနွေးသွားမည်ဖြစ်ပါသည်။
Room 402, MGW Tower, Bo Aung Kyaw Street, Botahtaung Township, Yangon, Myanmar. Tel : 09 444 777 901 ~ 903, Facebook : www.facebook.com/everup33.HRI, www.everuphrinstitute.com.mm







### မိုနဲဒါဖက်ရှင်

- ကြော်ငြာ၊ လက်ဆောင်၊ ပရိုမိုးရှင်း၊ အမှတ်တရနှင့် ဝန်ထမ်း Uniform များအတွက် အရောင်စုံ၊ အသားစုံ၊ Design စုံ ကြိုက်ရာယူ

| | | | |
|---|---|---|---|
| ချည်သား- | T.Shirt | - | 1200 ကျပ် |
| | Sport Shirt | - | 3250 ကျပ် |
| | Shirt လက်တို | - | 3200 ကျပ် |
| | ဦးထုပ် | - | 1100 ကျပ်(မှစ၍) |

- အထည်(၁၀၀)အထက်ယူလျှင် လိပ်စာအရောက် ပို့ပေး၊ ပြပေးသည်။
- အမှတ်-၇၉၊ မြေညီထပ်၊ ၁၂၄ လမ်း၊ မင်္ဂလာဈေးမှတ်တိုင်အနီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်။
- Ph:01-292129, 01-9000260, 09-250388594
- Email:kyonedoe@gmail.com

### မင်္ဂလာပါ

အိမ်ပြောင်းအိမ်ရွှေ့လုပ်ငန်း
မြို့တွင်း / နယ်ဝေးများအတွက်
ဈေးနှုန်းချိုသာစွာဖြင့်
Box ကားမျိုးစုံဖြင့်
အလုပ်သမားစီစဉ်ပေးသည်။
09-450042704
09-250095116
09-420096296

### အိမ်ရောင်းမည်

ဒေါပုံမြို့နယ်၊ ဗိုလ်ထွန်းဇံရပ်ကွက်၊ သစ္စာလမ်းနှင့် ဗိုလ်တေဇလမ်း၊ ထောင့်ကွက်၊ ခေါင်းရင်း(၁၂½×၅၀)ပေ၊ နှစ်(၆၀)ဂရန်အမည်ပေါက်၊ ကျောင်း၊ အထူးကုဆေးခန်း၊ ကုန်တိုက်၊ ဝက်စုမှတ်တိုင်အနီး၊ မင်းနန္ဒာလမ်းမကြီး နောက်ကျော။

ဖုန်း-၀၉-၇၇၆၀၅၉၂၅၇၊ ၀၉-၇၇၇၇၂၀၅၇၂



### စက်ရုံမြေကွက်များ ဝယ်လိုသည်

ဒဂုံဆိပ်ကမ်းစက်မှုဇုန်နှင့် အရှေ့ဒဂုံစက်မှုဇုန်တွင်းမှ စက်ရုံမြေကွက်များ (၂ ဧက နှင့် ၃ ဧက) ဝယ်ယူလိုသည်။ ပိုင်ရှင်ကိုယ်တိုင် ဆက်သွယ်ပါ။

ဖုန်း-၀၉-၃၀၂၆၈၈၈၈၊ ၀၉-၇၉၅၄၃၁၄၇၉









# လူ ၁၂၂ ဦး တင်ဆောင်လာသည့် Y-8 တပ်မတော်ပို့ဆောင်ရေးလေယာဉ်အား ဆက်လက်ရှာဖွေလျက်ရှိ

**နေပြည်တော် ဇွန် ၁၃**

ပျက်ကျသွားခဲ့သည့် တပ်မတော်ပို့ဆောင်ရေး Y-8 လေယာဉ်အား မြေပြင်တပ်များ၊ တပ်မတော်(ရေ)မှ စစ်ရေယာဉ်များ၊ ကျွမ်းကျင်ရေငုပ်စစ်သည်များ၊ တပ်မတော်(လေ)မှ လေယာဉ်၊ ရဟတ်ယာဉ်များနှင့် ဒေသခံပြည်သူများ၊ ငါးဖမ်းစက်လှေများ ပူးပေါင်း၍ ပင်လယ်ပြင်အတွင်းနှင့် ကမ်းခြေတစ်လျှောက် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို ဆက်လက်လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

ယနေ့တွင် ပင်လယ်ပြင်အတွင်း ပျက်ကျလေယာဉ်အား ပြန်လည်ရှာဖွေရာတွင် ဆိုနာစနစ် တပ်ဆင်ထားသည့် စစ်ရေယာဉ်အား အသုံးပြု၍ ရှာဖွေခြင်း၊ ကျွမ်းကျင်ရေငုပ်စစ်သည်များ အသုံးပြု၍ ရေငုပ်ရှာဖွေခြင်းများကို လုပ်ဆောင်ခဲ့သည်။

ထို့အတူ တပ်မတော်(လေ)မှ လေယာဉ်၊ ရဟတ်ယာဉ်များဖြင့် ဝေဟင်မှ ပင်လယ်ပြင်အတွင်း တွေ့ရှိသည့် အချက်အလက်များ ပေါင်းစပ်၍ စစ်ရေယာဉ်များ၊ ဒေသခံငါးဖမ်းစက်လှေများ၏ ရှာဖွေရေးလုပ်ငန်းများကို အထောက်အကူပြု ဆောင်ရွက်ခဲ့သည်။

အလားတူ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် ဌာနဆိုင်ရာ ဝန်ထမ်းများ၊ ဒေသခံပြည်သူများ အသင့်စားသုံးနိုင်ရန်အတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်

**စာမျက်နှာ ၉ ကော်လံ ၁ သို့ ✪**



မောင်းမကန်-မရင်းကြီးကမ်းခြေတစ်လျှောက် ရှာဖွေကယ်ဆယ်ရေးလုပ်ဆောင်နေကြစဉ်။



ကျွမ်းကျင်ရေငုပ်စစ်သည်များ ပင်လယ်ပြင်အတွင်း ရှာဖွေကယ်ဆယ်ရေး လုပ်ဆောင်နေကြစဉ်။

# ရခိုင်ပြည်နယ်၌ မိုးဆက်လက်ကြီးမည်

**နေပြည်တော် ဇွန် ၁၃**

ဘင်္ဂလားဒေ့ရှ်နိုင်ငံကမ်းခြေကို ဖြတ်ကျော်ဝင်ရောက်ခဲ့သော မုန်တိုင်းငယ် (Depression)၏ အရှိန်ကြောင့်လည်းကောင်း၊ ဘင်္ဂလားပင်လယ်အော်(ရခိုင်ကမ်းရိုးတန်းဒေသ)တွင် မုတ်သုံလေအားကောင်းရာမှ အားအလွန်ကောင်းနေခြင်းကြောင့်လည်းကောင်း ဇွန် ၁၁ ရက်မှ ၁၃ ရက်အထိ နေရာအနှံ့အပြားမိုးရွာခဲ့ပြီး ဒေသအလိုက်မိုးကြီးခဲ့သည်။

ယနေ့မွန်းလွဲ ၁ နာရီခွဲအချိန်တိုင်းထွာချက်များအရ ဘင်္ဂလားဒေ့ရှ်နိုင်ငံကမ်းခြေကို ဖြတ်ကျော်ဝင်ရောက်ခဲ့သော မုန်တိုင်းငယ် (Depression)၏ အကြွင်းအကျန်တိမ်တိုက်များကြောင့်လည်းကောင်း၊ ဘင်္ဂလားပင်လယ်အော် (ရခိုင်ကမ်းရိုးတန်းဒေသ)တွင် မုတ်သုံလေအားကောင်းရာမှ အားအလွန်ကောင်းနေခြင်းကြောင့်လည်းကောင်း နောက် ၇၂ နာရီအတွင်း ရခိုင်ပြည်နယ်တွင် မိုးဆက်လက်ကြီးနေမည်ဖြစ်သဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်ကို လည်းကောင်း၊ မြစ်ငယ်ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြစ်ရေ ရုတ်တရက်မြင့်တက်လာနိုင်ခြင်း၊ ကမ်းရိုးတန်းအနီးတွင် နေထိုင်ကြသူများအနေဖြင့် မိုးထစ်ချုန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်နိုင်ခြင်းတို့ကြောင့် ကြိုတင်သတိပြုနိုင်ပါရန် မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက အကြံပြုထားသည်။ **(ကြေးမုံ)**

# မြန်မာအသင်း မကာအိုကို အဝေးကွင်း၌ ဂိုးပြတ်အနိုင်ယူ

**မကာအို ဇွန် ၁၃**

အာရှဖလား တတိယအဆင့်ခြေစစ်ပွဲ အုပ်စုဒုတိယပွဲစဉ်များကို ယနေ့ညနေပိုင်းက ဆက်လက်ကျင်းပရာ မြန်မာအသင်းသည် မကာအိုအသင်းကို အဝေးကွင်း၌ လေးဂိုးပြတ်ဖြင့် အနိုင်ရခဲ့သည်။ ယခုပွဲမစမီ မြန်မာ့တပ်မတော်ပို့ဆောင်ရေး Y-8 လေယာဉ်ပျက်ကျရာတွင် အသက်ဆုံးရှုံးခဲ့သူများအတွက် ဝမ်းနည်းခြင်းအထိမ်းအမှတ် တစ်မိနစ်ငြိမ်သက်ခဲ့သည်။

မြန်မာအသင်းသည် အဖွင့်ပွဲတွင် အိန္ဒိယကို ရှုံးနိမ့်ထားသော်လည်း ယခုပွဲတွင် ဂိုးပြတ်အနိုင်ရခဲ့သောကြောင့် ခြေစစ်ပွဲအောင်မြင်ရေး မျှော်လင့်ချက်ရှိလာခဲ့သည်။ အာရှဖလားပြိုင်ပွဲနောက်ဆုံးအဆင့်တွင် ၁၉၆၈ ခုနှစ် တစ်ကြိမ်တည်း ယှဉ်ပြိုင်ဖူးပြီး ဒုတိယရရှိခဲ့ဖူးသည့် မြန်မာအသင်းသည် တစ်ကျော့ပြန်ယှဉ်ပြိုင်ခွင့်ရရန် ကြိုးပမ်းလျက်ရှိပြီး မကာအိုနှင့်နိုင်ပွဲမှာ အရေးပါခဲ့သည်။

မြန်မာအသင်းသည် အိန္ဒိယနှင့်ကစားခဲ့သည့် ပွဲထွက်လူစာရင်းကို အပြောင်းအလဲအချို့ ပြုလုပ်ခဲ့ပြီး ကျော်ကိုကို၊ အောင်သူ၊ ရန်နိုင်ဦး၊ စည်သူအောင်၊ ရန်အောင်ကျော်၊ တင်ဝင်းအောင်၊ သိန်းသန်းဝင်း၊ ဇော်မင်းထွန်း၊ ဝင်းမင်းထွန်း၊ ဒေးဗစ်ဒန်း၊ ကျော်ဇင်ထက် (ဂိုး)တို့ဖြင့် ပွဲထွက်ခဲ့သည်။

အိမ်ရှင်မကာအိုအသင်းသည် ပထမပိုင်းတွင် မြန်မာအသင်းကို အပြန်အလှန်ဖိကစားကာ ဂိုးပေါက်ခြိမ်းခြောက်မှုများ ပြုလုပ်နိုင်ခဲ့သော်လည်း ခံစစ်ပိုင်းအားနည်းမှုကြောင့် ဂိုးများဆက်တိုက်ပေးခဲ့ရခြင်းဖြစ်သည်။ မြန်မာအသင်းသည် ပွဲစကတည်းက တိုက်စစ်ဖွင့်ကစားခဲ့ပြီး သုံးမိနစ်တွင် စည်သူအောင်က အဝေးကန်ချက်ဖြင့် အဖွင့်ဂိုးရယူခဲ့သည်။ ဂိုးရပြီးနောက်ပိုင်းတွင် မြန်မာအသင်း စိတ်ကြိုက်ကစားနိုင်ခဲ့သလို မကာအိုအသင်း၏ထိုးဖောက်ဂိုးသွင်းမှုများကိုလည်း မြန်မာခံစစ်ပိုင်း ကာကွယ်ဖျက်ထုတ်နိုင်ခဲ့သည်။

**စာမျက်နှာ ၉ ကော်လံ ၃ သို့ ✪**



